# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily

၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၅ ရက်၊ တနင်္လာနေ့ အတွဲ (၆၃)၊ အမှတ်(၁၂၈)


## ဝီရိယကို မြဲမြံစွာအားထုတ်

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## မုဒုံမြို့နယ်ရှိ ဝင်းစိန်တောရဆရာတော်ကြီး၏ သက်တော် (၁၀၃)နှစ်မြောက် မွေးနေ့ပူဇော်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပ

မုဒုံ ဖေဖော်ဝါရီ ၄

မွန်ပြည်နယ် မုဒုံမြို့နယ် မြိုင်ကုန်းကျေးရွာရှိ ကမ္ဘာ့အကြီးဆုံး အတောင် ၄၀၀ ပြည့် လျောင်းတော်မူဘုရားကြီးတည် ဝင်းစိန်တောရကျောင်းတိုက် ကျေးဇူးတော်ရှင် အဘိဇဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကေသရ ဆရာတော်ကြီး၏ သက်တော် (၁၀၃)နှစ်မြောက် မွေးနေ့ပူဇော်ပွဲကို ယနေ့ နံနက် ၇ နာရီက စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

စာမျက်နှာ ၅ ကော်လံ ၅ ❖

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၅၂၇၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဖေဖော်ဝါရီ ၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခု အပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဖေဖော်ဝါရီ ၅ ရက်မှ ၁၂ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၅၂၇၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့်မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။ စာမျက်နှာ ၅ ကော်လံ ၁ ❍

## ယနေ့ ဖတ်စရာ


အာဖရိက အနောက်ကမ်းရိုးတန်းမှ ပင်လယ်ဓားပြများထံ ဓားစာခံအဖြစ် ဖမ်းဆီးခံခဲ့ရသည့် မြန်မာသင်္ဘောသား ရှစ်ဦး ပြန်လည်လွတ်မြောက် — ပြည်တွင်းသတင်း — စာ ၅

ကွန်ချက်ကို သင်ပေးပါ — ဆောင်းပါး — စာ ၁၀

ဟားမားစ်တို့ဖမ်းဆီးထားသည့် ဓားစာခံများပြန်လွှတ်ပေးရေး အစ္စရေးနိုင်ငံတစ်ဝန်း တောင်းဆို — နိုင်ငံတကာသတင်း — စာ ၁၃

နွေစပါးစိုက်ပျိုး ဝင်ငွေတိုး သုံးမြို့နယ် နွေစပါး အားမာန်သစ်များ — ဆောင်းပါး — စာ ၂၀


## ဇန်နဝါရီလအတွင်း ကိုရီးယားနိုင်ငံသို့ EPS စနစ်ဖြင့် မြန်မာလုပ်သား ၃၀၀ ကျော်စေလွှတ်

ရန်ကုန် ဖေဖော်ဝါရီ ၄

ဇန်နဝါရီလအတွင်း ကိုရီးယားသမ္မတနိုင်ငံသို့ အစိုးရပြည်ပအလုပ်အကိုင် အေဂျင်စီ (POEA) မှတစ်ဆင့် EPS စနစ်ဖြင့် မြန်မာလုပ်သား ၃၀၀ ကျော်စေလွှတ်ခဲ့ကြောင်း ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးရှိ စာရင်းများအရ သိရသည်။

ကိုရီးယားသမ္မတ နိုင်ငံသို့ အစိုးရပြည်ပ အလုပ်အကိုင် အေဂျင်စီမှတစ်ဆင့် EPS စနစ်ဖြင့် စေလွှတ်သော ကုန်ထုတ်လုပ်သားသစ် ၁၅၁ ဦးကို ဇန်နဝါရီ ၁၀ ရက်တွင် စေလွှတ်ခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ ◆



မြန်မာ့အလင်း

# စည်းလုံးညီညွတ်သည့် ပြည်ထောင်စုအဖြစ် ထာဝရရှင်သန်ရပ်တည်

မြန်မာနိုင်ငံသည် နယ်နိမိတ်အကျယ်အဝန်းအားဖြင့် အရှေ့တောင်အာရှနိုင်ငံများတွင် ဒုတိယအကြီးဆုံးနိုင်ငံဖြစ်သည်။ အာရှတိုက်ပင်မကုန်းမြေကြီးတွင် တည်ရှိနေသည့် အရှေ့တောင်အာရှနိုင်ငံများနှင့် နှိုင်းယှဉ်လျှင်မူ အကြီးဆုံးနိုင်ငံဖြစ်သည်။ သို့ရာတွင် ကမ္ဘာ့နိုင်ငံများနှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံသည် နိုင်ငံငယ်တစ်ခုမျှသာ။ ကမ္ဘာ့မြေပုံပေါ်တွင် သေးငယ်လှစွာသော နိုင်ငံလေးတစ်နိုင်ငံအနေဖြင့် ပြည်တွင်းအင်အားဖြစ်သည့် နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အား၊ ကာကွယ်ရေးအင်အားတို့ကို အခိုင်အမာတည်ဆောက်၍ နိုင်ငံထာဝရတည်တံ့စေရန် မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် ကြိုးပမ်းနေဖို့လိုသည်။

နိုင်ငံဆိုသည်မှာ အသက်ဇီဝရှင်သန်နေသည့် သဘောသဘာဝမျိုးရှိနေပြီး မိမိကဲ့သို့ပင် ရှင်သန်ရပ်တည်နေသည့် အခြားနိုင်ငံများနှင့်အတူ ရုန်းကန်ယှဉ်ပြိုင်နေကြရခြင်းဖြစ်သည်။ သစ်တောထဲမှ သစ်ပင်ကြီးငယ်များသဖွယ်ပင် မြေဆီလွှာမှ အာဟာရဓာတ်တို့ကို အမြစ်မှစုပ်ယူ၍ အထက်သို့ အပြိုင်းအရိုင်းတက်ကြရာတွင် သစ်ပင်ကြီးများ၏ လောင်းရိပ်မှလွတ်မြောက်ပါက ကြီးထွားသန်မာနိုင်ကြပြီး လောင်းရိပ်မိသောအပင်တို့မှာ သေးကွေးကြုံလှီကြရသည်။ ကမ္ဘာ့အလယ်တွင် ရပ်တည်သောနိုင်ငံတိုင်း အင်အားတောင့်တင်းခိုင်မာအောင် တည်ဆောက်ကြရာတွင် အချို့အင်အားကြီးမားသည့်နိုင်ငံများ (Strong States) ဖြစ်လာကြသော်လည်း အကြောင်းအမျိုးမျိုးကြောင့် အချို့မှာ အားနည်းသည့်နိုင်ငံများ (Weak States) ဖြစ်သွားကြပြီး အချို့အရေးနိမ့်သည့်နိုင်ငံများ (Failed States)ဖြစ်သွားကြသည်။ နိုင်ငံအချို့ ပြိုလဲသည့်နိုင်ငံများ (Collapsed States) အဖြစ် ရောက်ရှိသွားသည်ကိုလည်း ကမ္ဘာ့မြင်ကွင်း၌ တွေ့မြင်နိုင်သည်။ ကိုလိုနီလက်အောက်ခံဘဝ ကျရောက်ခဲ့သည့်နိုင်ငံတိုင်း မိမိတို့၏အင်အားကို ခက်ခက်ခဲခဲဆယ်စုနှစ်များစွာ တည်ဆောက်ကြရပြီး အောင်မြင်မှုမရသည့်နိုင်ငံတို့မှာ အားနည်းသည့်နိုင်ငံအဆင့်မှသည် တဖြည်းဖြည်းနှင့် ပြိုလဲသည့်နိုင်ငံအဆင့်သို့ ရောက်ရှိသွားတတ်ကြသည်။

နိုင်ငံရေးပညာရှင်များ၏အဆိုအမိန့်အရ မတူညီသည့်လူမျိုးရေး၊ နိုင်ငံရေး၊ ဘာသာရေးအုပ်စုကွဲများအကြား common sense of citizenship တည်ဆောက်မှုမပြုနိုင်ပါက ပဋိပက္ခများဖြစ်ပွားလာပြီး အရေးနိမ့်၊ ပြိုလဲသည့်နိုင်ငံအဖြစ် ရောက်ရှိသွားနိုင်သည်ဟုဆိုသည်။ နိုင်ငံအတွင်းမှီတင်းနေထိုင်ကြသည့် နိုင်ငံသူ နိုင်ငံသား ပြည်သူများအတွင်း တစ်ခုတည်းသော national identity ကို အားလုံးကလက်ခံထားကြရန်လိုအပ်ပြီး ဘာသာစကား၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ ဘာသာအယူဝါဒ မတူညီသည့်အုပ်စုကွဲများအကြား အတူတကွ ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ကြရန်လိုသည်။ ဆင်းရဲချမ်းသာကွာဟမှုကြီးမားခြင်း၊ စီးပွားရေးနှင့် နိုင်ငံရေးလုပ်ပိုင်ခွင့်အာဏာတို့တွင် ညီမျှစွာခွဲဝေမှုမရှိဘဲ လက်ဝါးကြီးအုပ်မှုများဖြစ်ပေါ်နေခြင်းစသည်တို့ကလည်း နိုင်ငံရေးမတည်ငြိမ်မှုနှင့် လက်နက်ကိုင်ပဋိပက္ခတို့ကို ဖြစ်ပေါ်စေသည်ဟု ဆိုသည်။

မျက်မှောက်ကာလ ကမ္ဘာတွင် ဖြစ်ပေါ်နေသည့် အပြောင်းအလဲများနှင့် မိမိတို့ပြည်တွင်း၌ ဖြစ်ပေါ်နေသည့်အခြေအနေအရပ်ရပ်တို့က နိုင်ငံအတွက် အန္တရာယ်ကြီးမားသည်။ စည်းလုံးညီညွတ်မှု ပြိုကွဲပြီး လွဲမှားသည့်အယူအဆ၊ ကိုယ်ကျိုးအတ္တများဖြင့် လက်နက်စွဲကိုင်ကာ အပြန်ပြန်အလှန်လှန်တိုက်ခိုက်နေကြရင်း လဲပြိုသည့်နိုင်ငံအဖြစ် အားလုံးစုံးစုံးမြုပ်သည့်ဘဝသို့ ရောက်ရှိသွားနိုင်သည်။ ယင်းအဖြစ်သို့ ရောက်ရှိမသွားစေရန်အတွက် တစ်ခုတည်းသောအရာမှာ ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်သည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား ရာစုနှစ်ပေါင်းများစွာကပင် ဖြစ်တည်ခဲ့ပြီးဖြစ်သည့် သံယောဇဉ်တရားနှင့် ချစ်ခင်ရင်းနှီးမှုတို့ကို ဖြိုခွဲဖျက်ဆီးလျက်ရှိသည့် အဖျက်အင်အားစုတို့၏ လူမျိုးရေးမုန်းတီးစေရန် ဖန်တီးမှု၊ သွေးခွဲရန်တိုက်မှု၊ ကျဉ်းမြောင်းသည့်လူမျိုးရေး အယူဝါဒများ သွတ်သွင်းမှုတို့ကို သတိပြုတွန်းလှန်ကြရန်လိုသည်။ အပြုနှင့် အဖျက်တို့မှ ဖြစ်ပေါ်လာမည့် ဣဋ္ဌာရုံနှင့် အနိဋ္ဌာရုံတို့ကို ဉာဏ်မျက်စိဖြင့် ကြည့်ရှုဆင်ခြင် တွေ့မြင်နိုင်ကြရန်လည်း လိုသည်။

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်ရန်မှာ ငါတကော ကောမှုများ၊ သွေးကွဲမှုများ၊ ပိုင်းခြားမှုများ၊ အမုန်းတရားအာဃာတများနှင့် တည်ဆောက်၍ မရနိုင်ဘဲ ချစ်ခင်မှု၊ လေးစားမှု၊ ရိုင်းပင်းကူညီမှု၊ စည်းလုံးညီညွတ်မှု၊ စုပေါင်းဆောင်ရွက်မှုတို့ဖြင့်သာ ကြိုးပမ်းတည်ဆောက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

**ညီညွတ်မှုဖြင့် ရှေ့သို့ချီ ပြည်ထောင်စုရဲ့ ပန်းတိုင်ဆီ။**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၄**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ




## ၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူ အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၃) တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေး။

## အက်ပလီကေးရှင်းသုံးပြီး မိုဘိုင်းဖုန်းဖြင့် စကင်ဖတ်ကာ ပေးချေနိုင်မည့် YPS QR Code ကို YBS ယာဉ်လိုင်း ၅၀ ကျော်တွင် အသုံးပြုနိုင်ပြီ

**ရန်ကုန် ဖေဖော်ဝါရီ ၄**

အက်ပလီကေးရှင်းသုံးပြီး မိုဘိုင်းဖုန်းဖြင့် QR ကုတ်ကို စကင်ဖတ်ကာ ငွေပေးချေနိုင်မည့်စနစ်ကို YBS ယာဉ်လိုင်း ၅၀ ကျော်တွင် အသုံးပြုနိုင်ပြီဖြစ်ကြောင်း Yangon Payment Service–YPS မှ သိရသည်။

ရန်ကုန်မြို့တွင်း ပြေးဆွဲလျက်ရှိသည့် YBS ဘတ်စ်ကားများတွင် မိုဘိုင်းအက်ပလီကေးရှင်း အသုံးပြုကာ QR ကုတ်ကို စကင်ဖတ်ပြီး ယာဉ်စီးခပေးချေနိုင်မည့် MPyps+ Application မိတ်ဆက်ပွဲအခမ်းအနားကို ဇန်နဝါရီ ၈ ရက်က ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ YRTC ၌ ကျင်းပပြုလုပ်သည်။

ယင်းကဲ့သို့ ပြုလုပ်ပြီး ဇန်နဝါရီ ၁၁ ရက်က YBS ယာဉ်လိုင်းအချို့တွင် YPS QR Code အသုံးပြုနိုင်ပြီဖြစ်ကြောင်း Yangon Payment Service_YPS အသိပေးခဲ့ပြီးနောက် ယခုလက်ရှိအသုံးပြုနိုင်သည့် YBS ယာဉ်လိုင်းနံပါတ်များမှာ YBS–13,55,57,63, 42,65, 22,64,111,133,134,84,130,135, 142,39,136,138,139,21,80,81, 131,27,66,76,79,85,132,12,14, 25,30,38,117,128, 19,100,103, 35,40,61,68,137,62,87,88, 108, 37,43,96,104,109,72 နှင့် 89 ယာဉ်လိုင်းတို့ဖြစ်ကြောင်း သိရသည်။

YPS QR Code ကို အသုံးပြုရန်အတွက် MPyps + Application (Android Version) ကို Download ပြုလုပ်ရန်လိုအပ်ပြီး Google Playstore နှင့် Huawei AppGallery မှတစ်ဆင့် Download နိုင်သကဲ့သို့ အသုံးပြုနိုင်သည့် ယာဉ်လိုင်းများတွင်လည်း အက်ပလီကေးရှင်းကို စကင်ဖတ်ကာ Download ပြုလုပ်နိုင်ရန် QR Code Sticker များကို ကပ်ပေးထားပြီးဖြစ်သောကြောင့် MPyps+ Application ကို ရယူသုံးစွဲနိုင်ပြီဖြစ်ကြောင်း အသိပေးထားသည်။

ထို့အပြင် YPS card Services များနှင့် YPS QR Code Top Up Service ဝန်ဆောင်မှုများကို YPS Card အရောင်းကောင်တာများ (KIOSK)၊ အရောင်းဝန်ထမ်းများ၊ G & G Convenience Store များ၊ မင်္ဂလာအဆင့်မြင့် ရုပ်ရှင်ရုံများ၊ Capital အဆင့်မြင့်ကုန်တိုက်များနှင့် Wellington Pharmacy များတွင် အလွယ်တကူ ရယူနိုင်ကြောင်း သိရသည်။

YPS QR Code နှင့် ပတ်သက်သည့် အကြောင်းအရာများကို Page တွင် တင်ထားသော Post များမှတစ်ဆင့် သိရှိနိုင်ပြီး အသေးစိတ်သိရှိလိုပါက Page Messenger မှတစ်ဆင့် စုံစမ်းမေးမြန်းနိုင်သကဲ့သို့ Call Center Phone Number : (Hotline နံပါတ်) 09969990905 သို့ တနင်္လာနေ့မှ သောကြာနေ့အထိ ရုံးချိန် နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ဆက်သွယ် စုံစမ်းနိုင်ကြောင်းလည်း အသိပေးထားသည်။ **MT**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများနှင့် ထူးချွန်ဆုရဝန်ထမ်းများအား ကြိုဆိုဂုဏ်ပြုပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၄**
ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၃၃) နှစ်မြောက် နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးများနှင့် ထူးချွန်ဆုရရှိသူ ဝန်ထမ်းများအား ကြိုဆိုဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။(**ယာပုံ**)

**ကျေပွန်စွာထမ်းဆောင်နေ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဦးစီးမှူးများနှင့် သင်တန်းများ၊ ပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိခဲ့ကြသည့် ဝန်ထမ်းများအား ယခုကဲ့သို့ တွေ့ဆုံအားပေးခွင့် ရရှိခဲ့သည့်အတွက် လွန်စွာဝမ်းမြောက်မိပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များကို တာဝန်ကျနယ်မြေအသီးသီးတွင် ကျေပွန်စွာ ထမ်းဆောင်နေကြသည့်အတွက် အားရကျေနပ်မိပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များသည် သာမန်အားဖြင့် ပိတ်ရက်/ နားရက်မရှိဘဲ ပြည်သူများကို အကျိုးပြုရသည့် ဌာနတစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် ဝန်ထမ်းများ စိတ်ဓာတ်နှင့် စေတနာကောင်းမွန်အောင် ပြုကျင့်ဆောင်ရွက်ပေးကြစေလိုကြောင်း။

**ထောက်ပံ့ငွေများပေးအပ်**

နိုင်ငံတော် ဝန်ကြီးချုပ်က နယ်စပ်ဒေသများရှိ ဝန်ထမ်းများနှင့် အမြဲမပြတ်ထိတွေ့၍ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လမ်းညွှန်ထားပါကြောင်း၊ မိမိတို့ကျရာ နေရာများတွင် နိုင်ငံတော် အစိုးရ၏ ဦးတည်ချက်၊ ရည်မှန်းချက်များ အောင်မြင်စေရန် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ် ဆောင်ရွက်ပေးကြရန် လိုပါကြောင်း၊ အထူးသဖြင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် သတင်းတု/ သတင်းမှားများ တိုက်ဖျက်ရေးလုပ်ငန်းများကို ပြည်သူများ ပူးပေါင်းဆောင်ရွက်စေရန် မီဒီယာနည်းလမ်းများဖြင့် စည်းရုံး ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားပြီး နယ်စပ်ဒေသ အသီးသီးရှိ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများပေးအပ်ကာ ညစာအတူတကွ သုံးဆောင်ခဲ့ကြသည်။



**သတင်းစဉ်**

# ဒုတိယအကြိမ် မူးယစ်ဆေးဝါးဆိုင်ရာ အာဆီယံအဆင့်မြင့်အရာရှိကြီးများ၏ တာဝန်ခံများအတွက် အာဆီယံစီမံချက်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၄**
ဒုတိယအကြိမ် မူးယစ်ဆေးဝါးဆိုင်ရာ အာဆီယံအဆင့်မြင့် အရာရှိကြီးများ၏ တာဝန်ခံများအတွက် အာဆီယံစီမံချက်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအား မြန်မာနိုင်ငံမှ အာဆီယံ အတွင်းရေးမှူးရုံးနှင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းတွင် နေပြည်တော် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ အွန်လိုင်းစနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့သည်။(**အပေါ်ယာပုံ**)





အလုပ်ရုံ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်က ယနေ့ကမ္ဘာ့နိုင်ငံအများစုတွင် ရင်ဆိုင်ကြုံတွေ့နေရသည့်မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းဆောင်ရွက်ရာတွင် တစ်နိုင်ငံတည်း၏ စွမ်းအားဖြင့် ဆောင်ရွက်၍ မရဘဲ နိုင်ငံအားလုံး အတူတကွ ပူးပေါင်းဆောင်ရွက်မှုသည်အရေးကြီးသည့် အခန်းကဏ္ဍတစ်ခုဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် ဆွေးနွေးပွဲသည် တရားမဝင်မူးယစ်ဆေးဝါးများကြောင့် ဖြစ်ပေါ်လာသော စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် ပူးပေါင်းဆောင်ရွက်မှု စွမ်းအားများကို ခိုင်မာလာစေနိုင်သည့်အပြင် ဒေသတွင်း မူးယစ်ဆေးဝါး တိုက်ဖျက်ရေး လုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးနှင့် ဘေးကင်းလုံခြုံသော လူမှုအဖွဲ့အစည်းဖြစ်စေရေး မူးယစ်ဆေးဝါးဆန့်ကျင်ရေး အာဆီယံလုပ်ငန်းစီမံချက် (၂၀၁၆–၂၀၂၅)ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း အထောက်အပံ့ကောင်းတစ်ရပ်ဖြစ်စေမည်ဟုယုံကြည်ပါကြောင်း၊ အာဆီယံဒေသအတွင်း တရားမဝင် မူးယစ်ဆေးဝါး တိုက်ဖျက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အာဆီယံစီမံချက်များ ဖွံ့ဖြိုးတိုးတက်ရေး အခန်းကဏ္ဍသည် အလွန်အရေးကြီးပါကြောင်း၊ ဒေသတွင်းနိုင်ငံများအနေဖြင့် တက်ကြွစွာ ဆက်လက် ပူးပေါင်းဆောင်ရွက်သွားရန်ကိုလည်း တိုက်တွန်းပါကြောင်း၊ ဒေသတွင်း ရင်ဆိုင်နေရသော မူးယစ်ဆေးဝါးအန္တရာယ်များနှင့် စိန်ခေါ်မှုအခက်အခဲများကို အတူတကွ ပူးပေါင်းရင်ဆိုင်ဖြေရှင်းနိုင်မည့် နည်းလမ်းများ ဖော်ထုတ်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ရဲမှူးကြီး မြင့်ထူး ဦးဆောင်သော ကိုယ်စားလှယ်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးရုံးနှင့် အာဆီယံဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် တရုတ်၊ အိန္ဒိယ၊ ကိုရီးယား၊ ရုရှားနိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး အာဆီယံစီမံချက်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ အကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

◆ *ရှေ့ဖုံးမှ*

ထို့နောက် အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ (POEA) မှတစ်ဆင့် EPS စနစ်ဖြင့် ကုန်ထုတ်လုပ်သားသစ် ၁၅၂ ဦးကို ဇန်နဝါရီ ၃၁ ရက်တွင် ထပ်မံစေလွှတ်ခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ယခုနှစ် ဇန်နဝါရီလအတွင်း ကိုရီးယားသမ္မတနိုင်ငံသို့ အလုပ်လုပ်ကိုင်ရန်အတွက် မြန်မာအလုပ်သမားစုစုပေါင်း ၃၀၃ ဦး စေလွှတ်ခဲ့ကြောင်း ဆိုးလ်မြို့ရှိ မြန်မာသံရုံး၏ ထုတ်ပြန်ထားသည့်စာရင်းအရ သိရသည်။

မြန်မာလုပ်သားများ ရန်ကုန်မြို့မှ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့ရာ မြန်မာသံရုံး ဆိုးလ်မြို့မှ အလုပ်သမားသံအရာရှိက ကြိုဆို၍ အလုပ်သမားများ သိရှိလိုက်နာသင့်သည့် အချက်များကို မှာကြားခဲ့ပြီး လိုအပ်သည်များ ကူညီပံ့ပိုးပေးခဲ့ကြောင်း သိရသည်။ **MT**

# ရွှေတောင်မြို့နယ် အခြေခံပညာ အလယ်တန်းကျောင်း ရေနံမြေ၌ လူငယ်စကားဝိုင်း ကျင်းပ

**ရွှေတောင် ဖေဖော်ဝါရီ ၄**
ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း ကျင်းပသော လူငယ်စကားဝိုင်းကို ဖေဖော်ဝါရီ ၁ ရက်က ရွှေတောင်မြို့နယ် အလက ရေနံမြေကျောင်းခန်းမ၌ ကျင်းပသည်။(**ယာပုံ**)

ရှေးဦးစွာ ရွှေတောင်မြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးရာဇာလင်းနှင့် လက်ထောက်မြို့နယ်ပညာရေး မှူး ဦးကိုကိုဦးတို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းသန့်က လူငယ်စကားဝိုင်းကျင်းပရခြင်း အကြောင်း ရှင်းလင်းပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သူဇာစိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နွေးဒါလီနိုင်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး အလက ရေနံမြေကျောင်းမှ မဆောင်းသဇင်ဖြူက လူငယ်နှင့် ပညာရေး၊ မခင်သော်ဇင်လတ်က လူငယ်နှင့်



ကျန်းမာရေး၊ မောင်ဘုန်းမြင့်ဦးက လူငယ်နှင့်အားကစား၊ မဆုအိမ်ခြွေအောင်က လူငယ်နှင့်ပရဟိတစိတ်ဓာတ်နှင့် မောင်ခန့်ကိုကိုက လူငယ်နှင့်အလှအပ စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးကြရာ ကျောင်းသား ကျောင်းသူများက ကဏ္ဍအလိုက် သိရှိလိုသည်များကို မေးမြန်းကြပြီး ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။ **ကိုကိုမင်း(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ပုသိမ်) အား ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၄

**အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်းနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။**(ယာပုံ)



ထိုသို့ ကြည့်ရှုစဉ် သင်တန်းကျောင်းတာဝန်ခံက သင်တန်းကျောင်း၏ လုပ်ငန်းအမျိုးအစားအလိုက် ကျွမ်းကျင်လုပ်သားများ စဉ်ဆက်မပြတ်မွေးထုတ်ပေးနိုင်ရန်နှင့် အမျိုးသားအဆင့် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ခြင်း ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ဖွင့်လှစ်ပို့ချနိုင်ရေးဆောင်ရွက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဧရာဝတီတိုင်းဒေသကြီးသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ(MSME) ပိုမိုဖြစ်ထွန်းသော ဒေသဖြစ်၍ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရန် MSME သင်တန်းများဖြစ်သည့် လယ်ယာသုံးစက်ကိရိယာများ အသုံးပြုနည်းနှင့် ပြုပြင်နည်းသင်တန်း၊ လယ်ယာသုံး ဓာတ်မြေဩဇာကို ဒေသထွက်ကုန်ကြမ်းများနှင့် အချိုးအစားမှန်ကန်စွာ ပြုလုပ်နည်းနှင့် စနစ်တကျအသုံးပြုနည်းသင်တန်း၊ ပုသိမ်ထီး အကြမ်းပြုလုပ်ခြင်းသင်တန်းနှင့် ပုသိမ်ထီး ဆေးခြယ်ရေးသင်တန်းတို့ကို သက်ဆိုင်ရာဌာနများ၊ MSME လုပ်ငန်းရှင်များနှင့် အသင်းအဖွဲ့များ ပူးပေါင်း၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ဖွင့်လှစ်ပို့ချနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းကျောင်းအနေဖြင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် ခြောက်လတွင် လျှပ်စစ်နှင့်ဂဟေ သင်တန်းတွင် သင်တန်းသား ၈၀၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် လျှပ်စစ်နှင့်လေအေးပေးစက်တပ်ဆင်ပြုပြင်သင်တန်းတို့တွင် သင်တန်းသား ၁၀၀ မွေးထုတ်ခဲ့ပြီး ယခု ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် လျှပ်စစ်နှင့် လေအေးပေးစက်တပ်ဆင်ပြုပြင်သင်တန်းတို့တွင် သင်တန်းသား ၁၀၀ သင်တန်းပို့ချခဲ့ကြောင်းနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ခြင်းအနေဖြင့် လျှပ်စစ် အလုပ်အကိုင်ကျွမ်းကျင်မှုအဆင့် (၁)နှင့် (၂)၊ အုတ်စီ အလုပ်အကိုင်နှင့် လက်သမား အလုပ်အကိုင်တို့အတွက် ကျွမ်းကျင်မှုစစ်ဆေး အကဲဖြတ်ရေးဌာနများတည်ထောင်ကာ စစ်ဆေးအကဲဖြတ်ခြင်း ဆောင်ရွက်ခဲ့ရာ လျှပ်စစ်အလုပ်အကိုင် ကျွမ်းကျင်မှုအဆင့်(၁)အတွက် ၂၀၃ ဦး၊ အဆင့် (၂) အတွက် ၆၃ ဦး၊ လက်သမား ကျွမ်းကျင်မှု အဆင့်(၁)အတွက် ၂၁ ဦး၊ အုတ်စီကျွမ်းကျင်မှုအဆင့် (၁) အတွက် ၂၃ ဦး စစ်ဆေးနိုင်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီးနှင့် မြို့နယ်ရုံးများမှ အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံပြီး ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာနေထိုင်ရေး၊ တည်ဆဲဥပဒေများအား လေးစားလိုက်နာနိုင်ရေး၊ သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရအဖွဲ့မှ လုပ်ငန်းလိုအပ်ချက်အရ တာဝန်ပေးအပ်မှုကို ကျေပွန်စွာထမ်းဆောင်ကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများသည် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန တိုင်းဒေသကြီးရုံး၊ လူမှုဖူလုံရေးအဖွဲ့ တိုင်းဒေသကြီးရုံးနှင့် လူမှုဖူလုံရေးဆေးခန်း(ကျောက်ငူ)တို့အား လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဆောင်းသီးနှံများနှင့် ဆက်လက်စိုက်ပျိုးဆောင်ရွက်မည့် နွေသီးနှံများ အောင်မြင်ရေးဆွေးနွေး

**ကျောက်ဆည် ဖေဖော်ဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သားမြို့နယ်များနှင့် တံတားဦးမြို့နယ်များတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ဆောင်းသီးနှံများ (မြေပဲ၊ နှမ်း၊ နေကြာ)တွင် အထွက်နှုန်းတိုးတက်စေရေး အလေးထားကြိုးကြပ် ဆောင်ရွက်ကြရန်၊ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် သီးနှံစိုက်ဧကများ ပြည့်မီရေးနှင့် တစ်ဧကအထွက်နှုန်း တိုးတက်စေရေး နည်းလမ်းများကို ဆောင်ရွက်ကြရန် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတိုးမင်းက ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးများ၊ ဝန်ထမ်းများနှင့် ဖေဖော်ဝါရီ ၃ ရက်က စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးစဉ် ပြောကြားသည်။



ဆက်လက်ပြီး တိုင်းဒေသကြီး ဦးစီးမှူးက နွေသီးနှံများတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ (တိုင်းဒေသကြီးအစီအစဉ်)ဖြင့် ဆောင်ရွက်မည့် နွေစပါး၊ နွေနှမ်း၊ မိုးကြိုဝါ၊ မိုးကြိုပဲတီစိမ်းနှင့် မိုးကြိုနေကြာ ဧက ၄၉၀၀ အတွက် တောင်သူများအား ကွင်းဆင်းစည်းရုံးဆောင်ရွက်ကြရန်၊ စံပြကွက်အသွင် ဆောင်ရွက်ကြရန်၊ အထွက်နှုန်းတိုးတက်ရေးအတွက် ကြိုတင် စီစဉ်ထားကြရန်နှင့် သစ်စိမ်း မြေဩဇာများတိုးချဲ့စိုက်ပျိုးရန် စိုက်ပျိုးပညာရှင် ဝန်ထမ်းများက စိုက်ပျိုးရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။ **မောင်ကျော်ကြီး**

❖ ***ရွှေဖုံးမှ***

ရွှေဦးစွာ ကျောင်းဝင်းအတွင်း ရှင်ဥပဂုတ္တရုပ်တုတော်အနီးရှိ တည်ထားကိုးကွယ်မည့် မွေးနေ့စေတီတော်နှစ်ဆူ ထီးတော်တင်ခြင်း၊ ဆွမ်းဆောင်သစ်ဖွင့်ပွဲ ကျင်းပခြင်း၊ ကျေးဇူးတော်ရှင် ဝင်းစိန်ဆရာတော်ကြီးနှင့် သာသနာပြုပုဂ္ဂိုလ် ၃၄ ပါး၊ ၁၀ တောင် ၁၂ တောင် ဘိုးဘိုးတို့အား ပုဂ္ဂိုလ်ဆွမ်းဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ဆရာတော်အရှင်သောဟုလာထံမှ အလှူရှင်များနှင့် ဆွေ့ပရိသတ်အပေါင်းတို့က သီလတော်မြတ်ခံယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့သည်။

ယင်းနောက် နိဗ္ဗာန်စံကျောင်းတော်၌ ဝင်းစိန်ဆရာတော်ကြီး၏ ရုပ်ခန္ဓာကို သင်္ကန်းတော်မြတ်လဲ၍ ပင့်ကျောင်းဆရာတော်ကြီး ၁၂၀ တို့အား နေ့ဆွမ်း၊ နဝကမ္မအလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို တာဝန်ရှိသူများနှင့် အလှူရှင်များက ဆက်ကပ်ကြပြီး ရပ်ဝေးရပ်နီးဒေသခံပြည်သူများအား စတုဒိသာမဏ္ဍပ် ၃၀ ဖြင့် ထမင်းဟင်း၊ မုန့်ဟင်းခါး၊ ကြာဆံချက်၊ အအေးတို့ဖြင့် ကျွေးမွေးဧည့်ခံကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

○ ***ရွှေဖုံးမှ***

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



**စဉ့်ကိုင်မြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကြည်ဇော်ထိုက်နှင့်တပ်ဖွဲ့ဝင်များသည် ယမန်နေ့က စဉ့်ကိုင်မြို့နယ် မဲဇာကျေးရွာအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် တစ်အိမ်တက်ဆင်း စစ်ဆေးစဉ်။** မောင်စဉ့်(စဉ့်ကိုင်)

# အာဖရိက အနောက်ကမ်းရိုးတန်းမှ ပင်လယ်ဓားပြများထံ ဓားစာခံအဖြစ် ဖမ်းဆီးခံခဲ့ရသည့် မြန်မာသင်္ဘောသား ရှစ်ဦး ပြန်လည်လွတ်မြောက်

**ရန်ကုန် ဖေဖော်ဝါရီ ၄**

အာဖရိက အနောက်ကမ်းရိုးတန်း ပင်လယ်ဓားပြများထံ ဓားစာခံအဖြစ် ဖမ်းဆီးခံခဲ့ရသည့် မြန်မာသင်္ဘောသား ရှစ်ဦး ပြန်လည်လွတ်မြောက်လာခဲ့ပြီ ဖြစ်ကြောင်း မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများ အဖွဲ့ချုပ် (MSF) ဥက္ကဋ္ဌ ကပ္ပတိန် ဦးစိုးမင်းအောင်က ပြောသည်။

ယခုဖြစ်စဉ်မှာ ပြီးခဲ့သည့် တစ်လခန့်က အာဖရိကတိုက်၏ အနောက်ဘက် ကမ်းရိုးတန်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကာ သင်္ဘောအရာရှိ တစ်ဦးအပါအဝင် မြန်မာသင်္ဘောသား ရှစ်ဦးနှင့် အာဖရိကသင်္ဘောသား တစ်ဦးကို ဖမ်းဆီးသွားခဲ့ခြင်းဖြစ်ကာ ဇန်နဝါရီ ၃၀ ရက် နောက်ပိုင်းတွင် ပြန်လည်လွတ်မြောက်ခြင်း ဖြစ်သည်။

"ဒီသင်္ဘောက အနောက်ဘက် ကမ်းရိုးတန်းမှာ ဖြစ်တာ။ အများစုက အရှေ့ဘက် ကမ်းရိုးတန်းမှာ ဖြစ်ကြတာ။ ပင်လယ်ဓားပြက ဆိုမာလီယာကို အခြေစိုက်ပြီး လုပ်ကြတာ။ ဒါပေမယ့် အခုက အနောက်ဘက် ကမ်းရိုးတန်းမှာ ဖြစ်တာ။ အဲဒီသင်္ဘောကအနောက်ကမ်းရိုးတန်းမှာ ပုံမှန်သွားနေတဲ့ သင်္ဘောပါ။ မြန်မာတော်တော်များများ ပါတဲ့ သင်္ဘောပေါ့။ သင်္ဘောပေါ် ဓားပြတက်စီးပြီး ကိုးယောက်ကို လူပဲခေါ်သွားတယ်။ သင်္ဘောက ကုန်ပါပေမယ့် ယူဖို့ အဆင်မပြေဘူး" ဟု ကပ္ပတိန် ဦးစိုးမင်းအောင်က ဆိုသည်။

ဖမ်းဆီးပြီးနောက် ငွေညှစ်ခဲ့ရာတွင် သင်္ဘောကုမ္ပဏီနှင့် အပေးအယူ အဆင်ပြေကာ ပြန်လည်လွတ်မြောက်လာခဲ့ခြင်း ဖြစ်ကြောင်းလည်း ၎င်းက ဆိုသည်။

"ဒီဟာကတော့ အာဖရိကတိုက် အနောက်ဘက် ကမ်းခြေဆိုတော့ ဆိုမာလီယာနဲ့ မတူဘူး။ ကျွန်တော်တို့ ခန့်မှန်းကြည့်တာက များသောအားဖြင့် ပင်လယ်ဓားပြဖြစ်လေ့ဖြစ်ထ ရှိတာက နိုင်ဂျီးရီးယားတို့၊ ဆီယာလီယွန်တို့ နိုင်ငံရေး စီးပွားရေး မတည်ငြိမ်တဲ့ နိုင်ငံတွေက လုပ်တာ ဖြစ်နိုင်တယ်" ဟု ၎င်းက ဆိုသည်။

ပြီးခဲ့သည့် လပိုင်းကလည်း ဆိုမာလီယာ ပင်လယ်ဓားပြများလက်တွင်းသို့ မြန်မာသင်္ဘောသားများ ဖမ်းဆီးခံခဲ့ရသည့် ဖြစ်စဉ် ဖြစ်ပွားခဲ့ပြီး အထက်ပါဖြစ်စဉ်နှင့် ပတ်သက်၍ ဖမ်းဆီးခံရသူများ လွတ်မြောက်ရေးအတွက် သင်္ဘောကုမ္ပဏီ တာဝန်ရှိသူများနှင့် ပင်လယ်ဓားပြများအကြား ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ထက်ဦးမောင်**

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ကျောင်းထိုင်ဘုန်းတော်ကြီး သင်တန်းကျောင်းနှင့် စာသင်တိုက်တို့မှ သံဃာတော်များ၊ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင်နှင့် တောင်ငူခရိုင်တို့မှ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညို



**နေပြည်တော် ဖေဖော်ဝါရီ ၄**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ကျောင်းထိုင်ဘုန်းတော်ကြီး သင်တန်းကျောင်းနှင့် စာသင်တိုက်တို့မှ သံဃာတော်များ၊ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင်နှင့် တောင်ငူခရိုင်တို့မှ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများသည် ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓ ရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိ ထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ကျောက်စာတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာအခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် ဘုရားဖူးလာအဖွဲ့တို့က ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြပြီး ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့မှုနှင့် ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ်ရှင်းလင်း ပြောကြားပေးမှုအပေါ် ကျေးဇူးတင်စကားများ ပြောကြားကြသည်။

ယင်းနောက် ဘုရားကြီးဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဘုရားဂေါပကအဖွဲ့တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ဘုရားဖူးလာ အဖွဲ့တို့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များနှင့် အခြားသာသနိကအဆောက်အဦများကို ဆက်လက်ဖူးမြော်လေ့လာကြည်ညိုကြသည်။

အလားတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူဘုရားဖူးပြည်သူများလည်း လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြကြောင်း သိရှိရသည်။



ဘုရားကြီးဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဘုရားဂေါပကအဖွဲ့ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

ယနေ့တွင် လာရောက်ဖူးမြော်ကြသည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ကျောင်းထိုင်ဘုန်းတော်ကြီး သင်တန်းကျောင်းနှင့် စာသင်တိုက်တို့မှ သံဃာတော်များ၊ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင်နှင့် တောင်ငူခရိုင်တို့မှ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ၏ စကားသံများကို ယခုလို ကြားသိရသည်–



ဘုန်းဘုန်းက မန္တလေးတိုင်းဒေသကြီးမှာရှိတဲ့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းက ကထိကဆရာတော်တစ်ပါးပါ။ ဘုရားဒါယကာကြီး အကြီးအကဲတို့ကနေပြီး ဘုန်းဘုန်းတို့ကို ဒီမာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကိုလည်း ထိန်းသိမ်းစောင့်ရှောက်ရင်း ဘုန်းဘုန်းတို့ကို ဒီမှာရွှေကျောင်းတော်ကြီးမှာ သီတင်းသုံးပြီးတော့ ကုသိုလ်ယူသာသနာပြုဖို့ လျှောက်ထားပါတယ်။ အဲဒီတော့ ဒီမှာ သီတင်းသုံးနေတဲ့ အခိုက်အတန့်မှာ ဘုန်းဘုန်းရဲ့သင်တန်းကျောင်းက သင်တန်းသားတွေကို ဘုန်းဘုန်းက လာရောက်ပြီး ဖူးစေချင်တယ်။ ရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ကြည်ညိုရင်းနဲ့ ဘုန်းဘုန်းကို ဖူးရင်းပေါ့။ သူတို့လည်း ဘုန်းဘုန်းတို့ ရှိတုန်း၊ ဖူးမြော်ခွင့်ရတုန်း ဖူးမြော်ဖို့ဆိုပြီး အခုလို စီစဉ်ဆောင်ရွက်ခဲ့တာပါ။ ဒီအတွက် အလွန်ဝမ်းမြောက်ဝမ်းသာရှိပါတယ်။ ကမ္ဘာပေါ်မှာလည်း အကြီးဆုံး၊ မြန်မာမှာလည်းအကြီးဆုံး အံ့သြဖွယ်ရာ ရုပ်ပွားတော်ကြီးဖြစ်တဲ့အတွက် ဘုန်းဘုန်းတို့ရဲ့ ဒါယကာ၊ ဒါယိကာမတွေလည်း ဒီလိုပဲ အံ့သြဖွယ်၊ ကြည်ညိုဖွယ် မြန်မာပြည်မှာ သက်တော်ထင်ရှားမြတ်စွာဘုရားတစ်ဆူကြွလာပြီး သီတင်းသုံးနေတယ်လို့ ဘုန်းဘုန်းတို့ အာရုံပြုကြည်ညိုကြတာဖြစ်ပါတယ်။ ဒါကြောင့် ရဟန်းသံဃာတော်တွေနဲ့ အများပြည်သူကိုလည်း ကြည်ညိုစေချင်တဲ့အတွက် အခုလို လာရောက်ဖူးမြော်နိုင်ဖို့ စီစဉ်ဆောင်ရွက်ပေးရတာ ဖြစ်ပါတယ်။ သူတော်စင်အပေါင်းတို့လည်း လာရောက်ပြီးတော့ စိတ်ချမ်းသာလက်ချမ်းသာ ဖူးမြော်နိုင်ပါတယ်။ အဲဒီလို ဖူးမြော်နိုင်ဖို့အတွက်လည်း ဒီမှာရှိတဲ့တာဝန်ရှိသူတွေက စီစဉ်ဆောင်ရွက်ပေးထားတဲ့အတွက် လာရောက်ပြီး ဖူးမြော်ကြည်ညိုကြဖို့ ဘုန်းဘုန်းအနေနဲ့ မိန့်ကြားအပ်ပါတယ်။



ဒီကနေ့ ကျွန်တော်တို့ ဖူးမြင်ရတဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးက ကျွန်တော့်အသက် အခု ၇၀ ကျော်ပါပြီ ဒီအချိန်အထိ တစ်ခါမှ ဒီလိုဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မဖူးတွေ့ရသေးပါဘူး။ ဒီရုပ်ပွားတော်မြတ်ကြီးက ကမ္ဘာပေါ်မှာရှိတဲ့ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တယ်လို့လည်း သိရပါတယ်။ လာရောက်ဖူးမြော် ကြည်ညိုကြတဲ့ ဘုရားဖူးပြည်သူတွေအားလုံးရဲ့ ရင်ထဲမှာလည်း ကြည်နူးပီတိတွေဖြစ်နေကြတာကို တွေ့ရပါတယ်။ နောက်တစ်ခုက ရင်ပြင်တော်ပေါ်မှာ တည်ဆောက်ထားတဲ့ သာသနိကအဆောက်အဦတွေ၊ မြန်မာမှု အနုပညာလက်ရာတွေ၊ ဗိသုကာပညာတွေက တကယ်ပဲ အံ့မခန်းပညာတွေနဲ့ တည်ဆောက်ထားတာကို တွေ့ရပါတယ်။ မြန်မာမှု၊ မြန်မာ့လက်ရာတွေနဲ့ အခုလို ပုံဖော်ဖန်တီးပြီးတော့ တည်ဆောက်ထားတဲ့အတွက် အံ့သြရသလို ဝမ်းသာဂုဏ်ယူ ဖြစ်မိပါတယ်။ နောင်အခါမှာလည်း ကျွန်တော်တို့လို မြန်မာနိုင်ငံမှာနေကြတဲ့ ပုဂ္ဂိုလ်တွေသာမက ကမ္ဘာ့နိုင်ငံအသီးသီးမှာရှိကြတဲ့ ဗုဒ္ဓဘာသာဝင်တွေက ဒီမာရဝိဇယရုပ်ပွားတော်မြတ်ကြီးကို တစ်ခါတစ်ခေါက်လောက်ဖြစ်ဖြစ် လာရောက်ဖူးမြော်ကြည်ညိုကြဖို့နဲ့ အသိပညာ၊ အတတ်ပညာတွေကို လေ့လာဖို့ပဲဖြစ်ဖြစ် လာရောက်ကြပါလို့ ကျွန်တော့်အနေနဲ့ ဖိတ်ခေါ်ချင်ပါတယ်။



ကျွန်တော်တို့ကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကူညီပေးမှု၊ မြို့နယ်မှာရှိတဲ့ တာဝန်ရှိပုဂ္ဂိုလ်တွေရဲ့ ကူညီပေးမှုတို့နဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ကြည်ညိုခွင့်ရတဲ့အတွက် အင်မတန်ကြည်နူးပြီး ရင်ထဲမှာလည်း တလှပ်လှပ်နဲ့ ခံစားရပါတယ်။ အနယ်နယ်အရပ်ရပ်က ပြည်သူတွေကိုလည်း မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို လာရောက်ဖူးမြော် ကြည်ညိုကြပါလို့ ဖိတ်ခေါ်လိုက်ရပါတယ် ခင်ဗျာ။

**သတင်းစဉ်**

## (ဒသမအကြိမ်) ရန်အောင်မြင်သာသနာလင်္ကာရ အကျော် စာတော်ပြန်ပွဲ ဂုဏ်ပြုပူဇော်ပွဲကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၄**

နေပြည်တော် ပရိယတ္တိ သာသနာလင်္ကာရအသင်းက ကြီးမှူးကျင်းပခဲ့သည့် (ဒသမအကြိမ်) ရန်အောင်မြင်သာသနာလင်္ကာရအကျော် စာတော်ပြန်ပွဲတွင် အောင်မြင်တော်မူခဲ့ကြသည့် သာမဏေများနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား အောင်လက်မှတ်ဆက်ကပ်ပူဇော်ခြင်းနှင့် ဆုနှင်းသဘင်အခမ်းအနားကို လာမည့်ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ရွှေလက်လှစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်းရှိ ရန်အောင်မြင်သာသနာလင်္ကာရဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအသင်းကကြီးမှူးကျင်းပခဲ့သည့်(ဒသမအကြိမ်) ရန်အောင်မြင်သာသနာလင်္ကာရအကျော်စာတော်ပြန်ပွဲကို ဇန်နဝါရီ ၂၂ ရက်မှ ၂၄ ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပခဲ့ရာ ပထမဆင့် အောင်မြင်တော်မူခဲ့ကြသည့် သာမဏေ ၂၂၃ ပါး၊ သီလရှင် ၆၄ ပါး၊ ဒုတိယဆင့်တွင် သာမဏေ ၁၁၆ ပါးနှင့် သီလရှင် ၁၈ ပါး၊ တတိယဆင့်တွင် သာမဏေ ၂၆ ပါးနှင့် သီလရှင် သုံးပါးတို့ ဖြေဆိုအောင်မြင်တော်မူခဲ့ကြပြီး အဆိုပါ ဆုနှင်းသဘင်အခမ်းအနားအတွက် စေတနာရှင်အလှူရှင်များအနေဖြင့် ဆုရ သာမဏေ၊ သီလရှင်များထံ ကိုယ်တိုင်တက်ရောက်လှူဒါန်းနိုင်ကြောင်းနှင့် လှူဒါန်းလိုပါက ဦးဉာဏ်လင်းမောင် (အတွင်းရေးမှူး) ရန်အောင်မြင်သာသနာလင်္ကာရအသင်း ဖုန်း- ၀၉ ၇၉၇၇၃၂၅၄၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ရန် အသိပေးကြညာထားကြောင်း သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**

## မင်္ဂလာဒုံမြို့နယ်အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း (အောင်ဆန်းသူရိယ လှသောင်းကျောင်း)၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရည်ချွန် ဘက်စုံထူးချွန်ဆုပေးပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း (အောင်ဆန်းသူရိယလှသောင်းကျောင်း)၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရည်ချွန် ဘက်စုံထူးချွန်ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းရှိ အောင်ဆန်းသူရိယ လှသောင်းကျောင်းခန်းမ၌ ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျောင်းသား ကျောင်းသူများ၏ သီဆိုကပြမှုများကို ကြည့်ရှု အားပေးကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဘက်စုံပညာရည်ချွန်ဆုရရှိသူများ၊ သင်္ချာစွမ်းရည်နှင့် အင်္ဂလိပ်စာစွမ်းရည် (ဗဟိုအဆင့်) ဆုရရှိသူများ၊ ရန်ကုန်မြို့တော်မဟာသင်္ကြန်တွင် မြို့တော်ဝန်ဖလားဆုရ ကျောင်းသား ကျောင်းသူများ၊ ၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)၌ အတီးပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများ၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် KG တန်းမှ Grade-11 အထိ ဆုရရှိသော ကျောင်းသား ကျောင်းသူများ၊ မြို့နယ်/ခရိုင်/တိုင်းအဆင့် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများနှင့် ခွင့်ပျက်ရက်မရှိ ကျောင်းတက်ရက်မှန် ဆုရရှိသော ဆရာ ဆရာမများအား ဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**သတင်းစဉ်**

## အထူးကုဆေးကုသရေးအဖွဲ့ ပြည်သူ့ဆေးရုံကြီး(မကွေးမြို့)သို့ ဒုတိယအကြိမ် ကွင်းဆင်းဆေးကုသမှုများဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ကျန်းမာရေးဝန်ကြီးဌာနသည် တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးစောင့်ရှောက်မှုကို မြှင့်တင်ဆောင်ရွက်ရာတွင် ပြည်သူများ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုကို လက်လှမ်းမီ ရရှိခြင်းဖြင့် ရောဂါကင်းဝေး၍ သက်တမ်းစေ့နေထိုင်နိုင်စေရေး သက်ဆိုင်ရာ ပါမောက္ခအထူးကုဆရာဝန်ကြီးများနှင့် တွေ့ဆုံ၍ လိုအပ်သောကုသမှုများ ရရှိနိုင်စေရန် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်မှ ပါမောက္ခ အထူးကုဆရာဝန်ကြီးများ ပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့များဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကွင်းဆင်းကုသမှုအစီအစဉ်များ ဆောင်ရွက်လျက်ရှိသည်။



၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်နှင့် ၄ ရက်တို့တွင် မန္တလေးပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀) နှင့် ခုတင် - ၅၅၀ ဆံ့ ကလေးဆေးရုံကြီး-မန္တလေးတို့မှ ပါမောက္ခ အထူးကုဆရာဝန်ကြီးများပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် မကွေးတိုင်းဒေသကြီး မကွေးမြို့သို့ ဒုတိယအကြိမ်အဖြစ် သွားရောက်၍ ပြည်သူ့ဆေးရုံကြီး (မကွေးမြို့) မှ ပါမောက္ခအထူးကုဆရာဝန်ကြီးများနှင့်အတူ ဒေသခံပြည်သူများအား ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ရာ အဆိုပါခရီးစဉ်အတွင်း နှလုံးဆေးကုသမှုဆိုင်ရာ လူနာ ၁၆၂ ဦး၊ အစာအိမ်အူလမ်းကြောင်းဆိုင်ရာလူနာ ၁၃၂ ဦး၊ ဦးနှောက်နှင့်အာရုံကြောဆေးကုသမှုဆိုင်ရာ လူနာ ၁၃၇ ဦး၊ ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုသမှုဆိုင်ရာလူနာ ၁၈ ဦး၊ အထွေထွေရောဂါ ဆေးပညာဆိုင်ရာလူနာ ၅၆၈ ဦး၊ ရင်ခေါင်းဆေးကုသမှုဆိုင်ရာ လူနာ ၆၁ ဦး၊ အသည်းရောဂါဆိုင်ရာလူနာ ၂၉ ဦး၊ ဆီးချိုနှင့် ဟော်မုန်းရောဂါဆိုင်ရာလူနာ ၂၀၀၊ ကလေးကင်ဆာရောဂါဆိုင်ရာလူနာ ရှစ်ဦး၊ ကလေးဦးနှောက်နှင့်အာရုံကြောလူနာ ၅၉ ဦး၊ အရိုးအကြောအဆစ်ရောဂါဆိုင်ရာလူနာ ၂၃၆ ဦး စုစုပေါင်း ဒေသခံပြည်သူ ၁၆၁၀ ကိုကြည့်ရှုကုသပေးနိုင်ခဲ့သည်။

လာရောက်ပြသသော လူနာများတွင် မကွေးမြို့ သာမက မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၁၉ မြို့နယ်မှ မြို့ပေါ်နှင့် ကျေးလက်နေပြည်သူများပါဝင်ပြီး ရောဂါရှာဖွေစမ်းသပ်မှုများအနေဖြင့် နှလုံးပုံရိပ်ဖော်စက်ဖြင့် ကြည့်ရှုခြင်း(Echocardiography) ၅၁ ဦး၊ အစာအိမ် မှန်ပြောင်းကြည့်ရှုခြင်း(OGD Scope) ၁၃ ဦး၊ အူမကြီးမှန်ပြောင်းကြည့်ရှုခြင်း (Colonoscope) တစ်ဦး၊ ကွန်ပျူတာဓာတ်မှန် (CT Scan) ရိုက်ကူးခြင်း ၃၅ ဦး၊ သံလိုက်ဓာတ်မှန် (MRI) ရိုက်ကူးခြင်း ငါးဦး၊ သွေးချိုဓာတ် (HbA1C)တိုင်းတာခြင်း ၁၆၂ ဦး၊ ဓာတ်မှန်ဖြင့် ရောဂါရှာဖွေခြင်း ၃၁၃ ဦး၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း ၁၁၃၃ ဦး၊ Ultrasound ရိုက်ကူးခြင်း ၁၂၈ ဦးနှင့် နှလုံးစက်ဖြင့် စစ်ဆေးခြင်း (ECG) ၃၉၁ ဦး၊ အဆုတ်အမြှေးပါးအတွင်းမှ အရည်များထုတ်၍ ဓာတ်ခွဲစမ်းသပ်ခြင်း နှစ်ဦးတို့ကို စမ်းသပ်စစ်ဆေးပေးနိုင်ခဲ့ပြီး နှလုံးရောဂါဆိုင်ရာ လူနာ ၂၅ ဦး၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ လူနာတစ်ဦး၊ အရိုးအကြောအဆစ်ရောဂါဆိုင်ရာ လူနာတစ်ဦး၊ ဦးနှောက်နှင့်အာရုံကြောဆေးကုသမှုဆိုင်ရာလူနာနှစ်ဦး၊ ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုသမှုဆိုင်ရာ လူနာခြောက်ဦး၊ ရင်ခေါင်းဆေးကုသမှုဆိုင်ရာ လူနာသုံးဦးတို့ကို လိုအပ်သော စစ်ဆေးကုသမှုများ ဆက်လက်ဆောင်ရွက်နိုင်ရန် မန္တလေးနှင့် နေပြည်တော်ရှိ သက်ဆိုင်ရာပြည်သူ့ဆေးရုံကြီးများသို့ လွှဲပြောင်းကုသမှုဆောင်ရွက်ပေးနိုင်ခဲ့သည်။

အထူးကုဆေးကုသရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ပါမောက္ခဒေါက်တာကျော်စိုးဝင်း၊ ပါမောက္ခ၊ ဌာနမှူး (နှလုံးဆေးကု)နှင့် မန္တလေးပြည်သူ့ဆေးရုံကြီး နှလုံးရောဂါဆေးကုဌာနမှ ဆရာဝန်၊ သူနာပြုများပါဝင်သော အဖွဲ့သည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် မကွေးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနရုံး၌ အခြေခံအသက်ကယ်ကုသမှုသင်တန်း (Basic Life Support Training)ကို ဆောင်ရွက်ခဲ့ရာ မကွေးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနအောက်ရှိ ပြည်သူ့ဆေးရုံများမှ ဆရာဝန်၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများ စုစုပေါင်း ၁၀၈ ဦး တက်ရောက်ခဲ့ကြပြီး ပြည်သူ့ဆေးရုံကြီး (မကွေးမြို့) မှ (ဆီးချိုနှင့်ဟော်မုန်း) ပါမောက္ခဒေါက်တာနီနီလှိုင်သည် ဆီးချိုသွေးချိုရောဂါအကြောင်း သိကောင်းစရာများကို လာရောက်ပြသသော လူနာများအား အသိပညာပေးဟောပြောခဲ့သည်။

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် အစိုးရအဖွဲ့ဝင်များသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်က လာရောက်ပြသကုသမှုခံယူကြသော လူနာများအား ကြည့်ရှုအားပေးပြီး ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများအား တွေ့ဆုံနှုတ်ဆက်၍ ကျေးဇူးတင်စကားပြောကြားကာ ဒေသထွက်လက်ဆောင်များ ပေးအပ်ခြင်း၊ ညစာအတူသုံးဆောင်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ရန်ကုန်၊ မန္တလေး၊ နေပြည်တော်မှ အထူးကုသမှုဆိုင်ရာ (Super specialty) ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများ၏ အထူးကုကွင်းဆင်းကုသရေးခရီးစဉ်များကို ၂၀၂၃ ခုနှစ်အတွင်း ၁၅ ကြိမ်၊ ၂၀၂၄ ခုနှစ်အတွင်း တောင်ကြီးမြို့၊ ပြည်မြို့၊ သံတွဲမြို့၊ ပုသိမ်မြို့၊ မော်လမြိုင်မြို့နှင့် ယခု မကွေးမြို့တို့၌ ဆောင်ရွက်ထားရှိပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## နတ်မောက်မြို့နယ်၌ ပဲစင်းငုံသီးနှံရာသီကုန်ချိန်အထိဈေးကောင်းရ၍ တောင်သူများအဆင်ပြေ



**နတ်မောက် ဖေဖော်ဝါရီ ၄**

ယခုနှစ်၌ ပဲစင်းငုံသီးနှံရာသီတွင် ဈေးနှုန်းကောင်းမွန်ပြီး အထွက်နှုန်း ကောင်းသည့်အတွက် နတ်မောက်မြို့နယ်အတွင်းရှိ ပဲစင်းငုံစိုက်တောင်သူများ အဆင်ပြေလျက်ရှိသည်။

ပဲစင်းငုံသီးနှံပေါ်ချိန်မှစ၍ ယခုလက်ရှိအချိန်ထိ ဈေးနှုန်းရကြသဖြင့် တောင်သူများအတွက် ယခင်နှစ်များနှင့် မတူဘဲ ဝင်ငွေရရှိကြကြောင်း သိရသည်။

"ဦးလေးတို့က မိုးရိုးဖလာတောင်သူတွေဆိုတော့ နှစ်စဉ်မပြတ်စိုက်ပျိုးကြပြီး ဈေးမကောင်းလည်း ရောင်းရတယ်၊ အခုလို ဈေးကောင်းရတော့လည်း အဆင်ပြေတာပေါ့။ အခုနှစ်က ပဲစင်းငုံဈေးကောင်းရတော့ တောင်သူတွေတော်တော်အသက်ရှူချောင်တယ် ပြောရမယ်။ အလှူအတန်းတွေလည်း လုပ်နိုင်ကြတယ်။ ရွှေတိုငွေစလေးတွေလည်း စုဆောင်းမိကြတယ်" ဟု နတ်မောက်မြို့နယ် ဖက်တောကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

ပဲစင်းငုံဈေးနှုန်းမှာ ရာသီကုန်ချိန်ရောက်သည်အထိ ဈေးနှုန်းပိုမိုကောင်းမွန်လျက်ရှိပြီး ယခုလက်ရှိတွင် နတ်မောက်မြို့နယ်ရှိ ပွဲရုံများက ပဲစင်းငုံတစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ ဝန်းကျင်ဖြင့်လည်းကောင်း၊ တစ်တင်းလျှင် ငွေကျပ်၁၂၀၀၀၀ နှုန်းဖြင့်လည်းကောင်း တောင်သူများထံမှ ဝယ်ယူ၍ ရန်ကုန်နှင့် မန္တလေးမြို့များရှိ ပွဲရုံများသို့ ပြန်လည်တင်ပို့ရောင်းချကြကြောင်း နတ်မောက်မြို့ရှိပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံများမှ သိရသည်။ **သိမ့်သိမ့်မိုး**

# အနုပညာလောကမှာ ကိုယ်ဝါသနာပါတဲ့အလုပ်ကို ယုံယုံကြည်ကြည်လုပ်မယ်ဆိုရင် စိတ်ရောကိုယ်ပါထည့်ပြီး ကြိုးစားအလုပ်လုပ်ပါ။ လူငယ်တွေအားလုံး ပိုပြီးတော်လာမှာပါ။ ဒီလိုပဲ လူငယ်တွေကို တော်စေချင်ပါတယ်။

အကယ်ဒမီ ဒါရိုက်တာပန်းချီစိုးမိုး


အကယ်ဒမီ ဒါရိုက်တာအောင်မြင့်မြတ်


အကယ်ဒမီ ဒါရိုက်တာပန်းချီစိုးမိုး


ဒါရိုက်တာတင်အောင်စိုး(ပန်းမြို့တော်)


အကယ်ဒမီ ရန်အောင်


အကယ်ဒမီဝင်းလွင်ထက်


ဒါရိုက်တာညီမင်းလွင်



သရုပ်ဆောင်နေဝင်း



အကယ်ဒမီစိုးမြတ်သူဇာ

၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက် ညနေပိုင်းက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ ယခင်နှစ်များနှင့်မတူ ခမ်းနားထည်ဝါစွာ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ တက်ရောက်လာကြသည့် အနုပညာရှင်၊ အတတ်ပညာရှင်များအနက်မှ ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ခံခဲ့ရသည့် အနုပညာရှင်၊ အတတ်ပညာရှင်များ၏ ရင်တွင်းပီတိစကားသံများကို ဖော်ပြလိုက်ပါသည်။

**အကယ်ဒမီ ဒါရိုက်တာအောင်မြင့်မြတ် (မြန်မာ့ရုပ်ရှင်တစ်သက်တာဆု)**

ဒီဆုက ရုပ်ရှင်လောကမှာ ရုပ်ရှင်သမားတိုင်းလိုချင်တဲ့ဆုပါ။ ဝမ်းလည်းဝမ်းသာတယ်၊ ဝမ်းလည်းဝမ်းနည်းတယ်။ ဝမ်းသာတယ်ဆိုတာက ဆုရလို့ပါ။ ဝမ်းနည်းတယ်ဆိုတာက ကျွန်တော့်ကို ဒီဆုရစေချင်တဲ့ဆရာတွေရှိတဲ့အချိန်က ဒီဆုကို ရအောင်ယူမပြနိုင်ခဲ့လို့ ဝမ်းနည်းတာပါ။ ကျွန်တော့်ရဲ့ ဆရာတွေမှာ သက်ရှိထင်ရှားရှိတာဆိုလို့ မောင်နှင်းမိုး တစ်ယောက်ပဲရှိပါတော့တယ်။ ကျန်တဲ့ဆရာတွေက အကုန်လုံး ဆုံးသွားပါပြီ။ သမိုင်းမှာတော့ ကျွန်တော့်ကို ခတ်ပုံသင်ပေးတဲ့ဆရာတွေ၊ တည်းဖြတ်သင်ပေးခဲ့တဲ့ဆရာ ဦးဖိုးဟန်အစရှိတဲ့ ဆရာတွေများစွာရှိပါတယ်။ ရုပ်ရှင်ရိုက်တဲ့နေရာမှာ အမည်ပေးတာကအစ သင်ပေးခဲ့တဲ့ဆရာ ဦးသုခဆိုရင် ကျွန်တော့်ကို တော်တော်လေးသင်ပေးခဲ့ပါတယ်။ ကျွန်တော်တို့ ကြီးပြင်းလာခဲ့တဲ့ ဘဝတွေမှာ ဆရာတွေက နောက်ကနေကြည့်ပြီးတော့ ကောင်းတယ်၊ မကောင်းဘူးဆိုပြီး အမြဲဆုံးမ သွန်သင်ပေးနေတဲ့အတွက် ကျွန်တော်တို့မှာ အားရှိခဲ့ပါတယ်။

**အကယ်ဒမီ ဒါရိုက်တာပန်းချီစိုးမိုး (မြန်မာ့ရုပ်ရှင်တစ်သက်တာဆု)**

နိုင်ငံတော်ကနေ မြန်မာ့ရုပ်ရှင်တစ်သက်တာဆုကို ချီးမြှင့်တဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်။ ဒါရိုက်တာလုပ်သက် နှစ်ပေါင်း ၅၆ နှစ်ရှိပါပြီ။ အခုလို သက်တမ်းရှည်စွာနဲ့ ရပ်တည်ပြီး ဒီနေ့အထိ ဇာတ်ကားတွေရိုက်၊ ပန်းချီတွေ ရေးဆွဲနေတုန်းပါ။ ဒီအတွက်လည်း ကျေနပ်တယ်။ အခုလို မြန်မာ့ရုပ်ရှင်တစ်သက်တာဆုကို ရရှိတာဟာ ကျွန်တော့်ရဲ့ ကြိုးစားမှုအတွက် ထိုက်တန်တယ်လို့ ခံယူပါတယ်။ အနုပညာလောကမှာ ကိုယ်ဝါသနာပါတဲ့အလုပ်ကို ယုံယုံကြည်ကြည်လုပ်မယ်ဆိုရင် ဒုက္ခနဲ့တွေ့ရင်လည်း ဒုက္ခကို သုခအဖြစ် ပြောင်းသွားမှာပါ။ မကြိုးစားရင် ဘာမှမဖြစ်ပါဘူး။ အလုပ်ကို လုပ်နေမယ်ဆိုရင် ဒုက္ခဆိုတာ ရှိလာမှာပါ။ အလုပ်လုပ်မယ်ဆိုရင် စိတ်ရောကိုယ်ပါ ထည့်ပြီး ကြိုးစားအလုပ်လုပ်ပါ။ အလုပ်လုပ်တဲ့အခါတွေ့ရတဲ့ ပင်ပန်းတာတွေ၊ ဒုက္ခတွေ၊ ကြိုးစားတာတွေဟာ ဂုဏ်ယူစရာလို့ သိလာတဲ့အချိန်ကစပြီး လူငယ်တွေအားလုံး ပိုပြီးတော်လာမှာပါ။ ဒီလိုပဲ လူငယ်တွေကို တော်စေချင်ပါတယ်။

**အကယ်ဒမီဝင်းလွင်ထက် (ရုပ်ရှင်ခတ်ပုံဆု)**

ကျွန်တော် ရုပ်ရှင်ခတ်ပုံဆုကို ကံကောင်းဇာတ်ကားနဲ့ ရရှိခဲ့တဲ့အတွက် ပိုပြီးပျော်ပါတယ်။ ဝမ်းလည်းဝမ်းသာပါတယ်။ ကျွန်တော်ရိုက်ခဲ့တဲ့ ရုပ်ရှင်ဇာတ်ကားတွေမှာ ကျွန်တော် ကျွမ်းကျင်ပြီး စိတ်အားထက်သန်တဲ့ Director of Photography အပိုင်းကို ပိုပြီးဂရုစိုက်ပါတယ်။ ကံကောင်းရုပ်ရှင်ဇာတ်ကားမှာဆိုရင် ဇာတ်ကားရဲ့ လိုအပ်ချက်အတိုင်း Director of Photography အပိုင်းမှာ ဘောင်ထဲကနေ ဘယ်လောက်ထိ ပြလို့ရနိုင်တယ်ဆိုတာကို ဘက်ပေါင်းစုံကနေ အတတ်နိုင်ဆုံးကြိုးစားပြီး ရိုက်ခဲ့ပါတယ်။ ဒီဇာတ်ကားမှာပါတဲ့ အနုပညာရှင်၊ အတတ်ပညာရှင်တွေအားလုံးက သူ့အပိုင်းနဲ့သူ အကောင်းဆုံးကြိုးစားထားတယ်။ ဇာတ်ကားရိုက်ပြီးတဲ့ အချိန်မှာလည်း ကျေနပ်အားရမှုရှိခဲ့တယ်။ အခုလို အသိအမှတ်ပြုပြီး ချီးမြှင့်ခံရတဲ့အတွက် လုပ်ရတာပိုအားရှိပါတယ်။ နောက်ထပ်ဆက်လုပ်ရမယ့် အလုပ်တွေအတွက်လည်း Motivation တွေရလာတယ်လို့လည်း ခံစားရပါတယ်။ ကံကောင်းရုပ်ရှင်ဇာတ်ကားကို ရုံတင်တဲ့အခါမှာ အားပေးကြတယ်။ အကယ်ဒမီပွဲ နီးလာတဲ့အခါမှာလည်း ကံကောင်းကို Voting လုပ်ပေးကြတဲ့ ပရိသတ်တွေကို ကံကောင်းအဖွဲ့ကိုယ်စား ကျွန်တော်က အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒါရိုက်တာညီမင်းလွင် (ရုပ်ရှင်ဇာတ်ညွှန်းဆု)**

၂၀၂၃ ခုနှစ်အတွက် ရုပ်ရှင်ဇာတ်ညွှန်းဆုအဖြစ် ချီးမြှင့်ခံရတဲ့အတွက် အင်မတန်ပျော်ရွှင်ဝမ်းသာရပါတယ်။ ဒီဇာတ်ကားကို ဖန်တီးတဲ့အခါ နောင်တစ်ချိန်မှာ ဆုရရမယ်ဆိုတဲ့စိတ်နဲ့ ဖန်တီးခဲ့တာ မဟုတ်ပါဘူး။ ဒါပေမယ့်လည်း ကိုယ့်ရဲ့ စိတ်စေတနာနဲ့ ကြိုးစားအားထုတ်မှုတွေ အရာထင်သွားပါတယ်။ ပရိသတ်တွေ လုံးဝမသိသေးတဲ့ သရုပ်ဆောင်တွေနဲ့ ရိုက်ခဲ့တဲ့ဇာတ်ကားကို အခုလိုအသိအမှတ်ပြုခံရတာ ဝမ်းသာဂုဏ်ယူမိပါတယ်။ ဇာတ်ကားအမျိုးအစားတွေထဲကမှ သရဲဇာတ်ကားကနေ အခုလို ဆုချီးမြှင့်ခံရတဲ့အတွက် နောက်ထပ်သရဲကားရိုက်ချင်တဲ့ လူငယ်မျိုးဆက်သစ်တွေအတွက်လည်း စိတ်ခွန်အားတွေရပြီး များစွာလုပ်လာကြမယ်လို့ မြင်ပါတယ်။ ဒီဇာတ်ကားကို ဖန်တီးခဲ့ကြတဲ့ အဖွဲ့သားတစ်ယောက်ချင်းစီကိုကျေးဇူးတင်ပါတယ်။

**ဒါရိုက်တာ တင်အောင်စိုး (ပန်းမြို့တော်) (ရုပ်ရှင်ဒါရိုက်တာဆု)**

ကျွန်တော့်စိတ်ကြိုက် ဇာတ်ကားဖြစ်တဲ့ စောင်နီလေးတစ်ထည်ဇာတ်ကားနဲ့ အကယ်ဒမီဆုရရှိတဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်။ ဒီဇာတ်ကားရိုက်ခဲ့တုန်းက ဇာတ်ကားရဲ့ သဘောသဘာဝအားလျော်စွာ မြင့်မားတဲ့တောင်တန်းတွေနဲ့ လျှိုမြောင်တွေထဲမှာ သွားလာရတဲ့စက်အဖွဲ့တွေ၊ အေးစက်တဲ့ ရာသီဥတုဒဏ်တွေကို ခံစားခဲ့ကြရတဲ့ သရုပ်ဆောင်တွေနဲ့ အဖွဲ့သားတွေရဲ့ လှုပ်ရှားမှုတွေအကန့်အသတ်ဖြစ်ခဲ့တဲ့အပြင် ဇာတ်ကားမှာ အသုံးပြုခဲ့တဲ့ ပစ္စည်းအချို့ကလည်း ကန့်သတ်ချက်ဖြစ်ခဲ့တာကြောင့် ဒါတွေအားလုံးကတော့ အခက်အခဲနဲ့ အမှတ်တရဖြစ်ခဲ့ပါတယ်။ ဒီဇာတ်ကားမှာ ပါဝင်ကြတဲ့ အနုပညာရှင်အားလုံးကို အားရမှုရှိခဲ့လို့ အကောင်းဆုံးလည်း ဖန်တီးနိုင်ခဲ့ပါတယ်။ ဒီဇာတ်ကားမှာ ပါဝင်ခဲ့ကြတဲ့ အနုပညာရှင်အားလုံးကလည်း ကျွန်တော့်အတွက် တလေးတစားနဲ့ ရိုက်ကွင်းပေါ်မှာ ယုံယုံကြည်ကြည်နဲ့ လိုက်ပါလုပ်ဆောင်ပေးခဲ့တဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။ ဒီဇာတ်ကားက ဝင်ငွေရအောင်ရိုက်တာ မဟုတ်တဲ့အတွက် စိတ်ကြိုက်ဖန်တီးခွင့်ရတယ်။ ကူညီပံ့ပိုးမှုတွေလည်း ရခဲ့တယ်။ ထုတ်လုပ်သူရဲ့ ဖိအားလည်း မရှိဘူး။ ဒီအတွက်လည်း အားလုံးကို ကျေးဇူးတင်ပါတယ်။ ကျွန်တော့်ရဲ့ ဘယ်ဇာတ်ကားမဆို ဝေဖန်ထောက်ပြပြီး အကြံပေးကြတဲ့ ပရိသတ်အားလုံးကို ကျေးဇူးတင်ပါတယ်။

**သရုပ်ဆောင်နေဝင်း (အမျိုးသားဇာတ်ပို့ဆု)**

ကျွန်တော် ပြောထားတဲ့အတိုင်း အကယ်ဒမီဆုရဖို့ မှန်းကို မမှန်းထားပါဘူး။ ဒီဇာတ်ကားက ကျွန်တော်ပထမဆုံးရိုက်ခဲ့တဲ့ ရုပ်ရှင်ဇာတ်ကားဖြစ်ပါတယ်။ ဒီဆုရရှိခဲ့တဲ့အတွက် ကျွန်တော့်ဘဝတစ်သက်လုံး အမှတ်ရနေမှာဖြစ်သလို ဝမ်းသာပျော်ရွှင်ရပါတယ်။ ကျွန်တော့်လိုအသစ်တစ်ယောက်ကို စွန့်စွန့်စားစားနဲ့ ရုံကြီးကားရိုက်မယ်ဆိုတော့ ဇာတ်လမ်းကို သေချာဖတ်ကြည့်တယ်။ ကိုယ်တာဝန်ယူရမယ့် ဇာတ်ကောင်နေရာဝင်အောင်လို့ တတ်သလောက်၊ မှတ်သလောက်နဲ့ ဘက်ပေါင်းစုံကနေ သေသေချာချာ ကြိုးစားလေ့လာပြီး လုပ်ခဲ့ပါတယ်။ ရုပ်ရှင်လမ်းကြောင်းပေါ်ကို ယုံယုံကြည်ကြည်နဲ့ လျှောက်ခွင့်ပေးပြီး ဒီဇာတ်ကားကို ရိုက်ခွင့်ပေးခဲ့တဲ့ ကျွန်တော့်ဇနီးကို ကျေးဇူးတင်ပါတယ်။ ကျွန်တော့်ရဲ့အစ်ကိုအရင်းလို သေချာပြောပြပြီး စေတနာပါပါနဲ့ ရိုက်ကူးပေးခဲ့တဲ့ ဒါရိုက်တာကိုစိုးမိုးမင်းနဲ့ ရည်ရွယ်မိုး အဖွဲ့သားအားလုံးကို ကျေးဇူးတင်ပါတယ်။ ရည်ရွယ်မိုးနဲ့ စာရိတ္တဇာတ်ကားကို ကျွန်တော့်ရဲ့ ပရိသတ်တွေ ယုံယုံကြည်ကြည်နဲ့ သွားရောက်ပြီး မြန်မာတစ်နိုင်ငံလုံးက ရုပ်ရှင်ရုံတွေမှာ ရုံပြည့်ရုံလျှံ အားပေးခဲ့ကြတဲ့အတွက် ပရိသတ်တစ်ယောက်ချင်းစီတိုင်းကို ရင်ထဲကနေ အထူးကျေးဇူးတင်ပါတယ်။ နောက်ထပ်လည်း ဒီထက်ပိုကောင်းအောင်၊ သဘာဝကျအောင်၊ သရုပ်ပေါ်အောင် သေသေချာချာ ကြိုးစားပြီး ဒီခရီးလမ်းလျှောက်လှမ်းသွားပါမယ်လို့ ပြောချင်ပါတယ်။

**အကယ်ဒမီစိုးမြတ်သူဇာ (အမျိုးသမီး ဇာတ်ဆောင်ဆု)**

ဒီအကယ်ဒမီဆုကို မရခဲ့တာ နှစ်ပေါင်း ၂၅ နှစ်ရှိပါပြီ။ အခု အသက် ၅၂ နှစ်ရောက်မှ အကယ်ဒမီဆုကို ပြန်လည်ရရှိခဲ့တယ်။ ပြန်လည်ရရှိတဲ့အချိန်မှာလည်း ကံအားလျော်စွာ ဇာတ်ဆောင်ဆုကို ရရှိခဲ့တဲ့အတွက် ကျေနပ်ဂုဏ်ယူမိပါတယ်။ အနုပညာ သက်တမ်းတစ်လျှောက်မှာ ပင်ပင်ပန်းပန်းကြိုးစားပြီး ဇာတ်ပို့၊ ဇာတ်ဆောင်မခွဲခြားဘဲ လုပ်ခဲ့တာတွေက အကျိုးပြန်ပေးတာပါ။ ငယ်ငယ်တုန်းက ရခဲ့တဲ့ အကယ်ဒမီဆုတွေထက် အခုလို အသက် ၅၂ နှစ်ရောက်မှ ရရှိတဲ့ဆုက ပိုပြီး တန်ဖိုးရှိပါတယ်။ ငယ်ငယ်တုန်းကအချိန်တွေ အများကြီးရှိတဲ့အတွက် ကြိုးစားရင် ကြိုးစားသလို ဆုတွေရမှာဖြစ်ပါတယ်။ ဒီအသက်အရွယ်ကျမှ ဇာတ်ဆောင်ဆုရဖို့ဆိုတာ မလွယ်ပါဘူး။ အခုခေတ် မင်းသမီးတွေက သိပ်တော်ကြပါတယ်။ ဒီဆုကို ရရှိခဲ့တာကြောင့် ပရိသတ်တွေအပြင် မကြီးရဲ့ ကလေးတွေက မကြီးထက်

စာမျက်နှာ ၉ သို့

# ၂၀၂၄ ခုနှစ်၊ (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များအား သွားရောက်တွေ့ဆုံနှုတ်ဆက်



**နေပြည်တော် ဖေဖော်ဝါရီ ၄**

၂၀၂၄ ခုနှစ် (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦး သည် ယနေ့ နံနက်ပိုင်းက (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအကများဖြင့် တက်ရောက်ပါဝင် ဆင်နွှဲမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်း သားရိုးရာယဉ်ကျေးမှုအဖွဲ့များအား နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အားကစားလေ့ကျင့်ရေးစခန်း စားရိပ်သာ၌ သွားရောက် တွေ့ဆုံနှုတ်ဆက်သည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ဆပ်ကော်မတီ အသီးသီးမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့ခေါင်းဆောင်များနှင့် အဖွဲ့ဝင် များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦးက တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားများ၏ ရိုးရာ ယဉ်ကျေးမှုအကများကို အပြန်အလှန်ဖလှယ်နိုင် စေရန်အတွက် ရည်ရွယ်၍ ဖိတ်ကြားရခြင်းဖြစ် ကြောင်း၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမအားလုံး တို့တွင် မိမိတို့၏ မျိုးနွယ်အလိုက်၊ လူမျိုးစုအလိုက် အလှကိုယ်စီရှိကြောင်း၊ ပြည်ထောင်စုနေ့ အမျိုးသား ရေး ဦးတည်ချက်များနှင့်အညီ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး စည်းလုံးညီညွတ်စွာ အတူတကွလက်တွဲ၍ ပြည်ထောင်စုနေ့ အမျိုးသား ရေး ဦးတည်ချက်ပါ ပြည်ထောင်စုကြီး ထာဝစဉ် တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူ အားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ် စောင့်ရှောက်ရေး၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး နှင့် တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန် အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူ အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်သွားကြ ရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမ များအားလုံး ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုစည်းအင်အားဖြင့် နိုင်ငံတော်ကြီး ထာဝစဉ်တည်တံ့ ခိုင်မြဲအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွား မည်ဆိုပါက တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံး ဟန်ချက်ညီညီဖြင့် တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်၊ တောင်ပေါ်မြေပြန့်မခွဲခြားဘဲ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံး ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက် အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ခံစားသင့် ခံစားထိုက်၊ ရသင့်ရထိုက်သည့် အခွင့်အရေးများကို လည်း ဦးစားပေးပံ့ပိုးလျက်ရှိပါကြောင်း၊ တိုင်းရင်း သား ညီအစ်ကိုမောင်နှမများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအစဉ်အလာများ ဖွံ့ဖြိုးတိုးတက်တည်တံ့ခိုင်မြဲစေရန်၊ ထိန်းသိမ်း ကာကွယ်နိုင်ရန်နှင့် မြှင့်တင်နိုင်ရန်တို့အတွက်လည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ကြိုဆိုနှုတ်ဆက်စကား ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော် ဝန်နှင့်တာဝန်ရှိသူများသည် တိုင်းဒေသကြီးနှင့်ပြည်နယ် များမှ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့ခေါင်း ဆောင်များနှင့် အဖွဲ့ဝင်များကို ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# “ဆွေမျိုးသဟာ တရုတ် - မြန်မာ၊ တူစုံနွဲပျော် နွေဦးပွဲတော်” တရုတ်နှစ်သစ်ကူးပွဲတော်ကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၄**

“ဆွေမျိုးသဟာ တရုတ် – မြန်မာ၊ တူစုံနွဲပျော် နွေဦးပွဲတော်” ၂၀၂၄ ခုနှစ် တရုတ်နှစ်သစ်ကူးပွဲတော် အခမ်းအနားကို အလုံမြို့နယ် ရန်ကုန်တရုတ်ယဉ်ကျေးမှုစင်တာ၌ ယနေ့နံနက်ပိုင်းက ကျင်းပ သည်။ ရှေးဦးစွာ ရန်ကုန်တိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ် သံအမတ်ကြီး မစ္စတာချန်ဟိုင်း တို့က နဂါးရုပ်ကို နှီးခေါ်ကြသည်။

ထို့နောက် ခြင်္သေ့နှင့် နဂါး အကများဖြင့် တင်ဆက်ကြပြီး “ပျော်ရွှင်ဖွယ် တရုတ်နှစ်သစ်ကူး” မိတ်ဆက်ဗီဒီယိုကို ပြသသည်။

ယင်းနောက် မြန်မာနိုင်ငံ ဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာချန်ဟိုင်းက အဖွင့်အမှာ စကားပြောကြားရာ နွေဦးနှစ်သစ် ကူးပွဲတော်သည် တရုတ်သက္ကရာဇ် အရ တရုတ်ရိုးရာ နှစ်သစ်ကူး ဖြစ်ပြီး တရုတ်လူမျိုးများ၏အရေး ပါဆုံး ရိုးရာပွဲတော်ဖြစ်ကြောင်း “ပျော်ရွှင်ဖွယ် တရုတ်နှစ်သစ်ကူး” လှုပ်ရှားမှုအစီအစဉ်သည် ပျော်ရွှင် ခြင်း၊ ညီညွတ်ခြင်း၊ ဝေမျှခြင်း၊ ဆုမွန်ကောင်းတောင်းခြင်းတို့ကို သဘောဆောင်ပါကြောင်း နှင့် ယခုနှစ် “ပျော်ရွှင်ဖွယ် တရုတ် နှစ်သစ်ကူး” ၏ လာဘ်ကောင် “နဂါး” ဆိုသည့် သဘောသည် ငြိမ်းချမ်းပျော်ရွှင်ခြင်း၊ မင်္ဂလာ အပေါင်းနှင့်ပြည့်စုံပြီး လိုအင်ဆန္ဒ ပြည့်ဝသော တရုတ်ယဉ်ကျေးမှု ကို လက်ဆင့်ကမ်းဖော်ဆောင် ပေးမည် ဖြစ်ကြောင်း ပြော ကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း က အမှာစကား ပြောကြားရာ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသည် နှစ်နိုင်ငံဆွေမျိုး ပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု နှစ်ကာလ ကြာမြင့်ပြီဖြစ်သည့် အတွက် နှစ်နိုင်ငံယဉ်ကျေးမှုများ သည်လည်း အပြန်အလှန်ကူးလူး ယှက်နွယ်လျက် ရှိပါကြောင်း၊ တရုတ်နှစ်သစ်ကူး အခါသမယ သည် တရုတ်လူမျိုးများအတွက် အလွန်ကိုအရေးပါသော အစဉ် အလာ ကြီးမားသည့်ပွဲတော် တစ်ခုဖြစ်ပါကြောင်းနှင့် ယခု တရုတ် နှစ်သစ်ကူးပွဲတော်တွင် လည်း တရုတ်နိုင်ငံနှင့် ကမ္ဘာ တစ်ဝန်းတွင်ရှိကြသော တရုတ် လူမျိုးများနှင့် မြန်မာနိုင်ငံတွင် နေထိုင်ကြသောတရုတ်လူမျိုးများ အားလုံး ရွှင်လန်းချမ်းမြေ့ပါစေ ကြောင်း ဆုမွန်ကောင်းတောင်းပါ ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးနှင့် ရန်ကုန် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့မှ “ဆွေမျိုးသဟာ တရုတ် – မြန်မာ၊ တူစုံနွဲပျော် နွေဦးပွဲတော်” တရုတ် နှစ်သစ်ကူးပွဲတော်အား မောင်း တီး၍ ဖွင့်လှစ်ပေးကြပြီးဝူရှူး သရုပ်ပြတင်ဆက်နေမှု **(အပေါ်ပုံ)** နှင့် ပြပွဲအစီအစဉ်များကို ကြည့်ရှု ခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

*စာမျက်နှာ ၈ မှ*

ပိုပြီး ဝမ်းသာကြမယ် ထင်ပါတယ်။ ဒီအတွက်လည်း ကြည်နူးရပါတယ်။ ရှေ့ဆက်လျှောက်မယ့်လမ်းမှာ အသက် အရွယ်နဲ့ လိုက်ဖက်ညီတဲ့ ဇာတ်လမ်းတွေ၊ အနုပညာတွေကို ဖန်တီးတဲ့အခါ အခု ရရှိခဲ့တဲ့ အကယ်ဒမီဆုနဲ့ ချစ်တဲ့ပရိသတ် တွေက ခွန်အားဖြစ်စေပါတယ်။

**အကယ်ဒမီရန်အောင်**

**(အမျိုးသားဇာတ်ဆောင်ဆု)**

ဒီဆုကို ရရှိခဲ့လို့ ဝမ်းသာပီတိဖြစ်ရပါ တယ်။ အသက် ၅၇ နှစ် ရှိပါပြီ။ အကယ်ဒမီ ဆုကို ၁၇ နှစ်ကြာမှ ခုနစ်ဆုမြောက် အဖြစ် ပြန်လည်ရရှိခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော်ပါဝင်တဲ့ ဇာတ်ကားကနေ ရင်ခုန်ခွင့်ရတဲ့အတိုင်း ရင်ခုန်သံနဲ့ ထပ်တူ ဖြစ်အောင် ချီးမြှင့်ခံရတဲ့အတွက် များစွာ ဝမ်းသာဂုဏ်ယူမိပါတယ်။ ဆုချီးမြှင့်ပေး တဲ့ အဖွဲ့တွေကိုလည်း ကျေးဇူးတင်ပါ တယ်။ ဒီဇာတ်ကားရိုက်ဖို့အတွက် ဒူးဝါး ဇာတ်ကောင်နေရာကို ဒါရိုက်တာ ကိုတင် အောင်စိုးက တာဝန်ပေးတဲ့အတွက် အလွန်ဝမ်းသာပါတယ်။ ဒီဇာတ်ကောင် နေရာက ကျွန်တော့်အတွက် စိန်ခေါ်မှု ဖြစ်တယ်။ ရအောင်လုပ်မယ်၊ အပီပြင် ဆုံးလုပ်မယ်လို့ ခံယူချက်ထားခဲ့တယ်။ ဒါကြောင့် ဇာတ်ကားမရိုက်ခင်ကတည်း က အရင်တုန်းက စီနီယာကြီးတွေ ရိုက်ခဲ့ တဲ့ ဇာတ်ကားတွေရဲ့ လုပ်ဆောင်မှုတွေကို အတုယူရပါတယ်။ မတူတဲ့ ဇာတ်ကောင် ကို ဖန်တီးရတာဖြစ်တာကြောင့် ဘက်ပေါင်းစုံကနေ အသေးစိတ်ပြင်ဆင် ကြိုးစားခဲ့ရပါတယ်။ ရိုက်ပြီးတဲ့အချိန်မှာ ကိုယ့်ရဲ့ဇာတ်ကောင်စရိုက်ကို အားရ ကျေနပ်မှု ရှိပါတယ်။ အခုလိုအသက် အရွယ်မှာ ကျန်းကျန်းမာမာနဲ့ လုပ်နိုင် ကိုင်နိုင်တဲ့အချိန်မှာ ဒီဆုကိုရရှိတဲ့အတွက် ပိုပြီးဝမ်းသာပါတယ်။ ကျွန်တော်တို့ အတွက်က ဆုရရှိဖို့ အခွင့်အရေးနည်းနေ ပါပြီ။ ကလေးတွေက အခွင့်အရေးတွေ များစွာရှိနေပါသေးတယ်။ ကလေးတွေ အခုလို ဆုရရှိကြတော့ သူတို့တွေအတွက် အားတစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့ ငယ်ငယ်တုန်းကလည်း ဆုရရှိခဲ့တဲ့ အတွက် အားဖြစ်ခဲ့ပါတယ်။ ဆုရရှိခဲ့ကြတဲ့ ကလေးတွေအတွက် ဝမ်းသာဂုဏ်ယူပါ တယ်။ ကျွန်တော့်ကို အားပေးကြတဲ့ ပရိသတ်တွေ ဆက်လက်ပြီးအားပေးကြ ပါ။ ပရိသတ်တွေရဲ့ အားပေးမှုက ကျွန်တော်တို့ရဲ့ လျှောက်လှမ်းရမယ့် ခြေလှမ်းတွေဖြစ်ပါတယ်။ ပရိသတ် အားပေးမှုမရှိရင် ဘယ်လောက်ကြိုးစား ကြိုးစား အရာမထင်ပါဘူး။ အားပေးမှုရှိမှ အရာထင်မှာ ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**တွေ့ဆုံမေးမြန်း – HMS**

**ဓာတ်ပုံ – လုလင်ငယ်**

## မလှိုင်မြို့၌ အုပ်ချုပ်ရေးဥပဒေနှင့် နည်းဥပဒေများ အသိပညာပေး

**မလှိုင် ဖေဖော်ဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် အတွင်းရှိ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်း များအား ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေနှင့် နည်းဥပဒေများ အသိပညာပေးဟောပြောပွဲကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်း အဝေးခန်းမ၌ ဇန်နဝါရီ ၃၁ ရက်က ပြုလုပ်သည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ် ရေးမှူး ဦးစိုးမင်းထက်က ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအနေဖြင့် ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ၊ အုပ်ချုပ်ရေးဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများကို ပုဒ်မတစ်ခု ချင်းစီအလိုက် သေသေချာချာ သိရှိရန် လိုအပ်ကြောင်း၊ ဥပဒေပါ အုပ်ချုပ်ရေး လုပ်ငန်းအကြောင်း၊ ရပ်ကွက်/ ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် ဝတ္တရားများ၊ နည်းဥပဒေပါ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ရုံးတွင်းစီမံခန့်ခွဲမှုနှင့် လုံခြုံရေးဆိုင်ရာ စာရင်းဇယားများကို အချိန်နှင့်တစ်ပြေးညီ ဖြည့်သွင်းကြရန်၊ ရှင်းလင်းပြောကြားသည်။

အစည်းအဝေးသို့ မလှိုင်မြို့နယ် အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၆ အုပ်စုမှ အုပ်ချုပ်ရေးမှူးများနှင့် စာရေး ဝန်ထမ်း စုစုပေါင်း ၁၁၁ ဦး တက်ရောက် ခဲ့ကြောင်း သိရသည်။ **မြထွန်း(မလှိုင်)**

## လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ

# ကွန်ချက်ကို သင်ပေးပါ

ခန့်ဇော်(ကျေးလက်)

**ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်ချက်(Need)နှင့် လိုချင်မှု(Want)ကို ခွဲခြားနိုင်ရန် စနစ်တကျစိစစ်ရန် လိုအပ်သလို တကယ်လိုအပ်သည့်နေရာ၊ လိုအပ်သည့်လုပ်ငန်း လုပ်နိုင်ရန်အတွက် စီမံကိန်း လျာထားမှုမှာ လိုအပ်ချက်အလိုက် ဦးစားပေးအစီအစဉ်နှင့် အံဝင်ခွင်ကျဖြစ်ရန် လျာထားဆောင်ရွက်နိုင်ရေး အလွန်အရေးကြီးပါသည်။ ထို့ကြောင့် ဦးစားပေးရွေးချယ်ခြင်းဗျူဟာ (Targeting Strategy) ကို ကျေးလက်ဖွံ့ဖြိုးရေးမူဘောင်တွင် ချမှတ်ရေးဆွဲဆောင်ရွက်နေခြင်းဖြစ်ပါသည်။**

စာရေးသူအနေဖြင့် ဒေသမျိုးစုံကို အကြိမ်ကြိမ်ရောက်ဖူးပါသည်။ အကြီးအကဲ ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ခရီးစဉ်များကိုလည်း အကြိမ်ကြိမ် လိုက်ပါခဲ့ဖူးပါသည်။ ရောက်တိုင်းမှာ ဒေသခံများ၊ ကျေးလက်နေပြည်သူများ၏လိုအပ်ချက်များ တင်ပြသည်ကို လေ့လာသုံးသပ်ကြည့်လျှင် ကျေးလက်လမ်း၊ ကုန်ထုတ်လမ်း၊ ကျေးလက်ရေရရှိရေး၊ ကျေးလက်မီးလင်းရေး၊ စာသင်ကျောင်း၊ ဆေးပေးခန်း၊ Community Center (ကျေးရွာခန်းမ)၊ စိုက်ပျိုးရေး၊ မျိုး၊ သွင်းအားစုလိုအပ်မှု၊ မွေးမြူရေးဆောင်ရွက်ရန် အရင်းအနှီးလိုအပ်မှု၊ ဈေးကွက်လိုအပ်မှု၊ နည်းပညာလိုအပ်မှုစသည်တို့ကို တွေ့ရှိရသည်။ အမှန်တကယ် လိုအပ်ချက်များလည်း ဖြစ်ပါသည်။

သို့သော် ဌာနတိုင်းတွင် မူဝါဒ၊ ရည်မှန်းချက်၊ ဦးစားပေးရွေးချယ်ရေးမူများ ရှိသလို နိုင်ငံတော်ဘဏ္ဍာ ရန်ပုံငွေသည်လည်း ကန့်သတ်ချက်ရှိသည်ပင်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် အမြဲတမ်း ကန့်သတ်ချက်ရှိနေပြီး အစိုးရ၏ ဦးစားပေးအစီအစဉ်များအတိုင်း စီစဉ်ဆောင်ရွက်ကြရခြင်း ဖြစ်ပါသည်။ အစိုးရတိုင်းသည် ပြည်သူ့လိုအပ်ချက်ကို ပြည့်မီအောင် ဆောင်ရွက်ပေးလိုသည့် စေတနာရှိကြသလို အစိုးရအဖွဲ့ဝင်ဝန်ကြီးတိုင်းကလည်း ဆောင်ရွက်ပေးချင်သည့်စေတနာ ရှိကြပါသည်။

### လိုအပ်ချက်နှင့်လိုချင်မှု

ဤနေရာတွင် နိုင်ငံဘဏ္ဍာရန်ပုံငွေကို အသုံးပြုဆောင်ရွက်ကြရသည်မို့ ထိရောက်အောင်မြင်ရန်၊ အကျိုးပိုရှိရန်၊ Effective ဖြစ်ရန် လိုပါသည်။ အလိုအပ်ဆုံးဖြစ်ရန် လိုသလို ဦးစားပေးအစီအစဉ်အတိုင်း ဖြစ်ရန်လည်း လိုအပ်ပါသည်။ အစိုးရမူဝါဒနှင့်လည်း ကိုက်ညီရန် လိုအပ်ပါသည်။ လိုအပ်ချက် (Need) ဖြစ်ရန်လိုပြီး လိုချင်မှု(Want)ကို မလုပ်မိဖို့ လိုပါသည်။ ထို့ကြောင့် Targeting Strategy နှင့်အညီ ကဏ္ဍတိုင်း၊ လုပ်ငန်းတိုင်းတွင် သတ်မှတ်ထားသည့် Criteria ဖြင့် ရွေးချယ်သတ်မှတ်ရန် လိုအပ်ပါသည်။ ဌာန၏မူ၊ Criteria တို့နှင့်အညီဖြစ်ရန် ပြည်သူကို ပွင့်လင်းမြင်သာမှုရှိစွာ ချပြဆွေးနွေးဖို့လိုသလို ပြည်သူများကလည်း ပါဝင်ဆွေးနွေးရန် လိုပါသည်။ ဆွေးနွေးပွဲများတွင် ကျေးရွာ၏ ရှိပြီးအချက်အလက် အရင်းအမြစ်များကို သိအောင်လုပ်ပြီး လိုအပ်ချက်တွေကို ဖော်ထုတ်နိုင်ရန် လိုအပ်ပါသည်။ ဤသို့ စနစ်တကျလုပ်လျှင် လိုအပ်ချက်၊ ဆောင်ရွက်သင့်သည့် စီမံကိန်းအမျိုးအစားများ ပေါ်ထွက်လာပြီး ဦးစားပေးလိုအပ်ချက်ကို ကျေးရွာပြည်သူများကိုယ်တိုင် ပါဝင်ရွေးချယ်စေကာ အစီအစဉ်ရေးဆွဲရမည် ဖြစ်ပါသည်။

လိုအပ်ချက်များအားလုံးကို ဖြည့်ဆည်းပေးချင်သည်မှန်သော်လည်း အလိုအပ်ဆုံးလုပ်ငန်း၊ အလိုအပ်ဆုံးဒေသကို ဦးစားပေးလုပ်ဆောင်ပေးရန် အလွန်အရေးကြီးပါသည်။ ငိုတတ်သည့်ကလေး နို့စို့ရသည် ဆိုသကဲ့သို့ တောင်းတတ်သူရတာမျိုး မဖြစ်ရန် လိုအပ်ပါသည်။ ဌာနမှ ချမှတ်ထားသည့်မူနှင့် ကိုက်ညီရန်လိုအပ်သလို ချမှတ်ထားသည့်မူကို လိုက်နာကျင့်သုံးရန်လည်း လိုအပ်ပါသည်။ မျှတစွာ စဉ်းစားပေးရန်လည်း လိုအပ်ပါသည်။ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးချုပ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများအနေဖြင့် ဒေသတိုင်း၊ မြို့တိုင်း၊ ရွာတိုင်းကို မရောက်နိုင်ပါ။ ထို့ကြောင့် အမှန်တကယ် ဆင်းရဲနွမ်းပါးသည့် ဝေးလံဒေသများအပါအဝင် ဒေသအားလုံး အချိုးညီညီ ဖွံ့ဖြိုးတိုးတက်အောင် မြို့နယ်အဆင့် တာဝန်ရှိသူများက မူဘောင်နှင့်အညီ စီမံဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

### တာဝန်ခွဲခြားဆောင်ရွက်ရန်

ပညာရေးလိုအပ်သည့်နေရာ၌ ပညာရေးအတွက် အထောက်အပံ့ဖြစ်စေမည့် လုပ်ငန်းများ ပိုလုပ်ပေးရမည်ဖြစ်သည်။ ရေလိုသည့်နေရာ၌ ရေရရှိရေး ပိုလုပ်ပေးရမည်ဖြစ်ပြီး လမ်းမရှိသည့်နေရာ၌ လမ်းလုပ်ပေးရမည် ဖြစ်သည့်အပြင် လျှပ်စစ်မီးမရှိသည့် ဒေသများအတွက် လျှပ်စစ်မီးရရှိအောင် လုပ်ပေးရမည် ဖြစ်သည်။ သို့ရာတွင် အစိုးရနှင့် ဌာနဆိုင်ရာ တာဝန်၊ ပြည်သူ့တာဝန် ခွဲခြားဆောင်ရွက်ရန်လည်း လိုအပ်ပေသည်။ ကျေးရွာ၏ အခြေခံလိုအပ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်သည့်အခါ မူဝါဒ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်နိုင်သည့် ကျေးရွာများက ပို၍အောင်မြင်သည်ကို တွေ့ရှိရသည်။

သတိပြုရမည်က လုပ်ငန်းများ အောင်မြင်ပြီးနောက် တန်ဖိုးထား ပြုပြင်ထိန်းသိမ်းမှုသာ ရေရှည်ခံမည်ဟူသည့် အချက်ပင်ဖြစ်သည်။ ကျေးရွာတာဝန်ဖြစ်သည့် ပူးပေါင်းဆောင်ရွက်မှု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းမှု၊ ကျသင့်အခွန်အခ ထည့်ဝင်ဆောင်ရွက်မှု၊ လည်ပတ်ထိန်းသိမ်းရေးတာဝန်ယူနိုင်မှု၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို တန်ဖိုးထားထိန်းသိမ်းနိုင်မှုစသည့် ရွာ၏တာဝန်၊ ကော်မတီတာဝန်များကို ချပြဆွေးနွေးခြင်း၊ သင်တန်းပေးခြင်း၊ ဆောင်ရွက်စေခြင်း၊ လိုက်ပါဆောင်ရွက်မှုရှိ/ မရှိ၊ လုပ်/ မလုပ် စစ်ဆေးခြင်းများ ဆောင်ရွက်ကြရမည်ဖြစ်သည်။

အချို့ကျေးရွာများတွင် လိုအပ်ချက်များသည့်အလျောက် လိုအပ်သမျှ လုပ်ပေးပြီး အစစအဆင်ပြေပြီးကာမှ ရွာကအားမထည့်၊ တန်ဖိုးထားရကောင်းမှန်းမသိ၊ ကြိုးစားမှုမရှိဘဲ လိုအပ်သမျှ အကုန်တောင်းနေတတ်ကြတာ တွေ့ရသည်။ အကြီးအကဲများကလည်း စေတနာအပြည့်ဖြင့် ရောက်လေရာအရပ်၏ လိုအပ်တာမှန်သမျှ အကုန်လုပ်ပေးချင်၊ လုပ်ပေးလိုကြသည်သာ။ စာရေးသူအနေဖြင့်မူ တင်ပြချက်များကို ပြန်လည်ဆွေးနွေးချိန်တွင် လုပ်ပေးသင့်သည့်အရာ၊ လုပ်ပေးရမည့်အရာကို အမှန်တကယ် လို/ မလို၊ စည်းမျဉ်းနှင့် ကိုက်ညီမှု ရှိ/ မရှိ စိစစ်သုံးသပ်၍ အစဉ်ချပြ ဆွေးနွေးအကြံပြုပေးလေ့ရှိပါသည်။ လက်ငင်းအကျိုးအတွက်သာမက ရေရှည်တည်တံ့စေရေးကိုပါ ထည့်သွင်းစဉ်းစားရန် လိုအပ်ခြင်းကြောင့်လည်း ဖြစ်ပါသည်။ သည်နေရာတွင် ထည့်တွက်စဉ်းစားရမည်က ရေတိုအဆင်ပြေမှုနှင့် ရေရှည်အကျိုးကျေးဇူး၊ တစ်နည်းဆိုရသော် အဆင်သင့် ခူးခပ်စားရန် ဖန်တီးပေးခြင်းနှင့် ကိုယ်တိုင် ရှာဖွေစားသောက်တတ်စေရန် နည်းပေးလမ်းပြခြင်းတို့အနက် မည်သည့်နည်းက ပို၍ထိရောက် အကျိုးများစေမည်ဟူသည့်အချက်ပါပင်။




ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေးဆွဲချမှတ်ခဲ့သည့် ကျေးရွာစိတ်ဓာတ် (Village Spirit)။

### ကွန်ချက်

ရေရှည်ဖွံ့ဖြိုးရေးကို ဖော်ဆောင်လျှင် တောင်သူများကို နည်းလမ်းပေးရပါမည်။ ထမင်း အဆင်သင့်ရအောင် လုပ်ပေး၍မဖြစ်၊ ထမင်းခွံ့ကျွေး၍မဖြစ်။ စဉ်းစားတတ်အောင်၊ တွေးခေါ်တတ်အောင် သင်ကြားဆွေးနွေးပေးရပါမည်။ တောင်သူတွေကို "ငါတို့ လုပ်နိုင်တယ်"ဆိုသည့် မိမိကိုယ်ကို ယုံကြည်စိတ်ရှိလာအောင် လေ့ကျင့်ပျိုးထောင်ပေးရမည်ဖြစ်သည်။ ငါးဖမ်းမပေးဘဲ ငါးရှာနည်းကွန်ချက်ကို သင်ပေးရမည်ဖြစ်သည်။ စပါး/ဆန် ပေးရမည်မဟုတ်ဘဲ အထွက်တိုးမျိုးရနိုင်မည့်နေရာ၊ အထွက်တိုးအောင် စိုက်ပျိုးသည့်နည်းလမ်းများကို လမ်းညွှန်သင်ပြပေးရမည်ဖြစ်သည်။ စိုက်ပျိုးရေးနည်းစနစ်များ သင်ကြားပေးရမည်။ ပေးသည့်နည်းအတိုင်း လုပ်/ မလုပ် စောင့်ကြည့်ရပါမည်။ ဈေးကွက်ချိတ်ဆက်ပေးရပါမည်။ သွင်းအားစုများ အရည်အသွေးပြည့်၊ ဈေးနှုန်းမှန်ဖြင့် အချိန်မီရစေရန် ချိတ်ဆက်ပေးရမည် ဖြစ်ပါသည်။

တောင်သူများ ကိုယ်တိုင်လုပ်၍ရသည့်အရာများကို ကိုယ်တိုင်လုပ်ချင်လာစေရန် ဦးဆောင်လမ်းပြပေးရမည်က အစိုးရတိုင်း၏တာဝန်၊ သက်ဆိုင်ရာဝန်ထမ်းများ၏တာဝန် ဖြစ်ပါသည်။ တောင်သူများကိုယ်တိုင်လုပ်ရန် လက်လှမ်းမမီသည်များကိုသာ ထောက်ကူပေးသင့်ပါသည်။ တောင်သူနှင့် ပြည်သူက ကိုယ့်အလုပ်ကိုယ်မလုပ်လျှင် နိုင်ငံတော်ကို ဝန်ပို၊ ဝန်တိုးစေမည်ဖြစ်သည်။

နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ နွယ်ရစ်ကျေးရွာသို့ ခရီးစဉ်ဖြင့် ရောက်ရှိစဉ်မှာ စိုက်ပျိုးရေအတွက် ဆိုလာပန့်ဖြင့် ရေတင်စနစ် ဆောင်ရွက်ပေးစေချင်ကြောင်း တင်ပြသည်။ ဒေသကလည်း နှစ်သီး၊ သုံးသီး စိုက်နိုင်သည့်ဒေသဖြစ်၍ ပြည်ထောင်စုဝန်ကြီးကလည်း လုပ်ပေးမည်ဆိုတော့ မိမိလည်း အသေးစိတ်အချက်အလက်များကို တိုးတိုးတိတ်တိတ် မေးမြန်းလေ့လာရတော့သည်။ ဆုံးဖြတ်ရာတွင် အထောက်အကူဖြစ်စေရန် မြေပြင်အမှန်အခြေအနေကို ပြန်တင်ပြနိုင်ဖို့လိုသည်ကိုး။

တွေ့ရှိချက်က ထိုရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက စိုက်ပျိုးရေအတွက် ရေတွင်းတူးပေးထားပြီး ၁၀ တွင်းခန့်ရှိသည်။ လျှပ်စစ်မီးသွယ်တန်းပေးထားပြီး Pump ဖြင့် ရေတင်စိုက်ပျိုးနိုင်အောင် ဆောင်ရွက်ပေးထားသည်။ သို့သော် လျှပ်စစ်မီတာခ မဆောင်၍ မီးဖြတ်ခံထားရသည်ဟူ၏။ ထို့ကြောင့် ဆိုလာတောင်းနေခြင်း ဖြစ်သည်။ ပြည်ထောင်စုဝန်ကြီးထံ တွေ့ရှိချက်ကို ချက်ချင်းတင်ပြသည့်အခါ ပြည်ထောင်စုဝန်ကြီးက "မီတာခဆောင်ပါ။ ဥပဒေနဲ့အညီ

စာမျက်နှာ ၁၁ သို့

**"အချို့ကျေးရွာများတွင် လိုအပ်ချက်များသည့်အလျောက် လိုအပ်သမျှလုပ်ပေးပြီး အစစအဆင်ပြေပြီးကာမှ ရွာကအားမထည့်၊ တန်ဖိုးထားရကောင်းမှန်းမသိ၊ ကြိုးစားမှုမရှိဘဲ လိုအပ်သမျှ အကုန်တောင်းနေတတ်ကြတာ တွေ့ရသည်။ အကြီးအကဲများကလည်း စေတနာအပြည့်ဖြင့် ရောက်လေရာအရပ်၏ လိုအပ်တာမှန်သမျှ အကုန်လုပ်ပေးချင်၊ လုပ်ပေးလိုကြသည်သာ။ စာရေးသူအနေဖြင့်မူ တင်ပြချက်များကို ပြန်လည်ဆွေးနွေးချိန်တွင် လုပ်ပေးသင့်သည့်အရာ၊ လုပ်ပေးရမည့်အရာကို အမှန်တကယ် လို/မလို၊ စည်းမျဉ်းနှင့် ကိုက်ညီမှု ရှိ/ မရှိ စိစစ်သုံးသပ်၍ အစဉ်ချပြ ဆွေးနွေးအကြံပြုပေးလေ့ရှိပါသည်"**

# ကျုံပျော်နှင့် မြောင်းမြခရိုင်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှု

**ပုသိမ် ဖေဖော်ဝါရီ ၄**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ကျုံပျော်ခရိုင်နှင့် မြောင်းမြခရိုင်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများကို တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၃ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး ဒေသခံတောင်သူများ၏ လိုအပ်ချက်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောင်းကုန်းမြို့နယ် ဂုံမင်းကျေးရွာ၌ ရန်ကုန်-ပုသိမ်ကားလမ်းဝဲဘက်ခြမ်း မြောင်းတူးဖော်ပြီးစီး၍ တောင်သူများက ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေတင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများက မြောင်းတူးဖော်ပြီးစီး၍ နွေစပါးစိုက်ဧကများအတွက် စိုက်ပျိုးရေတင်သုံးစွဲမှု အခြေအနေများကို ရှင်းလင်းတင်ပြကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က စိုက်ပျိုးရေများ စနစ်တကျသုံးစွဲရေး၊ ရိုးပြတ်ကျန်ကေများ ကျန်ရှိမှု မရှိစေရေးနှင့် အောင်မြင်အောင်စိုက်ပျိုးဆောင်ရွက်ကြရေး မှာကြားခဲ့သည်။

ဆက်လက်၍ သဲကုန်ကျေးရွာအုပ်စု၌ ရန်ကုန်-ပုသိမ်ကားလမ်း ယာဘက်ခြမ်းမြောင်းနှင့် သဲကုန်-ညောင်ခြေထောက်မြောင်း တူးဖော်ပြီးစီးမှု၊ နွေစပါးတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြေပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် ဒုတိယသီးနှံ နွေစပါး (မှော်ဘီ ၃) စပါးမျိုးစိုက်ပျိုးထားရှိမှုကို ကြည့်ရှုအားပေးခဲ့ပြီး အထွက်တိုးမျိုးစပါးများအသုံးပြုရေး၊ အစေ့ချစက်၊ ကောက်စိုက်စက်များဖြင့် စနစ်တကျစိုက်ပျိုးရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိစေရေး ဆောင်ရွက်ရန် မှာကြားခဲ့သည်။ ထို့နောက် ရှမ်းရွာကျေးရွာအုပ်စုမှ ဆောင်းသီးနှံနေကြာ စံပြကွက်ကို ကြည့်ရှုအားပေးခဲ့သည်။



တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အိမ်မဲမြို့နယ် ဘုရားကြီးကုန်းကျေးရွာရှိ ဆင်းရွှေကြာ(၂)နေကြာမျိုးစေ့ထုတ်စိုက်ခင်း၊ မြေပဲတစ်ကေစိုက်ခင်း၊ တကောကျေးရွာရှိ ဆောင်းသီးနှံဆီထွက် နေကြာ (Super-sun-41) စံပြကွက် မြောင်းမြမြို့နယ် ကံကြီးကျေးရွာရှိ ဆင်းရွှေကြာ(၂) နေကြာစိုက်ခင်း၊ မဒေါ့ပင်ကျေးရွာအုပ်စုရှိ ရောတိုးမျိုးစပါး နွေစပါးစီးပွားဖြစ် မျိုးသန့်မျိုးစေ့ထုတ်စိုက်ခင်းတို့ကိုလည်း ကြည့်ရှုအားပေးခဲ့ပြီး ရေပေးခြင်းနှင့် မြေဩဇာကျွေးခြင်းလုပ်ငန်းများ စနစ်တကျရှိစေရေး၊ နေကြာပန်းပွင့်များ ပျက်စီးမှုမရှိစေရေး၊ မျိုးရွေးချယ်ခြင်းလုပ်ငန်းများ စနစ်တကျဆောင်ရွက်စေရေး၊ ရိတ်သိမ်းချိန် လေလွင့်မှုမရှိစေရေးနှင့် စိုက်ပျိုးရေများ စနစ်တကျသုံးစွဲရေးတို့ကို မှာကြားခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# သရေခေတ္တရာပျူမြို့ဟောင်း တူးဖော်နေမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှု

**ပြည် ဖေဖော်ဝါရီ ၄**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပြည်မြို့ သရေခေတ္တရာပျူမြို့ဟောင်းအတွင်း နန်းတော်ကုန်းတောင်ဘက် ကျုံးတူးဖော်နေမှုနှင့် ကျောက်ကာသိမ်ပြတိုက်အတွင်းရှိ ဗုဒ္ဓဆင်းတုတော်ပါ ရုပ်ကြွကျောက်ချပ်ကြီးများနှင့် ပျူကျောက်စာချပ်ကြီးများ တူးဖော်ထားရှိမှု အခြေအနေများကို ဖေဖော်ဝါရီ၂ရက်က ကွင်းဆင်းကြည့်ရှုသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်အား ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က လိုက်လံရှင်းလင်းပြသရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပြီး သရေခေတ္တရာပျူမြို့ဟောင်း ကမ္ဘာ့အမွေအနှစ် ယဉ်ကျေးမှုဇုန်သို့ လေးလမ်းသွား အဝင်/အထွက်လမ်း (တာဂွ-နဂါးတွန့်အပိုင်း) လေးဖာလုံ ဖောက်လုပ်နေမှုကို ကွင်းဆင်းကြည့်ရှုကာ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပြည်ခရိုင်အတွင်း စားရေရိက္ခာဖူလုံစေရေးအတွက် ပြည်မြို့ ဆင်စုရပ်ကွက် ဧရာဝတီမြစ်ကမ်းဘေး၌ ဆင်းနေကြာ-၂ မျိုးစေ့ထုတ်စိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုနှင့် ပန်းတောင်းမြို့နယ် ရွှေညီနောင်ကျေးရွာ၌ ကုလားပဲ၊ မတ်ပဲ တစ်ကွင်းတစ်ဆက်တည်း ဧက ၈၁၀ စိုက်ခင်း၌ နေကြာသီးညှပ်စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းနေမှုများကို သွားရောက်ကြည့်ရှုပြီး သီးထပ်စွမ်းအားတိုးတက်စေရေးအတွက် နွေရာသီတွင် နွေနှမ်းနှင့် အခြားသီးနှံများ စိုက်ပျိုးနိုင်ရန် တုံကင်သုံးရေတွင်းများ တူးဖော်ပေးနိုင်ရေး တွက်ချက်တင်ပြရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပန်းတောင်းမြို့နယ် ဂျင်းရဲကျွန်းကျေးရွာ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် တစ်ကွင်းတစ်ဆက်တည်း ဗီယက်နမ်မြေပဲ ၁၇၄၁ ဧက စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုတို့ကို သွားရောက်အားပေးကြည့်ရှုခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

မီးခွန်၊ မီတာခ ဆောင်ရမယ်။ ဒါမှ တာဝန်ကျေမယ်။ လုပ်ပြီးသားဖြစ်လို့ နိုင်ငံ့ဘဏ္ဍာထပ်မကုန်သင့်ဘူး၊ ဆိုလာမလုပ်ပေးနိုင်ဘူး၊ မီတာခဆောင်ပါ။ လျှပ်စစ်မီးပြန်လွှတ်ပေးရန် ဌာနချင်း ချိတ်ဆက်ဆောင်ရွက်ပေးမယ်"ဟု လမ်းညွှန်မှာကြားကာ ဆောင်ရွက်ပေးနိုင်သည့်အပိုင်းကိုပါ တစ်ပါတည်းပြောကြားခဲ့သည်။ ယခုတော့ မီတာခပြန်ဆောင်သဖြင့် လျှပ်စစ်မီးလည်းရ၊ ဒီဇယ်ဖိုးလည်း ကုန်စရာမလိုဘဲ လျှပ်စစ်ဖြင့် ရေတင်ရခြင်းဖြစ်၍ ကုန်ကျငွေသက်သာသည့်အတွက် ဝင်ငွေလည်း တိုးနေပြီဖြစ်သည်ကို တွေ့ရသည်။

ချောင်းပိတ်၊ မြောင်းပိတ်၍ စိုက်ပျိုးရေရစေရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ယာယီရေတားတမံများ ဆောင်ရွက်ပေးသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အချို့နေရာများတွင် အသေးစားဆိုလာရေတင်စနစ် လုပ်ပေးသည်။ ဤသို့ဖြင့် နွေရာသီနှင့် ဆောင်းရာသီတွင် သီးနှံများ စိုက်ပျိုးလာနိုင်သည်ကို တွေ့ရသည်။

ပြည်ထောင်စုဝန်ကြီးက ခရီးစဉ်ဆင်းစစ်သည့်အခိုက် ဝဲကြီးကျေးရွာတွင် ချောင်းထဲ၌ ဝါးဖောင်လုပ်ပြီး ဖောင်ပေါ်တွင် ဆိုလာနှင့် Pump တင်ကာ ချောင်းဘေးတစ်လျှောက် ဘေးဘယ်ညာမှာရှိသည့် တောင်သူတွေကို အလှည့်ကျရေပေး၍ စိုက်ပျိုးနေကြသည်ကို တွေ့ရသည်။ နောက်ထပ်တစ်ခုလိုချင်ကြောင်း တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက "ကျွန်တော်တို့နိုင်ငံမှာ ကျေးရွာပေါင်း ၆၄၀၀၀ ကျော်ရှိတယ်၊ လုပ်စရာတွေ အများကြီးကျန်သေးတယ်၊ ခင်ဗျားတို့ ထပ်လုပ်ချင်ရင် ရင်းနှီးပေးမယ်၊ ပြန်ဆပ်ပါ။ ဘယ်လိုဆပ်ရမလဲဆိုရင် ခင်ဗျားတို့ ခုရေတင်တာ ဆီမကုန်ဘူး၊ ဆိုလာနဲ့မဟုတ်ရင် ဒီဇယ်ဖိုးကုန်တယ်မဟုတ်လား၊ ဒါ့ကြောင့် တစ်ဧကကို တတ်နိုင်တဲ့နှုန်းနဲ့ ငွေကောက်ထား၊ စုထား၊ ရတဲ့ငွေနဲ့ နောက်တစ်ခုဝယ်ပါ" ဟူ၍ ရှင်းပြ ပြောပြပြီး လမ်းညွှန်ခဲ့သည်။ ယခုမူ ဌာန၏လမ်းပြမှုဖြင့် ရွာတွင် ဆိုလာပန့်နောက်တစ်စုံကို ရွာ၏အစီအစဉ်ဖြင့် ဆောင်ရွက်နိုင်ခဲ့ပြီး လည်ပတ်အသုံးပြုနိုင်နေပြီဖြစ်သည်။

**အမုန်းခံ ပြောကြားရခြင်း**

"ယခင်နှစ်က ဆောင်ရွက်ခဲ့သည့် ချောင်းပိတ်၊ မြောင်းပိတ် ဆိုလာရေတင်စိုက်ပျိုးရေးလုပ်ငန်းတွေကို ယခုနှစ်တွင် ဆက်လက်အသုံးပြု စိုက်ပျိုးခြင်း ရှိ/ မရှိ လိုက်လံစစ်ဆေးပြီး မစိုက်လျှင်၊ မလုပ်လျှင် စိုက်ပျိုးမည့်ဒေသ၊ အသုံးပြုမည့်နေရာသို့ ရွှေ့ပြောင်းအသုံးပြုမည်" ဟု ပြည်ထောင်စုဝန်ကြီးက တွန်းအားပေး မှာကြားလာခဲ့ပါသည်။ ဤစကားမှာ ပြောရမည့်စကားကို အားမနာတမ်း ဒေသအကျိုးအတွက် အမှန်တကယ် အကျိုးရှိစွာအသုံးပြုစိုက်ပျိုးစေလိုသော စေတနာဖြင့် အမုန်းခံပြောကြားရခြင်းလည်းဖြစ်ပါသည်။

မည်သည့်လုပ်ငန်းမဆို ဆောင်ရွက်ပြီးစီးသည့်နောက်ပိုင်း ပြင်ဆင်ထိန်းသိမ်းရေး မပျက်မကွက် လုပ်ဆောင်ရန်လိုအပ်သလို အကျိုးရှိအောင် အသုံးချတတ်ရန်လည်း လိုအပ်ပါသည်။ စဦးလုပ်ငန်းကုန်ကျစရိတ်၏နောက်တွင် ပြင်ဆင်ထိန်းသိမ်းစရိတ်၊ ပြုပြင်စရိတ်များအတွက် လိုအပ်သည့်ငွေကြေးအတွက် ထိုက်သင့်သည့်နှုန်းထားဖြင့် အခွန်အခကောက်ခံသည့်နည်းလမ်းဖြင့် ကြိုတင်စီမံထားရှိသင့်သည်။ ရေပေးရေးလုပ်ငန်းများတွင် ရေမီတာတပ်ဆင်ပြီး ရေခွန်ကောက်ခံလေ့ရှိခြင်းဖြစ်သည်။

ရေခွန်မဆောင်စေဘဲ အခမဲ့လုပ်ပေးမည်ဆိုပါက အများအပြား လုပ်ပေးနိုင်မည်မဟုတ်။ အချို့သော မြစ်ရေတင်လုပ်ငန်းများတွင် ရေခွန်မဆောင်၍ လျှပ်စစ်မီတာခ မဆောင်နိုင်၊ မီတာခမဆောင်၍ ဝင်ငွေအခွန်မရ၊ အခွန်မရသည့်အတွက် အသစ်လုပ်မပေးနိုင်၊ မလုပ်ပေးနိုင်၍ ရေမရ၊ ရေမရ၍ မစိုက်ပျိုးနိုင်၊ မစိုက်ပျိုးနိုင်၍ တောင်သူများ ဝင်ငွေမရ၊ တောင်သူများ ဝင်ငွေမတိုးသည့်အခါ နိုင်ငံ၏စီးပွားရေးပါထိခိုက်... "ဂျာအေးသူ့အမေရိုက်" ဖြစ်နေတော့သည်။ ထို့ကြောင့် ဆောင်ရွက်ပေးသူများဘက်မှလည်း လုပ်သင့်သည်ကို လုပ်ပေးရမည်ဖြစ်သကဲ့သို့ ပေးဆောင်ရမည့်သူများဘက်မှလည်း ကျသင့်အခွန်အခတွေကို မပျက်မကွက် ပေးဆောင်ကြရန်လိုပါသည်။ မည်သည့်လုပ်ငန်းတွင်မဆို လည်ပတ်ထိန်းသိမ်းရန်ပုံငွေရှိရမည်။ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ရမည်။ သို့မှသာ ရေရှည်အသုံးပြုနိုင်ပြီး အကျိုးရှိမည်ဖြစ်သည်။

မကြာသေးမီက မကွေးတိုင်းဒေသကြီးအတွင်း ရွာတစ်ရွာသို့ ခရီးစဉ်ဖြင့်ရောက်ရှိခဲ့ရာ ရေအခက်အခဲဖြစ်နေကြောင်း ရွာကတင်ပြပါသည်။ ရေတွင်းနှစ်တွင်းရှိရာ တစ်တွင်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လုပ်ပေးထားပြီး ပုံမှန်လည်ပတ်လျက်ရှိသည်ကို တွေ့ရသည်။ ကျန်တစ်တွင်းမှာ ယခင် စက်မှုလယ်ယာဦးစီးဌာနအောက်မှ ကျေးလက်ရေပေးရေးဌာနခွဲက လုပ်ပေးထားခြင်းဖြစ်ပြီး Mono Pump စနစ်ဖြင့် တင်ခြင်းဖြစ်ကြောင်း၊ နှစ်ပေါင်းကြာမြင့်ပြီဖြစ်၍ ပျက်နေကြောင်း တင်ပြကြသည်။ ရေစင်လည်းရှိတာ တွေ့ရသည်။ ပြင်ဆင်ပေးရမည်က ရေကော်မတီနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ တာဝန်ဖြစ်ပါသည်။

သို့သော် ဖြစ်စေချင်သည်/ဖြစ်သင့်သည်က "ဌာန၏ မူဝါဒနှင့်အညီ ရေကော်မတီက ရေခွန်ရေခ ဘယ်လောက်ကောက်ခံထားရှိပြီး ရသည့်ငွေဖြင့် ဘာတွေသုံးထားတယ်။ လက်ကျန်ငွေ ဘယ်လောက်ရှိတယ်။ ပြင်ဆင်စရိတ် ဘယ်လောက်ထပ်လိုလို့ ကူညီဆောင်ရွက်ပေးပါ"ဆိုသည့် တာဝန်ယူမှု၊ တာဝန်ခံမှုပါသော တင်ပြချက်မျိုး။ ဒီလိုတင်ပြချက်မျိုး လိုအပ်သည်။

အတွေ့အကြုံအရမူ မကွေးတိုင်းဒေသကြီးတွင် ရေကော်မတီများ အားကောင်းပါသည်။ လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်ကတည်းက ရေမီတာစနစ်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည့်အပြင် ကျေးရွာများမှ ပူးပေါင်းပါဝင် လုပ်ဆောင်ခဲ့ကြသည့်ဒေသ။ ယခုလို အားနည်းသည့်ကော်မတီမျိုးကို အားသာသည့်၊ စီမံခန့်ခွဲမှု၊ တာဝန်ယူတာဝန်ခံမှုအားကောင်းသည့် ကော်မတီများနှင့် ချိတ်ဆက်ပေးပြီး "ကွန်ချက်" ပြရပေဦးမည်။

**ကျေးရွာစိတ်ဓာတ်ကိုလေ့ကျင့်ပေး**

ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုကို ဖော်ဆောင်ရာတွင် ကျေးလက်နေပြည်သူများဘက်မှလည်း လုပ်ချင်ကိုင်ချင်စိတ်ရှိဖို့ လိုပါသည်။ ပူးပေါင်းပါဝင်လိုစိတ် ရှိရပါမည်။ "အမှန်တကယ် ပူးပေါင်းဆောင်ရွက်လာအောင်၊ ပူးပေါင်းဆောင်ရွက်မှုကို ဂုဏ်ယူတတ်အောင်၊ နိုင်ငံသား တာဝန်ကျေတာကို ဂုဏ်ယူတတ်အောင်၊ ဒီရွာက တာဝန်ကျေတယ်၊ ဒီရွာက စည်းကမ်းသတ်မှတ်ချက်တွေ လိုက်နာတယ်ဆိုတာမျိုး သတ်မှတ်ခံရသည်ကို ဂုဏ်ယူတတ်အောင်" လေ့ကျင့်သင်ကြားပေးရပါမည်။ အသိအမြင်၊ အတွေးအခေါ်၊ ခံယူချက်များ မှန်ကန်အောင်၊ ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိလာအောင် လေ့ကျင့်သင်ကြားပေးကြရပါမည်။ စိတ်ပိုင်းဆိုင်ရာခံယူချက် စိတ်ဓာတ်က အလွန်အရေးကြီးသည်ဖြစ်ရာ စည်းလုံးညီညွတ်ကြရန်၊ တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်တတ်စေရန်အတွက် ကိုယ့်အားကိုယ်ကိုးပြီး ကိုယ်တိုင်လုပ်နိုင်သည်ဟူသော "ကျေးရွာစိတ်ဓာတ်"ကို ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတိုင်းတွင် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိပါသည်။

နိုင်ငံတော်နှင့် ဌာနအသီးသီးက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးအတွက် ကဏ္ဍအလိုက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရာတွင် ကိုယ့်အားကိုယ်ကိုးတတ်လာစေရန်၊ လုပ်ချင်ကိုင်ချင်စိတ် ရှိလာစေရန်၊ တကယ်လုပ်လျှင် တကယ်ပံ့ပိုးသည့် အကျိုးဖြစ်ထွန်းမှုနှင့် ဆွဲဆောင်သည့်နည်းလမ်းဖြင့် "ကွန်ချက်" များကို သင်ကြားပြသပေးကြရမည် ဖြစ်ပါကြောင်း အကြံပြုတင်ပြလိုက်ရပါသည်။

# လှိုင်ကော်အကျဉ်းထောင်၌ နိုင်ငံရေးအကျဉ်းသားများအပါအဝင် အကျဉ်းသား ၂၀ လွတ်ရက်စေ့သော်လည်း ပြန်လွှတ်မပေးဘဲ လုံခြုံရေးအကြောင်းပြချက်ဖြင့် မတရားဆက်လက်ဖမ်းဆီးထားကြောင်း ကောလာဟလ သတင်းအမှားများကို ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ကယားပြည်နယ် လှိုင်ကော်အကျဉ်းထောင်၌ နိုင်ငံရေးအကျဉ်းသားများ အပါအဝင် အကျဉ်းသား ၂၀ လွတ်ရက်စေ့သော်လည်း အကျဉ်းထောင်မှ လုံခြုံရေးအကြောင်းပြချက်ဖြင့် ပြန်လည်လွှတ်ပေးခြင်း မရှိဘဲ မတရား ဆက်လက်ဖမ်းဆီးထားကြောင်း ကောလာဟလ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာ Khit Thit က မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ ကောလာဟလသတင်းနှင့်ပတ်သက်၍ အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ "လှိုင်ကော်အကျဉ်းထောင်တွင် ပြစ်ဒဏ်ရက်ပြီးဆုံး၍ လွတ်မြောက်ပြီးဖြစ်သော်လည်း ခရီးသွားပို့ဆောင်ရေးယာဉ်များ ပြေးဆွဲခြင်းမရှိခြင်းကြောင့် ၎င်းတို့ကို ဥပဒေနှင့်အညီ လက်ခံကျွေးမွေးထားရှိပြီး လွတ်လပ်စွာ နေထိုင်ခွင့်ပြုထားပါကြောင်း၊ နေရပ်အသီးသီးသို့ အဆင်ပြေချောမွေ့ စွာနဲ့ ပြန်နိုင်ရေးအတွက်လည်း တာဝန်ရှိသူများအနေဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အကျဉ်းထောင်က လွတ်ပြီးသော်လည်း ပြန်ရန်အဆင်မပြေသေးပါက ကျွေးမွေးစောင့်ရှောက်ထားရန် ဥပဒေတွင် ပြဋ္ဌာန်းထားရှိကြောင်းနှင့် ၎င်းတို့ကို မတရားချုပ်နှောင်ထားခြင်း မရှိပါကြောင်း" သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများအနေဖြင့် အနောက်နိုင်ငံများအလိုကျ နိုင်ငံအတွင်း ဆူပူသောင်းကျန်းမှုများဖြင့် တည်ငြိမ်အေးချမ်းမှုမရှိစေရန် ဦးတည်လုပ်ဆောင်နေပြီး အကြောင်းအရာမျိုးစုံကို မဟုတ်မမှန်ရေးသားကာ ပြည်သူများအား အထင်အမြင်လွဲမှားစေရန်နှင့် ကြောက်ရွံ့ထိတ်လန့်လာစေရန်အတွက် ဖြစ်စဉ်ဖြစ်ရပ်များကို အခြေခံကာ သတင်းအမှားများဖြင့် လှုံ့ဆော်ဝါဒဖြန့် ရေးသားနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။


သတင်းစဉ်





# မုံရွာမြို့နယ် နဂါးတွင်းကျေးရွာနှင့် မတူပီမြို့နယ် ချန်းပြန်းကျေးရွာတို့ကို လုံခြုံရေးတပ်ဖွဲ့များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်တွင် မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

မုံရွာမြို့နယ် နဂါးတွင်းကျေးရွာကို ဖေဖော်ဝါရီ ၃ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးနေသည့်အတွက် ၎င်းကျေးရွာအနီးရှိ ကျေးရွာ ၁၀ ရွာကျော်မှ ပြည်သူများလည်း ထွက်ပြေးတိမ်းရှောင်လျက် ရှိကြောင်းနှင့် မတူပီမြို့နယ် ချန်းပြန်းကျေးရွာကိုလည်း ဖေဖော်ဝါရီ ၁ ရက်က ၎င်းကျေးရွာအနီးတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ မိုင်းဆွဲတိုက်ခိုက်ခံရသောကြောင့် ချန်းပြန်းကျေးရွာကို ရွာလုံးကျွတ် မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က လူမှုကွန်ရက်ပေါ်တွင် လုပ်ကြံရေးသားဝါဒဖြန့်နေသည်ကို တွေ့ရှိရသည်။



အဆိုပါ သတင်းများနှင့်ပတ်သက်၍ နယ်မြေခံပြည်သူများ၏ ပြောကြားချက်များနှင့် သက်ဆိုင်ရာနယ်မြေမှ လုံခြုံရေးတာဝန်ရှိသူများ၏ ပြောကြားချက်များအရ မုံရွာမြို့နယ် နဂါးတွင်းကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးနေသည် ဆိုသည်မှာ သတင်းအမှားသာဖြစ်ပါကြောင်း၊ ၎င်းရက်နေ့တွင် နဂါးကျေးရွာနှင့် အနီးပတ်ဝန်းကျင်များတွင် နယ်မြေလုံခြုံရေး ဆောင်ရွက်ခြင်း မရှိကြောင်း သိရပါသည်။ အလားတူ မတူပီမြို့နယ် ချန်းပြန်းကျေးရွာအနီးတွင်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ဖေဖော်ဝါရီ ၁ ရက်က သွားရောက်ခဲ့ခြင်းမရှိကြောင်းနှင့် ၎င်းကျေးရွာအား မီးရှို့ဖျက်ဆီးခဲ့သည်ဟု ရေးသားမှုမှာလည်း လုပ်ကြံ ရေးသားခြင်းသာဖြစ်ကြောင်း သိရသည်။



တရားမဝင်ပြည်ဖျက် မီဒီယာများ၏ နိုင်ငံအားအလုံးစုံပျက်သုဉ်းရေးအတွက် သတင်းတု၊ သတင်းအမှားများကို ကြိမ်ဖန်များစွာ လုပ်ကြံရေးသားပြီး ပြည်သူများအား သတင်းအဆိပ်ခတ် ဖြန့်ဝေလျက်ရှိရာ ၎င်းတို့၏ လုပ်ကြံသတင်းအမှားများအပေါ် ပြည်သူများ အထင်အမြင် လွဲမှားမှုမရှိစေရန်အတွက် နိုင်ငံပိုင်သတင်းဌာနများနှင့် သတင်းစာများတွင် သတင်းအမှန်များကို အချိန်နှင့်တစ်ပြေးညီ ပြန်လည်ထုတ်လွှင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# လက်ပံတန်းမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦး ဒဏ်ရာရ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်၌ ဖေဖော်ဝါရီ ၂ ရက်က ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂ ရက် ည ၈ နာရီ ၅ မိနစ်တွင် လက်ပံတန်းမြို့နယ် ရန်ကုန် – ပြည်ကားလမ်း မိုင်တိုင်အမှတ် ၉၀ မိုင်၊ ၁ ဖာလုံနှင့် ၂ ဖာလုံကြား အရောက်တွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ လက်ပံတန်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက် စစ်ဆေးရာ ပြည်ဘက်မှ ရန်ကုန်ဘက်သို့ တောင်ဥက္ကလာပမြို့နယ် (၁၃) ရပ်ကွက်နေ ရန်နိုင်စိုး (၃၀) နှစ် မောင်းနှင်လာသော RLG/xxxx KLUGER ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ မျက်နှာချင်းဆိုင်ဘက်မှ လက်ပံတန်းမြို့နယ်နေ အောင်ထက်ကျော် (၂၃) နှစ် မောင်းနှင်ပြီး ဒေါ်ခင်နှင်းနှင်း (၅၃) နှစ် လိုက်ပါလာသည့် ဆိုင်ကယ်ကို လမ်းအလယ်၌ အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့သဖြင့် အောင်ထက်ကျော်နှင့် ဒေါ်ခင်နှင်းနှင်း တို့တွင် ဒဏ်ရာများအသီးသီး ရရှိခဲ့သဖြင့် အောင်ထက်ကျော်နှင့် ရန်နိုင်စိုးတို့ နှစ်ဦးအား လက်ပံတန်းမြို့မရဲစခန်း ယာဉ်(ပ) ၅/၂၀၂၄၊ ရာဇသတ်ကြီးပုဒ်မ ၃၃၇/၃၃၈ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

❑ *ကျောဖုံးမှ*

မြန်မာ့လက်ရွေးစင်အသင်းအနေဖြင့် ယခုနှစ်အတွင်း အဓိကပြိုင်ပွဲများသာ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ထိုက်သင့်သည့် ရလဒ်ကောင်းရယူနိုင်ရန် လိုအပ်နေသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ပြီးခဲ့သည့်နှစ်ကတည်းက ဝင်ရောက်ယှဉ်ပြိုင်နေသည့် ၂၀၂၆ ကမ္ဘာ့ဖလား အာရှဇုန်ဒုတိယအဆင့် ခြေစစ်ပွဲ အုပ်စုလက်ကျန်ပွဲများကို မတ်လနှင့် ဇွန်လတို့တွင် ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဒုတိယအဆင့်ခြေစစ်ပွဲအဖြစ် လေးပွဲကစားရန် ကျန်ရှိနေပြီး မတ်လတွင် ဆီးရီးယားအသင်းနှင့် အိမ်ကွင်းတစ်ပွဲ၊ အဝေးကွင်းတစ်ပွဲ၊ ဇွန်လတွင် ဂျပန်အသင်းနှင့် အိမ်ကွင်း၊ မြောက်ကိုရီးယားအသင်းနှင့် အဝေးကွင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် နှစ်ကုန်ပိုင်းတွင်မူ AFF Mitsubishi Electric Cup ပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် AFF Mitsubishi Electric Cup ပြိုင်ပွဲ (ယခင် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ) တွင် ဗိုလ်လုပွဲသို့ တစ်ကြိမ်မျှ တက်ရောက်နိုင်ခြင်း မရှိသေးဘဲ အမြင့်ဆုံး ဆီမီးဖိုင်နယ်အဆင့်သို့ နှစ်ကြိမ်တက်ရောက်နိုင်ခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ်အဖြစ် ဂျာမနီနိုင်ငံသား ဖိုက်အွန်ဘိုင်နာက ကိုင်တွယ်နေပြီး လေ့ကျင့်မှုမပြတ်စေရန် ဇန်နဝါရီဒုတိယပတ်မှ ဖေဖော်ဝါရီပထမပတ်အထိ နှစ်ကြိမ်တိုင် စခန်းဝင်လေ့ကျင့်မှုများ ပြုလုပ်ကာ ပြည်တွင်းကလပ်အသင်းများနှင့် ခြေစမ်းပွဲသုံးပွဲ ယှဉ်ပြိုင်ကစားခဲ့သည်။

ရဲရင့်လွင်
ဓာတ်ပုံ – သော်လေး

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–ကနှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Chan Myae" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၇) ရပ်ကွက်နေ ကောင်းထက်သူ(ခ) ချမ်းမြေ့ပိုင်အား မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင်လည်းကောင်း၊ "Aung Lay" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ မြေဝတီရပ်ကွက်နေ စိုးမိုးကျော်အား ည ၆ နာရီ မိနစ် ၄၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဟားမားစ်တို့ဖမ်းဆီးထားသည့် ဓားစာခံများပြန်လွှတ်ပေးရေး အစ္စရေးနိုင်ငံတစ်ဝန်း တောင်းဆို

ဂျေရုဆလင် ဖေဖော်ဝါရီ ၄

**အစ္စရေးနိုင်ငံတစ်ဝန်း ဆန္ဒပြသူများသည် ဂါဇာကမ်းမြောင်ဒေသတွင် ဟားမားစ်အုပ်စု၏ ဖမ်းဆီးခြင်းခံထားရသော ဓားစာခံများ လုံခြုံစိတ်ချစွာပြန်လွှတ်ပေးရေးအတွက် အစိုးရထံ တောင်းဆိုလျက်ရှိသည်။**

ဖေဖော်ဝါရီ ၃ ရက် ညပိုင်းက တဲလ်အဗီးမြို့၌ ပြုလုပ်သည့် စုဝေးပွဲတစ်ခုတွင် ထောင်ပေါင်းများစွာသောလူများ ပါဝင်ခဲ့ကြသည်ဟု ယူဆရသည်။ ဓားစာခံများ ပြန်လွှတ်ပေးရေးအတွက် ဟားမားစ်တို့ကို ဆွဲဆောင်နိုင်ရန် အပစ်အခတ်ရပ်စဲရေးကို အစိုးရဘက်မှ သဘောတူရန် အချို့ကတိုက်တွန်းထားကြသည်။

ဂါဇာကမ်းမြောင်ဒေသတောင်ပိုင်းရှိ ခန်းယူနစ်မြို့နှင့် ရာဖာမြို့တို့တွင် အစ္စရေးတပ်ဖွဲ့က အပြင်းအထန် ထိုးစစ်ဆင်နွှဲလျက်ရှိသည်။ အစ္စရေးတပ်ဖွဲ့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ရာဖာမြို့ ခိုလှုံရာနေရာအဖြစ် အသုံးပြုနေသည့် မူလတန်းကျောင်းတစ်ကျောင်း ထိမှန်ကာ ကလေးနှစ်ဦးထက်မနည်းသေဆုံးကာ ဒဏ်ရာရရှိသူလည်း များပြားကြောင်း ပါလက်စတိုင်းမီဒီယာများတွင် ဖော်ပြကြသည်။

အစ္စရေးတပ်ဖွဲ့၏ တိုက်ခိုက်မှုကြောင့် သေဆုံးသူဦးရေမှာ ၂၇၃၆၅ ဦးရှိပြီဟု ဂါဇာကျန်းမာရေးအာဏာပိုင်များက ပြောသည်။ ကာတာနှင့် အီဂျစ်နိုင်ငံတို့၏ ကြားဝင်ဆောင်ရွက်ပေးမှုဖြင့် အပစ်အခတ်ရပ်စဲရေးနှင့် ဓားစာခံများ ပြန်လွှတ်ပေးရေး ဆွေးနွေးပွဲများကို ဇန်နဝါရီလနှောင်းပိုင်းမှစတင်ကာ ပြုလုပ်လျက်ရှိသည်။

ဟားမားစ်တို့ဘက်မှ လုံးဝအပစ်အခတ်ရပ်စဲရေး တောင်းဆိုလျက်ရှိသော်လည်း အစ္စရေးဘက်ကမူ ယင်းအဆိုပြုချက်ကို ပယ်ချခဲ့သည်။ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်သည် အစ္စရေးနှင့် ကာတာနိုင်ငံတို့အပါအဝင် အရှေ့အလယ်ပိုင်းဒေသသို့ ခရီးထွက်ရန် စီစဉ်ထားသည်။

အင်န်အိတ်ချ်ကေ



တဲလ်အဗီးမြို့၌ ဓားစာခံများ ပြန်လွှတ်ပေးရေး ဆန္ဒပြတောင်းဆိုနေကြသူများကို ဖေဖော်ဝါရီ ၁ ရက်က တွေ့ရစဉ်။

## နမီးဘီးယားသမ္မတ ဟိတ်ချ် ဂျီ ဂန်ဂေါ့ဘ် အသက် ၈၂ နှစ်တွင် ကင်ဆာရောဂါဖြင့် ကွယ်လွန်

**ဝင်းဒေါ့ခ် ဖေဖော်ဝါရီ ၄**

နမီးဘီးယားသမ္မတ ဟိတ်ချ်ဂျီ ဂန်ဂေါ့ဘ် အသက် ၈၂ နှစ်သည် မြို့တော်ဝင်းဒေါ့ခ်ရှိ ဆေးရုံတစ်ခု၌ ကင်ဆာရောဂါကုသမှုခံယူစဉ် ဖေဖော်ဝါရီ ၄ ရက် အစောပိုင်းတွင် ကွယ်လွန်သွားကြောင်း သမ္မတရုံးက ကြေညာထားသည်။

နမီးဘီးယားသမ္မတ ဂန်ဂေါ့ဘ်သည် ၂၀၁၅ ခုနှစ် မတ် ၂၁ ရက်မှ စတင်ကာ နမီးဘီးယားနိုင်ငံ၏ တတိယမြောက် သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် နောက်ထပ် ငါးနှစ်သက်တမ်းအတွက် ပြန်လည်ရွေးကောက်ခံရကြောင်း သိရသည်။ ၎င်းသည် ၁၉၉၀ ပြည့်နှစ်မှ ၂၀၀၂ ခုနှစ်အထိနှင့် ၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြောင်း သိရသည်။ ၎င်းတို့၏ သမ္မတ ပြန်လည်ကျန်းမာလာစေရန် အစွမ်းကုန်ကြိုးစားခဲ့ကြောင်း ၎င်း၏ဆေးဘက်ဆိုင်ရာအဖွဲ့က ထုတ်ပြန်ချက်တွင် ပြောကြားသည်။ ဂန်ဂေါ့ဘ်သည် မြို့တော်ဝင်းဒေါ့ခ်ရှိ လေဒီပိုဟမ်ဘာဆေးရုံတွင် ကင်ဆာရောဂါအတွက် ဓာတုကုထုံးကို ကုသမှုခံယူပြီးနောက် စိုးရိမ်ရသော်လည်း တည်ငြိမ်သော အခြေအနေတွင် ရှိကြောင်း ဖေဖော်ဝါရီ ၃ ရက်က နမီးဘီးယား ဒုတိယသမ္မတ အမ်ဘွမ်ဘာက ပြောကြားသည်။


နမီးဘီးယားသမ္မတ ဟိတ်ချ်ဂျီဂန်ဂေါ့ဘ်။

ဂန်ဂေါ့ဘ်၏ ဆေးဘက်ဆိုင်ရာအဖွဲ့က အသားစတို့ကို ခွဲစိတ်စစ်ဆေးမှု ပြုလုပ်ခဲ့ပြီးနောက် ကင်ဆာဆဲလ်များကို တွေ့ရှိခဲ့ကြောင်း နမီးဘီးယားသမ္မတက ဇန်နဝါရီ ၁၉ ရက်က ပြောကြားခဲ့သည်။

ဆင်ဟွာ

## လပတ်လမ်းကြောင်းသို့ စမ်းသပ်ဂြိုဟ်တုနှစ်စင်း လွှတ်တင်ရန် တရုတ်နိုင်ငံက ပြင်ဆင်

ပေကျင်း ဖေဖော်ဝါရီ ၄

တရုတ်နိုင်ငံသည် လနှင့်ကမ္ဘာကြား ဆက်သွယ်ရေးလမ်းကြောင်း တည်ဆောက်ရန် လပတ်လမ်းကြောင်းသို့ စမ်းသပ်ဂြိုဟ်တုနှစ်စင်း လွှတ်တင်နိုင်ရေး မျှော်မှန်းထားကြောင်း သိရသည်။

ဂြိုဟ်တုနှစ်စင်း၏ အလေးချိန်မှာ ၆၁ ကီလိုဂရမ်နှင့် ၁၅ ကီလိုဂရမ် အသီးသီးရှိသည်။ လမ်းကြောင်းချိန်ညှိခြင်းများ၊ ယုံကြည်စိတ်ချရသည့် အချက်ပြထုတ်လွှင့်မှုများပါဝင်သည့် နည်းပညာသစ်များ၏ ခိုင်မာမှုကို အတည်ပြုရန်လပတ်လမ်းကြောင်းသို့ အဆိုပါဂြိုဟ်တုများကို လွှတ်တင်မည်ဖြစ်သည်ဟု အာကာသစူးစမ်းလေ့လာရေးဓာတ်ခွဲခန်းက ဖေဖော်ဝါရီ ၃ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါဂြိုဟ်တုနှစ်စင်းကို လနှင့်ကမ္ဘာကြား ကူးပြောင်းသည့် ပတ်လမ်းအတွင်းသို့ Queqiao-2 နှင့်အတူ လွှင့်တင်မည်ဖြစ်သည်။ ထို့နောက် ဂြိုဟ်တုနှစ်စင်းမှာ လအနီးသို့ရောက်သည့်အခါ အရှိန်တန့်၍ လပတ်လမ်းကြောင်းသို့ ဝင်ရောက်မည်ဖြစ်သည်။ ယခုနှစ်ပထမနှစ်ဝက်တွင် လွှတ်တင်ရန် စီစဉ်ထားသည့် Queqiao-2 သည် တရုတ်နိုင်ငံ၏ လစူးစမ်းရှာဖွေရေးအစီအစဉ်၏ စတုတ္ထအဆင့်အတွက် ပလက်ဖောင်းတစ်ခုအဖြစ် ဆောင်ရွက်ကာ Chang'e-4၊ Chang'e-6၊ Chang'e-7 နှင့် Chang'e- 8 မစ်ရှင်တို့အတွက် ဆက်သွယ်ရေးဝန်ဆောင်မှုများ ပံ့ပိုးပေးမည်ဖြစ်သည်။

ဆင်ဟွာ

## တူကီယဲ၌ ရဟတ်ယာဉ်ပျက်ကျသဖြင့် လေယာဉ်မှူးနှစ်ဦး သေဆုံး

**အန်ကာရာ ဖေဖော်ဝါရီ ၄**

တူကီယဲနိုင်ငံ ဂါဇီအန်တက်ပြည်နယ် အရှေ့တောင်ပိုင်း၌ ရဟတ်ယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွားသဖြင့် လေယာဉ်မှူးနှစ်ဦး သေဆုံးပြီး နည်းပညာရှင်တစ်ဦး ဒဏ်ရာရရှိကြောင်း တူကီယဲပြည်ထဲရေးဝန်ကြီး အလီယာလီကာရာက ဖေဖော်ဝါရီ ၄ ရက်တွင် ပြောကြားသည်။

လေကြောင်း လုံခြုံစိတ်ချမှုဆိုင်ရာ အထွေထွေညွှန်ကြားရေးမှူးရုံးတွင် မှတ်ပုံတင်ထားသည့် အဆိုပါရဟတ်ယာဉ်သည် နူဒါဒီခရိုင် ကာတယ်ကျေးရွာတွင် ပျက်ကျခဲ့ကြောင်း ယာလီကာရာက လူမှုကွန်ရက်မီဒီယာပလက်ဖောင်း X တွင် ပြောကြားသည်။

အဆိုပါ ရဟတ်ယာဉ်သည် ဟာတေးပြည်နယ် တောင်ပိုင်းမှ ထွက်ခွာခဲ့ပြီး ဖေဖော်ဝါရီ ၃ ရက် ဒေသစံတော်ချိန် ည ၁၀ နာရီ ၄၉ မိနစ်တွင် နောက်ဆုံးဆက်သွယ်ခဲ့ကြောင်း ၎င်းက ဆက်ပြောသည်။

ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ဆေးဘက်ဆိုင်ရာအဖွဲ့ အများအပြားကို ရဟတ်ယာဉ်ပျက်ကျရာနေရာသို့ စေလွှတ်ခဲ့ပြီး ဒဏ်ရာရရှိခဲ့သည့် နည်းပညာရှင်ကို ဒေသတွင်းဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ရဟတ်ယာဉ်ပျက်ကျရသည့်အကြောင်းရင်းကို ထုတ်ဖော်ပြောကြားခြင်း မရှိပေ။

**ဆင်ဟွာ**



## အင်ဒိုနီးရှားနိုင်ငံ မြောက်ဆူမားတြား၌ မြေပြိုမှုကြောင့် သုံးဦးသေဆုံးပြီး ၁၃ ဦးဒဏ်ရာရ

ဂျကာတာ ဖေဖော်ဝါရီ ၄

အင်ဒိုနီးရှားနိုင်ငံ မြောက်ဆူမားတြားရှိ တာပန်နူလီဒေသ၌ မြေပြိုမှုကြောင့် အဝေးပြေးလမ်းမပိတ်သွားကာ သုံးဦးသေဆုံးပြီး ၁၃ ဦး ဒဏ်ရာရရှိခဲ့သည်ဟု အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုအေဂျင်စီက ဖေဖော်ဝါရီ ၄ ရက်တွင် ပြောသည်။

တာတူတန်-စီဘိုဂါ အမျိုးသားလမ်းမကြီးတွင် ဖေဖော်ဝါရီ ၄ ရက် ညနေ ၅ နာရီခန့်က လမ်းပိတ်ဆို့မှုဖြစ်ပွားနေစဉ် လမ်းဘက်ရှိ ချောက်ကမ်းပါးမှာ ရုတ်တရက်ပြိုကျခဲ့ပြီး မော်တော်ယာဉ်များစွာ ထိခိုက်ခဲ့သည်ဟု အေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူ မူဟာရီက ပြောသည်။ ကားအတွင်းမှ ခင်ပွန်းသည်၊ ဇနီးနှင့် ကလေးတစ်ဦးတို့ သေဆုံးခဲ့သည်ဟု ၎င်းက ဆက်ပြောသည်။

ခုနစ်ဦးမှာ အသေးစားဒဏ်ရာများရရှိခဲ့ပြီး ခြောက်ဦးမှာ ဒဏ်ရာပြင်းထန်သည်ဟု သိရသည်။ ဒဏ်ရာရရှိသူအားလုံးကို နီးစပ်ရာ ဆေးရုံများသို့ ပို့ဆောင်ပေးခဲ့သည်။ မြေပြိုမှုကြောင့် နေအိမ်တစ်လုံး၊ မီနီဘတ်စ်ကား ငါးစီး၊ ထရပ်ကားတစ်စီးနှင့် မော်တော်ဆိုင်ကယ်အချို့ ပျက်စီးခဲ့သည်ဟု သိရသည်။

**ဆင်ဟွာ**

# ၂၀၂၃ ခုနှစ်မှာ ကမ္ဘာတစ်ဝန်း သိသာထင်ရှားတဲ့ ဖြစ်ရပ်များစွာ ဖြစ်ပွား

လင်းလက်ကြယ်

၂၀၂၃ ခုနှစ်မှာ ကမ္ဘာတစ်ဝန်း သိသာထင်ရှားတဲ့ ဖြစ်ရပ်များစွာ ဖြစ်ပွားခဲ့ပါတယ်။ အိန္ဒိယက တရုတ်နိုင်ငံကို ကျော်ဖြတ်ကာ ကမ္ဘာ့လူဦးရေ အထူထပ်ဆုံးနိုင်ငံအဖြစ် ရပ်တည်နိုင်မှု၊ တူကီယဲနိုင်ငံ အင်အားပြင်းငလျင်လှုပ်ခတ်မှု၊ လစူးစမ်းလေ့လာရေးယာဉ် ချန်ဒရာယန်-၃ လွှတ်တင်မှု၊ သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ခံရသူပေါင်း ငါးသန်းကျော်လာမှု၊ အင်္ဂါဂြိုဟ်နဲ့ ဂျူပီတာဂြိုဟ်အကြားမှာရှိတဲ့ ဂြိုဟ်သိမ်ဂြိုဟ်မွှားတစ်ခုကို စူးစမ်းလေ့လာဖို့ မောင်းသူမဲ့ အာကာသယာဉ်လွှတ်တင်မှု၊ တောက်ပတဲ့ အလင်းရောင်ထွက် ကုန်းနေခရုမျိုးစိတ် ငါးမျိုး ရှာဖွေတွေ့ရှိမှု စတာတွေ ဖြစ်ပွားခဲ့ပါတယ်။

### အိန္ဒိယနိုင်ငံက ကမ္ဘာ့လူဦးရေ အထူထပ်ဆုံးနိုင်ငံအဖြစ် ရပ်တည်

ပြီးခဲ့တဲ့နှစ်မှာ အိန္ဒိယနိုင်ငံအနေနဲ့ အိမ်နီးချင်းတရုတ်နိုင်ငံကို ကျော်ဖြတ်ကာ လူဦးရေ ၁ ဒသမ ၄၃ ဘီလီယံနဲ့ ကမ္ဘာ့လူဦးရေ အထူထပ်ဆုံးနိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့တယ်။ ခန့်မှန်းချက်တွေအရ အိန္ဒိယနိုင်ငံဟာ လာမယ့်ဆယ်စုနှစ်တွေအထိ ကမ္ဘာ့လူဦးရေ အထူထပ်ဆုံးနိုင်ငံအဖြစ် ဆက်လက်ရပ်တည်နိုင်ဖွယ်ရှိပါတယ်။ အိန္ဒိယနိုင်ငံရဲ့ လူဦးရေအများစုဟာ လူငယ်လူရွယ်တွေဖြစ်ပြီး နိုင်ငံတစ်နိုင်ငံရဲ့ အလုပ်လုပ်နိုင်တဲ့အရွယ်အဖြစ် သတ်မှတ်ထားတဲ့ အသက် ၁၅ နှစ်နဲ့ ၆၄ နှစ်ကြားအရွယ် ၆၈ ရာခိုင်နှုန်းရှိတယ်လို့ ဆိုပါတယ်။ မွေးစမှ ၁၄ နှစ်ခန့်ကြားမှာ ၂၅ ရာခိုင်နှုန်း၊ ၁၀ နဲ့ ၁၉ နှစ်ကြားမှာ ၁၈ ရာခိုင်နှုန်း၊ ၁၀ နဲ့ ၂၄ နှစ်ကြားမှာ ၂၆ ရာခိုင်နှုန်းနဲ့ ၆၅ နှစ်အထက်မှာ ၇ ရာခိုင်နှုန်းရှိတယ်လို့ အချက်အလက်တွေအရ သိရပါတယ်။

### အင်အားပြင်းထန်တဲ့ ငလျင်ဆက်တိုက်လှုပ်ခတ်မှု

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်က တူကီယဲနဲ့ အိမ်နီးချင်း ဆီးရီးယားနိုင်ငံတို့မှာ အင်အားပြင်းထန်တဲ့ ငလျင်ဆက်တိုက် လှုပ်ခတ်မှုကြောင့် လူပေါင်း ၆၇၀၀၀ ကျော် သေဆုံးမှုဖြစ်ပွားခဲ့ပါတယ်။ အဆောက်အအုံထောင်ချီ ပြိုကျမှုဖြစ်ပွားခဲ့ပြီး ဒေသခံ ထောင်ပေါင်းများစွာ ပိတ်မိမှုဖြစ်ပွားခဲ့ပါတယ်။ အပျက်အစီးအများစုဟာ တူကီယဲနိုင်ငံ အန်တာကာဒေသမှာ လှုပ်ခတ်ခဲ့တဲ့ ပြင်းအား ၇ ဒသမ ၈ အဆင့်နဲ့ ၇ ဒသမ ၇ အဆင့်ရှိ ငလျင်ကြောင့် နာရီပိုင်းအတွင်း ဖြစ်ပွားခဲ့တာပါ။ ၎င်းငလျင်ကို ၁၉၃၉ ခုနှစ်နောက်ပိုင်း အကြီးမားဆုံး ငလျင်လှုပ်ခတ်မှုအဖြစ် သတ်မှတ်ထားပါတယ်။



### လစူးစမ်းလေ့လာရေးယာဉ် ချန်ဒရာယန် - ၃

အိန္ဒိယနိုင်ငံရဲ့ လစူးစမ်းလေ့လာရေးယာဉ် ချန်ဒရာယန်-၃ ဟာ ဩဂုတ်လက အိန္ဒိယဒေသစံတော်ချိန် ည ၆ နာရီ ၀၄ မိနစ် ဝန်းကျင်မှာ လမျက်နှာပြင်ပေါ်ကို အောင်အောင်မြင်မြင် ဆင်းသက်နိုင်ခဲ့ပါတယ်။ အိန္ဒိယနိုင်ငံဟာ ကမ္ဘာပေါ်မှာ ယခင်ဆိုဗီယက်ယူနီယံ၊ အမေရိကန်နဲ့ တရုတ်နိုင်ငံတို့ပြီးနောက် လမျက်နှာပြင်ပေါ်ကို အာကာသယာဉ် အောင်မြင်စွာ ဆင်းသက်နိုင်တဲ့ စတုတ္ထမြောက်နိုင်ငံ ဖြစ်လာခဲ့ပါတယ်။ အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီက လစူးစမ်းလေ့လာရေးယာဉ် အောင်မြင်စွာ ဆင်းသက်နိုင်မှုနဲ့ပတ်သက်ပြီး နိုင်ငံရဲ့ သိပ္ပံနည်းပညာဆိုင်ရာ အသိုင်းအဝိုင်းကို ချီးကျူးဂုဏ်ပြုခဲ့ပါတယ်။



### သွေးလွန်တုပ်ကွေး ရောဂါကူးစက်ခံရသူပေါင်း ငါးသန်းကျော်လာ

ခြင်မှကူးစက်တဲ့ သွေးလွန်တုပ်ကွေးရောဂါဟာ ယခင်ကူးစက်ပျံ့နှံ့ခြင်းမရှိတဲ့ နိုင်ငံတွေကိုပင် ယခုအခါ ကူးစက်ပျံ့နှံ့လျက်ရှိပြီး ရောဂါကူးစက်ခံရသူပေါင်း ငါးသန်းကျော်နဲ့ သေဆုံးသူပေါင်း ၅၀၀၀ ကျော် ရှိလာကြောင့် ဒီဇင်ဘာလက သွေးလွန်တုပ်ကွေးအန္တရာယ် ခြိမ်းခြောက်မှုနဲ့ပတ်သက်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို) က သတိပေးခဲ့ပါတယ်။ လူပေါင်းလေးဘီလီယံမှာ သွေးလွန်တုပ်ကွေးရောဂါ အန္တရာယ်ရှိပေမယ့် ကူးစက်ခံရသူအများစုမှာ ရောဂါလက္ခဏာပြသခြင်းမရှိဘဲ ရက်သတ္တတစ်ပတ်မှ နှစ်ပတ်အတွင်း ပြန်လည်ကောင်းမွန်လာကြကြောင်း ဒဗလျူအိတ်ချ်အိုက ပြောပါတယ်။ သွေးလွန်တုပ်ကွေးရောဂါအတွက် တိကျတဲ့ ကုသမှုမရှိတဲ့အတွက် ဆောလျင်စွာသိရှိခြင်းနဲ့ ဆေးဝါးကုသမှုခံယူခြင်းက ပြင်းထန်ရောဂါဖြစ်ပွားမှုကြောင့် သေဆုံးမှုနှုန်းကို လျှော့ချနိုင်တယ်လို့ ဆိုပါတယ်။

### ဆိုက်ခ်ီအာကာသယာဉ်

အမေရိကန်အာကာသအေဂျင်စီ နာဆာဟာ အင်္ဂါဂြိုဟ်နဲ့ ဂျူပီတာဂြိုဟ်အကြားမှာရှိတဲ့ ဂြိုဟ်သိမ်ဂြိုဟ်မွှားတစ်ခုကို စူးစမ်းလေ့လာဖို့ မောင်းသူမဲ့ အာကာသယာဉ်ကို အောက်တိုဘာအတွင်းမှာ အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစင်တာမှ စပေ့အိတ်စ်ဖယ်ကွန်ဒုံးပျံနဲ့ လွှတ်တင်လိုက်ပါတယ်။ အာကာသယာဉ်ဟာ လွှတ်တင်ပြီး တစ်နာရီခန့်အကြာမှာ ဒုံးပျံမှခွဲထွက်ခဲ့ပြီး သတ်မှတ်ထားတဲ့ ပတ်လမ်းအတွင်း ဝင်ရောက်နိုင်ခဲ့ပါတယ်။ ဆိုက်ခ်ီအာကာသယာဉ်အနေနဲ့ ၂၀၂၉ ခုနှစ်မှာ အဲဒီဂြိုဟ်သိမ်ဂြိုဟ်မွှားသို့ ရောက်ရှိရန် မျှော်မှန်းထားပါတယ်။ ဂြိုဟ်သိမ်ဂြိုဟ်မွှားဆိုက်ခ်ီဟာ အကျယ် ၂၈၀ ကီလိုမီတာအထိရှိပြီး ကြီးမားတဲ့ အာလူးပုံသဏ္ဌာန် အရာဝတ္ထုတစ်ခု ဖြစ်တယ်လို့ ဆိုပါတယ်။



### အာရုံကြောဆိုင်ရာ အချက်ပြမှုတွေကို ကိန်းဂဏန်းဖြစ် ပြောင်းလဲပေးတဲ့ ပရိုဂရမ်

AI နည်းပညာကို အသုံးပြုကာ လူသားတွေရဲ့ ဦးနှောက်လှုပ်ရှားမှုမှ ပုံရိပ်တွေကို ပြန်လည်ဖန်တီးနိုင်တဲ့ နည်းလမ်းတစ်ခုကို ဂျပန် သုတေသီအဖွဲ့တစ်ဖွဲ့က တီထွင်လိုက်ပါတယ်။ အဲဒီသုတေသီအဖွဲ့မှာ ကွမ်တမ်သိပ္ပံနဲ့ နည်းပညာဆိုင်ရာ အမျိုးသားအင်စတီကျု (ကျူအက်စ်တီ) နဲ့ အခြားအဖွဲ့အစည်းမှ သုတေသီတွေ ပါဝင်ပါတယ်။ ၎င်းတို့ဟာ အမှန်တကယ်ပုံရိပ်ရဲ့ ရုပ်ပိုင်းဆိုင်ရာ သွင်ပြင်လက္ခဏာကို ကိန်းဂဏန်းတွေအဖြစ် တွက်ချက်မှတ်သားထားပြီး အာရုံကြောဆိုင်ရာ အချက်ပြမှုတွေကို ကိန်းဂဏန်းဖြစ် ပြောင်းလဲပေးတဲ့ တစ်မူထူးခြားတဲ့ ပရိုဂရမ်တစ်ခုကို တီထွင်ခဲ့ကြတာပါ။

အဲဒီပရိုဂရမ်က ရှုခင်းတွေနဲ့ အခြားအရာဝတ္ထုပစ္စည်းတွေရဲ့ စိတ်ကူးထဲမှ ပုံရိပ်ကို ကိန်းဂဏန်းအချက်အလက်များအဖြစ် ပြောင်းလဲနိုင်ဖို့ လုပ်ဆောင်ပေးပါတယ်။ အဲဒီနောက် လူလုပ်အသိဉာဏ်တုဟုခေါ်တဲ့ AI က စိတ်ကူးထဲမှ ပုံရိပ်တွေကို ထုတ်လုပ်နိုင်ဖို့အတွက် ပြန်လည်ဆန်းစစ်မှုလုပ်ငန်းစဉ်တစ်ခုကို ပုံဖော်ပေးပါတယ်။

### ၁၀ နှစ် နီးပါးကြာပြီးနောက် လစ်ဗျားနဲ့ အီတလီနိုင်ငံကြား လေကြောင်း ပျံသန်းပြေးဆွဲ

လစ်ဗျားပို့ဆောင်ရေးဝန်ကြီးဌာနနဲ့ အီတလီမြို့ပြလေကြောင်း အာဏာပိုင်အဖွဲ့တို့ဟာ လေကြောင်းပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်



မှုနဲ့ပတ်သက်ပြီး သဘောတူညီချက်နှစ်ရပ်ကို ဒီဇင်ဘာလအတွင်းမှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။ လေကြောင်းပို့ဆောင်ရေးသဘောတူညီချက်က ဥရောပနဲ့ လစ်ဗျားနိုင်ငံတို့အကြား လေကြောင်းတွေ ပြန်လည်ပျံသန်းပြေးဆွဲရာမှာ လွယ်ကူချောမွေ့စေမှာဖြစ်ပြီး မြို့ပြလေကြောင်းအဖွဲ့တွေအကြား နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်က မြို့ပြလေကြောင်း ဝန်ထမ်းတွေရဲ့ စွမ်းဆောင်ရည်ကို မြှင့်တင်ရာမှာ အထောက်အကူပြုစေမှာ ဖြစ်ပါတယ်။

ဆယ်နှစ်နီးပါးကြာ ရပ်နားထားပြီးနောက် လစ်ဗျားနဲ့ အီတလီနိုင်ငံတို့အကြား တိုက်ရိုက်လေကြောင်းပျံသန်းပြေးဆွဲမှုကို စက်တင်ဘာလ အစောပိုင်းက ပြန်လည်စတင်ခဲ့ပါတယ်။ လုံခြုံရေးဆိုင်ရာ အကြောင်းပြချက်တွေနဲ့ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှာ ဥရောပကော်မရှင်က လစ်ဗျားလေကြောင်းလိုင်းအားလုံးကို ဥရောပလေပိုင်နက်အတွင်း ဝင်ရောက်ပျံသန်းခွင့် ပိတ်ပင်တားမြစ်ခဲ့ပါတယ်။

### တောက်ပတဲ့ အလင်းရောင်ထွက် ကုန်းနေခရုမျိုးစိတ်ငါးမျိုး ရှာဖွေတွေ့ရှိ

ဂျပန်နဲ့ ထိုင်းသုတေသီအဖွဲ့တစ်ဖွဲ့က တောက်ပတဲ့ အလင်းရောင်ထွက် ကုန်းနေခရုမျိုးစိတ်ငါးမျိုးကို အောက်တိုဘာလမှာ ရှာဖွေတွေ့ရှိခဲ့ပါတယ်။ အဲဒီလိုတွေ့ရှိမှုမှာ နှစ်ပေါင်း ၈၀ အတွင်း ပထမဆုံးအကြိမ် တွေ့ရှိမှုဖြစ်ပါတယ်။ ကမ္ဘာတစ်ဝန်းမှာ လူသိများတဲ့ ကုန်းခရုမျိုးစိတ်ပေါင်း ၃၀၀၀၀ ခန့် ရှိသော်လည်း ၁၉၄၃ ခုနှစ်က စင်ကာပူနိုင်ငံမှာ တွေ့ရှိခဲ့တဲ့ မျိုးစိတ်တစ်မျိုးတည်းကိုသာ တောက်ပတဲ့အလင်းရောင်ထွက် မျိုးစိတ်အဖြစ် ယခင်က သိရှိခဲ့ကြပါတယ်။

သုတေသီတွေဟာ ထိုင်းနိုင်ငံမှာ စုစည်းထားတဲ့ ကုန်းခရုများကို လေ့လာခဲ့ရာ အလင်းရောင်ထွက် မျိုးစိတ်ငါးမျိုးကို တွေ့ရှိခဲ့ခြင်းဖြစ်ကာ ၎င်းတို့ထဲမှ မျိုးစိတ်လေးမျိုးက Phuphania မျိုးနွယ်ဝင်ဖြစ်ပြီး စိမ်းဖန့်ဖန့် အရောင်များကို အဆက်မပြတ်ထုတ်လွှတ်တယ်လို့ ဆိုပါတယ်။ ဒါ့အပြင် Quantula striata မျိုးစိတ်တစ်ခုက လှုပ်ရှားသွားလာနေစဉ်အတွင်း ၎င်းပါးစပ်အနားတဝိုက်မှ မှိတ်တုတ်မှိတ်တုတ်စိမ်းဖန့်ဖန့်အရောင်တွေကို ထုတ်လွှတ်တယ်လို့ ဆိုပါတယ်။



### နှစ် ၄၀ အကြာမှာ အိန္ဒိယနဲ့ သီရိလင်္ကာနိုင်ငံကြား ကူးတို့ဝန်ဆောင်မှု ပြန်လည်စတင်

အိန္ဒိယနဲ့ သီရိလင်္ကာနိုင်ငံတို့ နှစ် ၄၀ ကြာ စောင့်ဆိုင်းခဲ့ရတဲ့ ကူးတို့ဝန်ဆောင်မှုကို အောက်တိုဘာလမှာ ပြန်လည်စတင်လိုက်ပါတယ်။ အဲဒီဝန်ဆောင်မှုကို အိန္ဒိယနိုင်ငံ တမီးနာဒူးလ်ပြည်နယ် အရှေ့ဘက်ကမ်းရိုးတန်းရှိ နာဂါပတ္တနမ်ဆိပ်ကမ်းနဲ့ သီရိလင်္ကာနိုင်ငံ မြောက်ပိုင်းပြည်နယ်ရဲ့ မြို့တော်ဂျက်ဖ်နာအနီးရှိ ကန်ကီဆန်သူရိုင်ဆိပ်ကမ်းတို့အကြား စတင်ပြေးဆွဲခြင်းဖြစ်ပါတယ်။ ။

## မကွေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၌ ဥပဒေအရာရှိ ကျင့်ဝတ်နှင့် မျှတသော တရားစီရင်ရေးဆိုင်ရာစံနှုန်းများ ဆန်းစစ်ချက်ဖြေဆို



**မကွေး ဖေဖော်ဝါရီ ၄**

မကွေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး ဥပဒေအရာရှိကျင့်ဝတ် ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ဥပဒေအရာရှိ ကျင့်ဝတ်နှင့် မျှတသော တရားစီရင်ရေးဆိုင်ရာ စံနှုန်းများ ဆန်းစစ်ချက် ဖြေဆိုခြင်းကို ယနေ့နံနက် ၁၀ နာရီက မကွေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး ပါမောက္ခ ဦးလှအောင် ခန်းမ၌ ပြုလုပ်သည်။

အဆိုပါ စာမေးပွဲကို မကွေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးနှင့် တိုင်းဒေသကြီးအတွင်းရှိ ဥပဒေရုံးများမှ ဥပဒေအရာရှိ စုစုပေါင်း ၆၅ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြပြီး အဆိုပါ ဆန်းစစ်ချက်ဖြေဆိုနေမှုကို မကွေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးတင့်ဝေ၊ တိုင်းဒေသကြီး ဥပဒေအရာရှိဒေါ်မိသန္တာမြင့်တို့က ကြည့်ရှုစစ်ဆေးပြီး မကွေးတိုင်းဒေသကြီး ဥပဒေချုပ်က ဥပဒေအရာရှိများအနေဖြင့် ဥပဒေအရာရှိကျင့်ဝတ်ကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစေရန်နှင့် မျှတသော တရားစီရင်ရေးစနစ် ပေါ်ထွန်းစေရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**အောင်ကို (ပြန်/ဆက်)**

## ရေနံချောင်းတက္ကသိုလ်၌ ဒုတိယအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**ရေနံချောင်း ဖေဖော်ဝါရီ ၄**

အဆင့်မြင့်ပညာဦးစီးဌာန မကွေးတိုင်းဒေသကြီး ရေနံချောင်းတက္ကသိုလ်၌ ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ် သင်တန်းများတွင် အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဒုတိယအကြိမ် ဘွဲ့နှင်းသဘင် အခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက်မှ ၈ ရက်အထိ အဆိုပါတက္ကသိုလ်



ပတ္တမြားခန်းမ၌ ကျင်းပသည်။


ဒုတိယအကြိမ် ဘွဲ့နှင်းသဘင် အခမ်းအနားတွင် မြန်မာ့ဆိုင်းတူရိယာအဖွဲ့ဖြင့် ဘွဲ့နှင်းသဘင် အခမ်းအနား လုပ်ထုံးလုပ်နည်းများအတိုင်း ဖွင့်လှစ်ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ကျင်းပခဲ့သည့် သင်တန်းစာမေးပွဲများတွင် ကောင်းစွာ အောင်မြင်ခဲ့ပြီဟု ပညာရေးအဖွဲ့က ကြေညာပြီးဖြစ်သည့် နေ့သင်တန်းသား ဘွဲ့ရ ဦးရေ ၅၅၅ ဦးနှင့် အဝေးသင် သင်တန်းသားဘွဲ့ရဦးရေ ၁၀၆၃ ဦးတို့ကို မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့၊ သိပ္ပံဂုဏ်ထူးဘွဲ့၊ ဝိဇ္ဇာရိုးရိုးဘွဲ့၊ သိပ္ပံရိုးရိုးဘွဲ့တို့ကို ရေနံချောင်းတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာချိုချိုမြင့်က ဘွဲ့လက်မှတ်များ ပေးအပ်သည်။ **(အောက်ဝဲပုံ)**

ဘွဲ့နှင်းသဘင် အခမ်းအနားကို ဖေဖော်ဝါရီ ၂၊ ၃၊ ၆၊ ၇၊ ၈ ရက်တို့တွင် အပိုင်း နှစ်ပိုင်းခွဲ၍ ကျင်းပလျက်ရှိပြီး ရေနံချောင်းတက္ကသိုလ်အနေဖြင့် တက္ကသိုလ်သက်တမ်း သုံးနှစ်ကျော်ကာလအတွင်း ပထမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ၅၅၈ ဦးနှင့် ဒုတိယအကြိမ် ဘွဲ့နှင်းသဘင် အခမ်းအနားတွင် ၁၆၁၈ ဦးရှိပြီး ယနေ့အထိ စုစုပေါင်း ဘွဲ့ရဦးရေ ၂၁၇၆ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅-၂-၂၀၂၄ ကျပ်/လီတာ



ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၃၈ | ၂၇၂၅ |
| 95 Ron | ၂၇၆၀ | ၂၈၄၉ |
| HSD (500 ppm) | ၂၄၃၃ | ၂၅၁၁ |
| HSD (50 ppm) | ၂၄၇၆ | ၂၅၅၆ |
| HSD (10 ppm) | ၂၄၉၁ | ၂၅၇၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိတ်ဆွေပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

○ *ကျောဖုံးမှ*

ဖေဖော်ဝါရီ ၂ ရက်က ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဈေးအတွင်း၌ မသင်္ကာဖွယ် ရပ်တန့်ထားသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟု ယူဆရသော လက်ကောက်ကွင်း(ဆိုဒ်စုံ) ၇၃၀ အပါအဝင် ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၃၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Mark II တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၄၃၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဖေဖော်ဝါရီ ၂ ရက်က ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွာသာကြီး Dry Port ၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် 100% Polyester Fabric ၃၀၀၃ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၁၈၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ် (၂၆) ရပ်ကွက်၌ တရားမဝင် ကျွန်းသစ် (ပါကေးအကြမ်းတုံး) ၁ ဒသမ ၂၈၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၅၅၀၀၀) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၈၇၃၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဖေဖော်ဝါရီ ၂ ရက်က ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့ ကမေ့ကစင်ကျေးရွာအနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် ကားတာယာ (Used) ၁၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဖေဖော်ဝါရီ ၂ ရက်က ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် PVC Resin Powder ၉၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၃၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဖေဖော်ဝါရီ ၂ ရက်က အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ငါးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် Metal Studs သတ္တုချောင်းများ ၁၅၀၀၀ ကီလိုဂရမ် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဖေဖော်ဝါရီ ၂ ရက်က စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွှေဘိုမြို့ စခတ (၈) ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ်တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၈၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဖေဖော်ဝါရီ ၁ ရက်နှင့် ၂ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၄ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၈၀၂၃၉၆၆) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## သင့်ကြောင့် မီးမလောင်ပါစေနှင့်

# ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ


**ပညာရေးဝန်ကြီးဌာန**
**အခြေခံပညာဦးစီးဌာန**
**အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းသား၊ ကျောင်းသူများအားလုံး အလယ်တန်းဆင့်(Grade 9)ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များကို သင်ယူလေ့ကျင့်ခွင့်ရရှိနိုင်ရေးအတွက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ခရိုင်(၅၀) ခရိုင်ရှိ အခြေခံပညာအထက်တန်းကျောင်း (၅၁)ကျောင်းတွင် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါသည်။ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ခရိုင်(၃၄)ခရိုင်၌ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း (၃၄) ကျောင်း ထပ်မံဖွင့်လှစ်သွားမည် ဖြစ်ပါသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ဖွင့်လှစ်မည့် အဆိုပါ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများတွင် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် အထက်တန်းဆင့်သင်ယူနေစဉ်ကာလ၌ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့် အသက်မွေးဝမ်းကျောင်းအတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည့် အခွင့်အလမ်းများနှင့် အလုပ်အကိုင် အခွင့်အလမ်းများလည်း ရရှိလာမည်ဖြစ်ပါသည်။

**(အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်ပါက စိတ်ပါဝင်စားသည့် မည်သူမဆို တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။)**

သို့ဖြစ်ပါ၍ အခြေခံပညာအလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပြီး ပညာဆက်လက်သင်ယူမည့် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘပြည်သူများ သိရှိနိုင်စေရန် (၁) အခြေခံပညာ အထက်တန်းဆင့်၊ (၂) စက်မှုနည်းပညာ၊ (၃) စိုက်ပျိုးရေးအတတ်ပညာ၊ (၄) မွေးမြူရေးအတတ်ပညာ စသည့် ပညာရေးလမ်းသွယ်(၄)မျိုး ရွေးချယ်သင်ယူနိုင်မည့် အခွင့်အလမ်းများကို သတင်းကောင်းပါးအပ်ပါသည်။



**(၁) အခြေခံပညာအထက်တန်းဆင့်**

ပုံမှန်ဖွင့်လှစ်လျက်ရှိသော အခြေခံပညာအထက်တန်းကျောင်းများတွင် အခြေခံပညာအထက်တန်းဆင့် (Grade 10, Grade 11, Grade 12) ပညာသင်ကာလ (၃)နှစ် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် ၎င်းတို့သင်ယူသော ဘာသာတွဲများအလိုက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သတ်မှတ်အရည်အချင်းပြည့်မီပါက အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များဖြစ်သည့် ဆေးတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ် အစရှိသည့် တက္ကသိုလ်များ၊ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များနှင့် သိပ္ပံများသို့ တက်ရောက်နိုင်မည်ဖြစ်ပါသည်။

**(၂) စက်မှုနည်းပညာ**

စက်မှုနည်းပညာလမ်းကြောင်းတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် အထူးပြုဘာသာရပ်(၃)မျိုးဖြစ်သည့် အဆောက်အဦနည်းပညာ (Building Technology)၊ လျှပ်စစ်နည်းပညာ (Electrical Technology) နှင့် စက်ပစ္စည်းအစိတ်အပိုင်းများထုတ်လုပ်ခြင်း နည်းပညာ (Machining Technology) ဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/ လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါသည်။

စက်မှုနည်းပညာလမ်းကြောင်းတွင် တက်ရောက်သည့် ကျောင်းသားများအတွက် ဆက်လက်သင်ယူနိုင်မည့် အခွင့်အလမ်းများမှာ အထူးအောင်(Credit)ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ် (၆)နှစ်တက်ရောက်ရပြီး အင်ဂျင်နီယာဘွဲ့ (BE) ပေးအပ်သော နည်းပညာတက္ကသိုလ်များနှင့် ပညာသင်နှစ် (၄နှစ် တက်ရောက်ရပြီး နည်းပညာဘွဲ့ (B.Tech) ပေးအပ်သော အစိုးရနည်းပညာကောလိပ်များသို့လည်းကောင်း၊ အဆင့်မီ(Qualified)ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ် (၃)နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာနည်းပညာဒီပလိုမာ(AGTI Diploma) ပေးအပ်သော အစိုးရစက်မှုလက်မှုသိပ္ပံများသို့လည်းကောင်း ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာသင်တန်းကို ထူးချွန်စွာ အောင်မြင်သူများသည် အစိုးရ နည်းပညာကောလိပ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ် (ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်သူများအနေဖြင့် ပြီးမြောက်ကြောင်း အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ လေ့ကျင့်သင်ကြားပေးထားသဖြင့် ပြင်ပလုပ်ငန်းခွင်များသို့ ဝင်ရောက်ရာတွင်လည်းကောင်း၊ ကိုယ်ပိုင်လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း များစွာ အထောက်အကူရရှိစေမည်ဖြစ်ပါသည်။

**(၃) စိုက်ပျိုးရေးအတတ်ပညာ**

စိုက်ပျိုးရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် စိုက်ပျိုးရေးအတတ်ပညာဆိုင်ရာ ဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/ လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါသည်။

အထူးအောင်(Credit)ဖြင့် အောင်မြင်သူများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (Bachelor of Agricultural Science) (၅)နှစ်သင်တန်းကို တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ အဆင့်မီ(Qualified)ဖြင့် အောင်မြင်သူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်ထားသော စိုက်ပျိုးရေးသိပ္ပံကျောင်းများ၏ စိုက်ပျိုးရေးဒီပလိုမာလက်မှတ် (Diploma in Agri-culture) (၃)နှစ်သင်တန်းနှင့် အစိုးရ စက်မှုလက်မှုသိပ္ပံများ၏ အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma – Farm Machinery) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (၅)နှစ်သင်တန်း၏ တတိယနှစ်(ပထမနှစ်ဝက်)သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma – Farm Machinery) သင်တန်းကို ထူးချွန်စွာ အောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက စိုက်ပျိုးရေးအတတ်ပညာ အောင်လက်မှတ် ရရှိမည်ဖြစ်ပြီး စိုက်ပျိုးရေးနှင့် သက်ဆိုင်သော အခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ပါသည်။

**(၄) မွေးမြူရေး အတတ်ပညာ**

မွေးမြူရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် မွေးမြူရေးအတတ်ပညာဆိုင်ရာ ဘာသာရပ်များကို ပညာသင်ကာလ (၃)နှစ်တွင် စာတွေ့/လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါသည်။

အထူးအောင်(Credit)ဖြင့် အောင်မြင်သူများသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် တိရစ္ဆာန်ဆေးပညာဘွဲ့ (Doctor of Veterinary Medicine) (၆)နှစ်သင်တန်းနှင့် မွေးမြူရေးပညာဘွဲ့ (Bachelor of Animal Science) (၄)နှစ်သင်တန်းများကို တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။

အဆင့်မီ(Qualitfied)ဖြင့် အောင်မြင်သူများသည် စိုက်ပျိုးရေးသိပ္ပံများ၏ မွေးမြူရေးဒီပလိုမာ(Diploma in Animal Husbandry) (၃)နှစ်သင်တန်းနှင့် ငါးလုပ်ငန်းသိပ္ပံ၏ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာ(Diploma in Fisheries and Aquaculture) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။

မွေးမြူရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူသည် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် (၄)နှစ်သင်တန်း၏ တတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူများသည် ရန်ကုန်တက္ကသိုလ် ငါးလုပ်ငန်းဆိုင်ရာဘာသာရပ် တတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက မွေးမြူရေးအတတ်ပညာ အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး မွေးမြူရေးနှင့် သက်ဆိုင်သောအခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ပါသည်။

အလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပါက အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများတွင် တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

**၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ထပ်တိုးဖွင့်လှစ်မည့်**
**အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး**
**အထက်တန်းကျောင်း (၃၄)ကျောင်း**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | စဉ် | ခရိုင်အမည် | ခရိုင်ရုံး စိုက်ရာမြို့ | ကျောင်းတည်ရှိရာ မြို့နယ် | ကျောင်း အမည် |
|---|---|---|---|---|---|---|
| ၁ | ကချင် | ၁ | ပူတာအို | ပူတာအို | ပူတာအို | အထက-ဒုတ္တန် |
| ၂ | တနင်္သာရီ | ၂ | ကော့သောင်း | ကော့သောင်း | ကော့သောင်း | အထက(၂) ကော့သောင်း |
| ၃ | ပဲခူး(အရှေ့) | ၃ | ညောင်လေးပင် | ညောင်လေးပင် | ကျောက်တံခါး | အထက-ပဲနွယ်ကုန်း |
| ၄ | ပဲခူး(အနောက်) | ၄ | နတ်တလင်း | နတ်တလင်း | သဲကုန်း | အထက-သဲကုန်း |

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | စဉ် | ခရိုင်အမည် | ခရိုင်ရုံး စိုက်ရာမြို့ | ကျောင်း တည်ရှိရာ မြို့နယ် | ကျောင်း အမည် |
|---|---|---|---|---|---|---|
| ၅ | မကွေး | ၅ | ချောက် | ချောက် | ချောက် | အထက- ဝွေးချို |
| ၆ | မန္တလေး | ၆ | မဟာ အောင်မြေ | ချမ်းမြသာစည် | ပြည်ကြီးတံခွန် | အထက(၂၇) |
| | | ၇ | အမရပူရ | အမရပူရ | အမရပူရ | အထက- ပလစ(၂) |
| | | ၈ | တံတားဦး | တံတားဦး | တံတားဦး | အထက- တံတားဦး |
| | | ၉ | မြင်းခြံ | မြင်းခြံ | မြင်းခြံ | အထက(၃) |
| | | ၁၀ | ပြင်ဦးလွင် | ပြင်ဦးလွင် | ပြင်ဦးလွင် | အထက(ခွဲ) အလက-၁ |
| ၇ | မွန် | ၁၁ | မော်လမြိုင် | မော်လမြိုင် | ချောင်းဆုံ | အထက-ရွာလွတ်၊ ချောင်းဆုံ |
| | | ၁၂ | ကျိုက်ထို | ကျိုက်ထို | ကျိုက်ထို | အထက(၂) |
| ၈ | ရခိုင် | ၁၃ | ကျောက်ဖြူ | ကျောက်ဖြူ | ကျောက်ဖြူ | အထက(၃) |
| | | ၁၄ | တောင်ကုတ် | တောင်ကုတ် | တောင်ကုတ် | အထက(၁)၊ တောင်ကုတ် |
| ၉ | ရန်ကုန် | ၁၅ | အင်းစိန် | အင်းစိန် | အင်းစိန် | အထက(၇) |
| | | ၁၆ | တိုက်ကြီး | တိုက်ကြီး | တိုက်ကြီး | အထက - တိုက်ကြီး |
| | | ၁၇ | မင်္ဂလာဒုံ | မင်္ဂလာဒုံ | မင်္ဂလာဒုံ | အထက(၄) |
| | | ၁၈ | သဃ်န်းကျွန်း | သဃ်န်းကျွန်း | သဃ်န်းကျွန်း | အထက- သုဝဏ္ဏ |
| | | ၁၉ | ဗိုလ်တထောင် | ဗိုလ်တထောင် | သာကေတ | အထက(၂) |
| | | ၂၀ | သန်လျင် | သန်လျင် | သန်လျင် | အထက - ဖားကူး |
| | | ၂၁ | မရမ်းကုန်း | မရမ်းကုန်း | မြောက်ဥက္ကလာ | အထက(၆) |
| ၁၀ | ရှမ်း(တောင်) | ၂၂ | ကလော | ကလော | ကလော | အထက(၇)၊ အင်းခေါင်း |
| | | ၂၃ | လွိုင်လင် | လွိုင်လင် | လွိုင်လင် | အထက(၁) ပင်လုံ |
| | | ၂၄ | နမ့်စန် | နမ့်စန် | နမ့်စန်(တ) | အထက(ခွဲ) လေတပ် |
| | | ၂၅ | လင်းခေး | လင်းခေး | လင်းခေး | အထက (ဝမ်ဟတ်) |
| ၁၁ | ရှမ်း(ရှေ့) | ၂၆ | မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် | အထက(ခွဲ)၊ အလက(၂) |
| | | ၂၇ | မိုင်းတုံ | မိုင်းတုံ | မိုင်းတုံ | အထက- နားကောင်းမူး |
| | | ၂၈ | မိုင်းယောင်း | မိုင်းယောင်း | မိုင်းယောင်း | အလက (တပ်တွင်း) |
| ၁၂ | ဧရာဝတီ | ၂၉ | ကျုံပျော် | ကျုံပျော် | ကျုံပျော် | အထက(၂) ကျုံပျော် |
| | | ၃၀ | ဟင်္သာတ | ဟင်္သာတ | ဟင်္သာတ | အထက- နတ်မော် |
| | | ၃၁ | မြောင်းမြ | မြောင်းမြ | မြောင်းမြ | အထက- ဂုန်နီ |
| | | ၃၂ | လပွတ္တာ | လပွတ္တာ | လပွတ္တာ | အထက(၃)မိုင် |
| ၁၃ | နေပြည်တော် | ၃၃ | လယ်ဝေး | လယ်ဝေး | လယ်ဝေး | အထက- ပျံချီ |
| | | ၃၄ | ဥတ္တရ | ဥတ္တရသီရိ | တပ်ကုန်း | အထက-MRTV |


"အဂတိပပယ်နှာ ပြည်သာယာ"
Remove Corruption, Promote Prosperity

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း သတင်းမှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေး အဖွဲ့နှင့် စုံစမ်းစစ်ဆေးရေး အဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓါတ်ပုံ၊ အသံဖိုင်၊ ဗွီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သိက္ခာကျဆင်းစေရန် တမင်ပြုလုပ် တိုင်ကြားပါက ဥပဒေပုဒ်မ ၅၅ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆) ဇေယျာသုခလမ်း ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
စာတိုက်သေတ္တာအမှတ် (၁၄၄)
ဖုန်းနံပါတ် ၀၆၇-၃၀၀၃၄၃၄၊ ၀၆၇-၃၀၀၃၄၃၄
Email Address - accm@accm.gov.mm ၊
Website Address - http://www.accm.gov.mm


## မင်္ဂလာဒုံမြို့နယ်၌ စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီဝင်များ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၄

ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီဝင် (ခရိုင်တာဝန်ခံ)နှင့် မင်္ဂလာဒုံမြို့နယ် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဝင်များ တွေ့ဆုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၉ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



တွေ့ဆုံပွဲ၌ တိုင်းကော်မတီဝင် ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး) က မြို့နယ်စာကြည့်တိုက်များ ပွင့်လင်းရာသီတွင် ဘက်စုံဖြုပြင်ရေး၊ စာဖတ်ရှိန် မြှင့်တင်ရေး၊ စာတတ်သူများ စာဖတ်ရေးနှင့် မျိုးဆက်သစ်ကလေး သူငယ်များ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကလေးစာဖတ်ခန်းများ ဖွင့်လှစ်နိုင်ရေးတို့ကို ဆွေးနွေးတင်ပြကြရန် ပြောကြားသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးအေးသိမ့်၊ တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေး ကော်မတီရုံးအဖွဲ့မှူး ဦးဝင်းသိန်းနှင့် တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ စာကြည့်တိုက်များ ရေရှည်ရှင်သန်ဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို အကြံပြုဆွေးနွေးပြောကြားပြီး တိုင်းကော်မတီဝင်က သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ မြို့နယ်စာကြည့်တိုက်များ စာရင်းတွင်ပါဝင်သော အလင်းရောင်ပုလဲ ရတနာနှင့် ငွေလဝန်းစာကြည့်တိုက်များသို့ သွားရောက်ကြည့်ရှု၍ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့သည်။ မြို့နယ် (ပြန်/ဆက်)




ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ်အတွင်း မီးဘေးအန္တရာယ် မဖြစ်ပွားစေရေးအတွက် ရပ်ကွက်များနှင့် မိုင်းစံမြို့ပေါ်ရပ်ကွက်များတွင် တစ်အိမ်တက်ဆင်း စစ်ဆေးခြင်းနှင့် မီးဘေးလုံခြုံရေး အသိပညာပေးခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးဝင်းဇင်ဖြိုးနှင့် တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၂ ရက်တွင် ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

# ပလတ်စတစ်ညစ်ညမ်းမှု တိုက်ဖျက်ဖို့ ပူးပေါင်းဖြေရှင်းဆောင်ရွက်စို့

မြန်လင်းမောင်

လက်ရှိကမ္ဘာ့ပေါ်တွင် အသုံးပြုနေသည့် ပလတ်စတစ်ရေသန့်ဘူးများတွင် ပါဝင်နေသည့် သေးငယ်သော ပလတ်စတစ်အမှုန်အမွှားအရေအတွက်သည် ယခင်ကခန့်မှန်းထားသည်ထက် အဆတစ်ရာ ပိုမိုပါဝင်နေကြောင်း အမေရိကန်အမျိုးသားသိပ္ပံအကယ်ဒမီဂျာနယ်က လေ့လာတွေ့ရှိမှု စစ်တမ်းသစ်တစ်ခုကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလ အစောပိုင်းက ဖော်ပြခဲ့သည်။





ပြုမှု (Recycling) နည်းလမ်းများမှ တစ်ဆင့်လည်း မှန်လုံအိမ်အာနိသင်ရှိ ဓာတ်ငွေ့ထုတ်လွှတ်မှုကို ဖြစ်ပေါ်စေနိုင်သည်။ ၂၀၁၉ ခုနှစ်မှာ ပလတ်စတစ်ထုတ်လုပ်မှုနှင့် ပလတ်စတစ်အမှိုက်များကို မီးရှို့မှုကြောင့် ထွက်ရှိသည့် ဓာတ်ငွေ့ပမာဏသည် ကျောက်မီးသွေး စက်ရုံ ၁၈၉ ရုံမှ ဓာတ်ငွေ့ထွက်ရှိနှုန်းနှင့် ညီမျှကြောင်း စစ်တမ်းများက ဖော်ပြသည်။

သိပ္ပံပညာရှင်များသည် မကြာသေးမီကပြုလုပ်သည့် သုတေသနစစ်တမ်းတစ်ရပ်လုပ်ဆောင်ခဲ့ရာတွင် ပျမ်းမျှရေတစ်လီတာလျှင် ပလတ်စတစ် အမှုန်အမွှားပေါင်း ၂၄၀၀၀၀ ခန့် ပါဝင်နေကြောင်း တွေ့ရှိခဲ့သဖြင့် ယခင်က ခန့်မှန်းထားသည်ထက် ၁၀ ဆမှ အဆ ၁၀၀ အကြားအထိ ပိုများနေကြောင်း စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ကြီးမားသော ပလတ်စတစ်ပစ္စည်းများမှ ကွဲထွက်သွားသည့် မိုက်ခရိုပလတ်စတစ်များကို သောက်သုံးရေနှင့် အစားအစာများထဲတွင်သာမက ယခုအခါ နေရာတိုင်းတွင် တွေ့နေရပြီး ဝင်ရိုးစွန်းဒေသများရှိ ရေခဲဖုံးတောင်တန်းတောင်ထွတ်များနှင့် ဂေဟစနစ်များထဲအထိပါ ပျံ့နှံ့တွေ့ရှိနေရပြီဖြစ်သည်။

အဆိုပါ ရလဒ်များအရ ရေသန့်တစ်လီတာလျှင် မိုက်ခရိုပလတ်စတစ်နှင့် နာနိုပလတ်စတစ်အမှုန်အမွှားပေါင်း ၁၁၀၀၀၀ မှ ၃၇၀၀၀၀ ကြားအထိ ပါဝင်နေကြောင်းသိရသည်။ အများဆုံးပါဝင်နေသည့် ပစ္စည်းမှာ ရေကိုသန့်စင်ရန် အသုံးပြုသော ပလတ်စတစ် ရေစစ်များမှ ထွက်ပေါ်လာသည့် နိုင်လွန်များဖြစ်ကာ ဒုတိယမှာ ရေသန့်ဘူးများ ပြုလုပ်ထားသည့် polyethylene terephthalate သို့မဟုတ် PET ပလတ်စတစ်အမျိုးအစားများ ပျော်ဝင်နေကြောင်း သုတေသန ရလဒ်များက ဖော်ပြသည်။

မိုက်ခရိုပလတ်စတစ်များသည် ၅ မီလီမီတာအောက် အရွယ်အစားသတ်မှတ်ထားပြီး နာနိုပလတ်စတစ်အမှုန်များကို တစ်မိုက်ခရိုမီတာအောက် သို့မဟုတ် တစ်မီတာ၏ ဘီလီယံတစ်ရာအောက် အရွယ်အစားရှိသည့် အမှုန်အမွှားများအဖြစ် သတ်မှတ်ထားသည်။ အဆိုပါ သေးငယ်ပလတ်စတစ်အမှုန်အမွှားများသည် လူတို့၏ အစာခြေစနစ်နှင့် အဆုတ်များမှတစ်ဆင့် သွေးကြောအတွင်းသို့ တိုက်ရိုက်ဝင်ရောက်ကာ လူ့ဦးနှောက်အပါအဝင် ကိုယ်အင်္ဂါအစိတ်အပိုင်းများထံသို့ ဝင်ရောက်နိုင်သည့်အပြင် နှလုံးလမ်းကြောင်းနှင့် မမွေးဖွားရသေးသော ကလေးငယ်များ၏ ခန္ဓာကိုယ်ထဲသို့ပင် မိခင်မှတစ်ဆင့် အချင်းကိုဖြတ်ကူးဝင်ရောက်လျက်ရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည်။


> ဖြစ်လာနိုင်သည့် ကျန်းမာရေးဆိုးကျိုးများအနေဖြင့် နှလုံးသွေးကြောရောဂါ၊ အဆုတ်ပျက်စီးခြင်း၊ အစာအိမ်အူလမ်းကြောင်းနှင့်ဆိုင်သော ရောဂါများဖြစ်ခြင်း၊ အဆစ်အမျက်ရောင်ရမ်းခြင်း၊ ဟော်မုန်းပြောင်းလဲခြင်း၊ အဝလွန်ခြင်း၊ အာရုံကြော ရောဂါဖြစ်ခြင်း၊ လေဖြတ်ခြင်း၊ မျိုးပွားမှုထိခိုက်ခြင်းတို့ ဖြစ်နိုင်ကြောင်း ခန့်မှန်းထား

**လူ့ခန္ဓာကိုယ်အတွင်း မိုက်ခရိုပလတ်စတစ်များ**

ထို့ပြင် လူတစ်ဦး တစ်နှစ်လျှင် မိုက်ခရိုပလတ်စတစ်အပိုင်းအစပေါင်း တစ်သိန်းဝန်းကျင်ခန့် အစားအသောက်များ စားသောက်ရာမှတစ်ဆင့် ခန္ဓာကိုယ်တွင်းသို့ ဝင်ရောက်နေပြီး ကမ္ဘာ့လူတစ်ဦးချင်းစီတိုင်းသည် တစ်နှစ်လျှင် မိုက်ခရိုက်ပလတ်စတစ် ၂၅၀ ဂရမ်ခန့်ကို စားသုံးမိနေကြသည်ဟု ဆိုသည်။ ထိုသို့ လူ့ခန္ဓာကိုယ်အတွင်း မိုက်ခရို ပလတ်စတစ်များ ဝင်ရောက်မှုနှင့် စပ်လျဉ်း၍ ကျန်းမာသန်စွမ်းသူ ၂၂ ဦးကို စစ်ဆေးရာတွင် ၁၇ ဦး၏ သွေးထဲ၌ မိုက်ခရို ပလတ်စတစ်များ တွေ့ရှိခဲ့ရကြောင်း၊ ထို့ကြောင့် ဖြစ်လာနိုင်သည့် ကျန်းမာရေးဆိုးကျိုးများအနေဖြင့် နှလုံးသွေးကြောရောဂါ၊ အဆုတ်ပျက်စီးခြင်း၊ အစာအိမ်အူလမ်းကြောင်းနှင့် ဆိုင်သော ရောဂါများဖြစ်ခြင်း၊ အဆစ်အမျက်ရောင်ရမ်းခြင်း၊ ဟော်မုန်းပြောင်းလဲခြင်း၊ အဝလွန်ခြင်း၊ အာရုံကြောရောဂါဖြစ်ခြင်း၊ လေဖြတ်ခြင်း၊ မျိုးပွားမှု ထိခိုက်ခြင်းတို့ဖြစ်နိုင်ကြောင်း ခန့်မှန်းထားပြီး ဆက်လက်လေ့လာမှုများ ပြုလုပ်လျက်ရှိသည်။

**ရာသီဥတု ဖောက်ပြန်ခြင်း၏ အဓိကအကြောင်းအရင်း**

ပလတ်စတစ်များသည် ရေနံနှင့် သဘာဝဓာတ်ငွေ့တို့ကဲ့သို့သော ရုပ်ကြွင်းလောင်စာများမှတစ်ဆင့် ဆင်းသက်လာခြင်းဖြစ်သည်။ အမေရိကန်ပြည်ထောင်စု၌ ပလတ်စတစ်ပြုလုပ်ရန် လိုအပ်သော ကုန်ကြမ်းပစ္စည်းပြုလုပ်ရန် သဘာဝဓာတ်ငွေ့ထုတ်ယူမှုနှင့် သယ်ယူပို့ဆောင်မှုများလုပ်ဆောင်မှုမှ တစ်နှစ်လျှင် မက်ထရစ်တန်ချိန် ၁၂ ဒသမ ၅ သန်းမှ ၁၃ ဒသမ ၃ သန်းနှင့်ညီမျှသော ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များ ထုတ်လွှတ်နေကြောင်း သိရသည်။ ပလတ်စတစ်ပစ္စည်းများ ထုတ်လုပ်မှု စက်ဝန်းတွင် အဆင့် (၁) လောင်စာများ ထုတ်ယူမှု၊ (၂) သယ်ယူမှုအဆင့်ဆင့်နှင့် (၃) ပလတ်စတစ်များ ထုတ်လုပ်မှုလုပ်ငန်းစဉ် တစ်လျှောက်လုံးမှ အန္တရာယ်ဖြစ်စေသည့် ဓာတ်ငွေ့တန်ချိန် ဘီလီယံပေါင်းများစွာကို ထုတ်လွှတ်ခြင်း၊ (၄) ပလတ်စတစ်အမှိုက်မီးရှို့မှုကြောင့် အဆိပ်အတောက်များနှင့် လေထုထဲသို့ ဖန်လုံအိမ်အာနိသင်ရှိ ဓာတ်ငွေ့ (GHG) များ ထုတ်လွှတ်ခြင်းစသည့် အကျိုးဆက်များ ဖြစ်ပေါ်စေနိုင်သည့်အပြင် ပြန်လည်တီထွင်အသုံး




ဧရာဝတီမြစ်အတွင်း ပလတ်စတစ်အမှိုက်များ ညစ်ညမ်းမှုအခြေပြပုံ။

ကမ္ဘာတစ်ဝန်းတွင် ပလတ်စတစ်ထုတ်လုပ်မှုသည် တစ်နှစ်လျှင် မက်ထရစ်တန်ချိန် သန်း ၄၀၀ နီးပါးရှိပြီး နှစ်စဉ်တန်ချိန် သန်း ၃၀ ကျော်ကို သမုဒ္ဒရာ၊ ရေလမ်းကြောင်း၊ ကုန်းပေါ်၌ပါ မဆင်မခြင်စွန့်ပစ်ခြင်းများကြောင့် မလိုလားအပ်သည့် နောက်ဆက်တွဲပြဿနာများဖြစ်သည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် သမုဒ္ဒရာထဲရှိ မိုက်ခရိုပလတ်စတစ်ညစ်ညမ်းမှုများကြောင့် ပင်လယ်၊ သမုဒ္ဒရာများမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ စုပ်ယူနိုင်စွမ်းကိုလည်း ခက်ခဲစေနိုင်ကြောင်း သိရသည်။ ပလတ်စတစ်၏ ဆိုးကျိုးများသည် သဘာဝပတ်ဝန်းကျင်ရော လူသားများအတွက်ပါ ထိခိုက်စေလျက်ရှိပြီး အမေရိကန်နိုင်ငံတွင် ပလတ်စတစ်နှင့် ဆက်စပ်သည့်ကျန်းမာရေးဆိုင်ရာ ထိခိုက်မှုများကြောင့် ၂၀၁၉ ခုနှစ် တစ်နှစ်တည်းပင် အမေရိကန်ဒေါ်လာ ၂၅၀ ဘီလီယံကုန်ကျခဲ့ကြောင်း သိရသည်။ ထို့ပြင် ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာတစ်ဝန်းလုံး၌ ပလတ်စတစ်မှ ထွက်ရှိသည့် ဓာတ်ငွေ့သီးသန့် မက်ထရစ်တန် ၆၅ ဘီလီယံအထိ ထွက်နိုင်ခြေရှိသည်ဟု ဆိုသည်။

**ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ခု**

ပလတ်စတစ်ညစ်ညမ်းမှုသည် ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ခုဖြစ်လာနေခြင်းကြောင့် ကမ္ဘာ့အပူချိန်မြင့်တက်ခြင်း၏ အဓိကတရားခံဖြစ်သည့် ပလတ်စတစ်ကို အတတ်နိုင်ဆုံးလျှော့ချသုံးစွဲရေး လှုပ်ရှားမှုများကို လုပ်ဆောင်လျက်ရှိပြီး မိမိတို့နိုင်ငံတွင်လည်း ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ပလတ်စတစ်အမှိုက်လျှော့ကျစေရေးအတွက် အစိုးရဌာနဆိုင်ရာများ၊ နိုင်ငံတကာမိတ်ဖက်အဖွဲ့ အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့ပေါင်းစုံပါဝင်သည့် အပတ်စဉ်အမှိုက်သရိုက်များ ရှင်းလင်းဆောင်ရွက်သည့် အစီအစဉ်များနှင့် ပလတ်စတစ်လျှော့ချသုံးစွဲရေး အစီအစဉ်များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်ကို မြင်တွေ့ရသည်မှာ အားရဖွယ်ပင်ဖြစ်သည်။

ထို့ပြင် မိမိတို့မြန်မာနိုင်ငံအနေဖြင့် "မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာ" နှင့် "ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈–၂၀၃၀)" တွင် ရည်မှန်းချက် ပန်းတိုင် ခြောက်ခုကို အခြေခံချမှတ်ထားပြီး "ပလတ်စတစ်ညစ်ညမ်းမှု တိုက်ဖျက်ဖို့ ပူးပေါင်းဖြေရှင်းဆောင်ရွက်စို့ (Solutions to Plastic Pollution)" ဟူသည့် ၂၀၂၃ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဆောင်ပုဒ်နှင့်အညီ ပလတ်စတစ်ညစ်ညမ်းမှုကို လျှော့ကျစေရေး 3R စနစ်ဖြစ်သည့် ပလတ်စတစ်သုံးစွဲမှုကို လျှော့ချခြင်း (Reduce)၊ တစ်ခါသုံးပလတ်စတစ် သုံးစွဲမှုရှောင်ကြဉ်ပြီး ပြန်လည်အသုံးပြုခြင်း (Reuse) နှင့် စွန့်ပစ်ပလတ်စတစ်ပစ္စည်းများကို ကုန်ကြမ်းအဖြစ် ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်း (Recycle) စသည့် ရေရှည်အစီအမံများဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ပလတ်စတစ်အမှိုက်များညစ်ညမ်းမှုပြဿနာကို ရေရှည်ကိုင်တွယ်ဖြေရှင်းရေးနည်းလမ်းများဖြင့် ဆောင်ရွက်ကြရမည်ဖြစ်သည်။

ကိုးကား –

(၁) Bottled water contains hundreds of thousands of plastic bits: study

(၂) Thant Myanmar

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

MRTV

mntv

07:01 Evergreen Classic: Aemmaya (Takkatho Lae Lae)
07:18 A Journey To Southern Shan State (Ep-1)
07:31 Let's venture to a natural wonder
07:47 Myanmar Puppet
07:54 Close-Knitted Union Family
08:01 News
08:26 Global Updates; Finding space for solar panels
08:33 Marvelous Solo Cane Ball Playing
08:50 Chef Life: Zin Mon Htun
09:01 A Worth Keeping Treasure of Anyar
09:33 Inlay Traditional Cotton Clothes
09:48 Myanmar Masterclass: Artist Than Kywe
10:02 A Song for Unity

MRTV National News

Weekly Selected News

PR SYSTEM

Economic Review

Football Highlight

Weekly Sports Info

Vintage Potato Farming in Ireland

101 Futuristic Agriculture Machines That are Next Level

# တရုတ်ပညာတော်သင် မြန်မာကျောင်းသားများ၏ နှစ်သစ်ကူးစကားဝိုင်း ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၄

မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးယဉ်ကျေးမှုဌာန mecon China Media Group (CMG Myanmar)၏ တရုတ်ပညာတော်သင် မြန်မာကျောင်းသားများ၏ "နှစ်သစ်ကူးစကားဝိုင်း"ကို ယမန်နေ့က ရန်ကုန်မြို့ အလုံမြို့နယ် မင်းရဲကျော်စွာလမ်း ရန်ကုန်တရုတ်ယဉ်ကျေးမှုစင်တာ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံး ယဉ်ကျေးမှုသံမှူး၊ ရန်ကုန်တက္ကသိုလ်သမိုင်းအထူးပြု အငြိမ်းစားဌာနမှူး Dr. Margaret Vong၊ အမျိုးသားစာကြည့်တိုက်(ရန်ကုန်ညွှန်ကြားရေးမှူး) ဒေါက်တာကေသီအေး၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် တရုတ်ဘာသာဆရာမ ဒေါ်ရန်နွယ်ဆွေတို့က အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာကျောင်းသားများ၏ "နှစ်သစ်ကူးစကားဝိုင်း"တွင် ကိုကျော်ဇင်ထက်၊ မဖြိုးစုရီ၊ ကိုအောင်ပြည့်ဖြိုးဝင်း၊ ဒေါက်တာယဉ်ယဉ်ဝင်း၊ မဖြူးအိမ္ဘွေ၊ ဒေါက်တာထိုက်လွင်ကိုတို့က တရုတ်နိုင်ငံ ပညာသင်ခရီးစဉ် အကြောင်းအရာနှင့် အတွေ့အကြုံများကို ပြောကြားကြသည်။

တရုတ်-မြန်မာနှစ်နိုင်ငံသည် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးကို အခိုင်အမာတည်ထောင်ထားကြောင်း၊ နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်လာစေရန် လူမှုရေး၊ စီးပွားရေး၊ ပညာရေးစသည့် နယ်ပယ်အသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုများ များစွာပြုလုပ်ခဲ့သလို ယခုလက်ရှိတွင်လည်း ပူးပေါင်းဆောင်ရွက်မှုများ ဆက်ပြီးလုပ်ဆောင်နေဆဲဖြစ်ကြောင်း၊ တရုတ်နိုင်ငံကို သွားရောက်ပညာသင်ယူချင်သည့် မြန်မာကျောင်းသား ကျောင်းသူများအတွက် ကြုံတွေ့ရမည့် အတွေ့အကြုံများနှင့် ရရှိလာမည့်အကျိုးရလဒ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**အာကာလင်း**


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော် |
| ဘာသာပြန် စာတည်း | - | ဖြိုးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၀၄၊ စီမံ ၀၁-၅၄၄၃၀၅၊ ငွေစာရင်း ၀၁-၅၄၄၃၀၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၀၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News




စဉ့်ကူးမြို့နယ်မီးသတ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးချမ်းပြည့်ကျော် ဦးဆောင်သော သန္နေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ ရပ်ကွက်များအတွင်း မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ကြိုတင်ကာကွယ်နိုင်ရန် မီးငြိမ်းသတ်ရေးပစ္စည်းများ ဆောင်ရွက်ထားမှုကို ဖေဖော်ဝါရီ ၄ ရက်က တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေးစဉ်။ မြို့နယ်(ပြန်/ဆက်)



ဝါးခယ်မမြို့ မြို့မဈေးကြီး၌ ဖေဖော်ဝါရီ ၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှိုင်ဝင်းဟန်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတိုးနိုင်ဦးတို့ ကြီးကြပ်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက မြို့မဈေးကော်မတီဝင်များနှင့် ဈေးသူဈေးသားများအား မီးငြိမ်းသတ်ခြင်းလက်တွေ့ သရုပ်ပြသစဉ်။ မြို့နယ်(ပြန်/ဆက်)



ကျောက်မဲခရိုင် မီးသတ်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဦး၏ ကြီးကြပ်မှုဖြင့် သန္နေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ဖေဖော်ဝါရီ ၄ ရက်က ကျောက်မဲမြို့နယ်အတွင်း မီးဘေးကာကွယ်ရေးအသိပညာပေးခြင်းနှင့် နှိုးဆော်ခြင်းများ ဆောင်ရွက်စဉ်။ စိုင်း(သီပေါ)

## ယနေ့ဈေးကွက်ပေါက်ဈေးများ ၄ - ၂ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၅၅၅ ကျပ် | ၂၆၀၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၀၀ ကျပ် | ၂၆၄၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၇၆၅ ကျပ် | ၂၈၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၉၀ ကျပ် | ၂၉၄၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၆၀၀ | ၂၈၉၅ | ၂၄၉၁၁၂၀၀ |
| MTSH | ၂၉၀၀ | ၂၉၅၀ | ၁၀၄၀၇ | ၃၀၁၉၀၆၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၇၀ | ၅၆၀၀၀၀ |
| FPB | ၁၅၅၀ | ၁၅၅၀ | ၁၀၁၃ | ၁၅၇၀၁၅၀ |
| TMH | ၂၅၀၀ | ၂၄၀၀ | ၁၀၁ | ၂၄၇၅၀၀ |
| EFR | ၁၉၀၀ | ၁၉၀၀ | ၆၇ | ၁၂၇၃၀၀ |
| AHPC | ၄၇၀၀ | ၄၈၀၀ | ၃၀ | ၁၄၁၉၀၀ |
| MAEPC | ၁၇၅၀ | ၁၇၅၀ | ၆၉ | ၁၂၀၇၅၀ |

# အညာလက်ဆောင် မြန်မာ့ရိုးရာအစားအစာ မြင်းနက်ပုံးရည်ကြီး စားသောက်ကုန်လုပ်ငန်း

■ *ကိုဇော်(ခတ္တ)၊ ဒီပါလင်း*

**မြန်မာ့ရိုးရာအစားအစာတစ်ခုဖြစ်သည့် ပုံးရည်ကြီးကို အညာဒေသဖြစ်သည့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ အဓိကလုပ်ကိုင်လျက်ရှိသည်။ အထက်အညာဒေသ၏ အဓိကအမှတ်အသား အိမ်ပြန်လက်ဆောင်ဆိုလျှင်လည်း မှားမည်မဟုတ်ပေ။ ညောင်ဦးမြို့နယ်အတွင်း ပဲပိစပ်ကိုအခြေခံ၍ စားသောက်ကုန် ပုံးရည်ကြီးကို ထုတ်လုပ်ပြီး ဒေသစီးပွား၊ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေး အထောက်အကူပြု ဆောင်ရွက်လျက်ရှိသည်။**



ပုံးရည်ကြီးထုပ်များကို လေထုတ်၍ အိတ်ပိတ်နေစဉ်။

ပုံးရည်ကြီးသည် ပရိုတင်းဓာတ်၊ ဗီတာမင်ဓာတ်၊ သံဓာတ်၊ လက်စီတင်ဓာတ်များ ကြွယ်ဝစွာပါဝင်သည့်အတွက် ကျန်းမာရေးကိုလည်း အထောက်အကူပြုသည့် အစားအစာဖြစ်သည်။ ညောင်ဦးမြို့နယ်တွင် ပုံးရည်ကြီးလုပ်ငန်းလုပ်ကိုင်သူများစွာရှိသည့်အနက် ငှါသရောက်မြို့ဆည်ရွာကျေးရွာမှ ဦးမျိုးဇော်နိုင်၏ မြင်းနက်တံဆိပ် ပုံးရည်ကြီး စားသောက်ကုန်လုပ်ငန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ပုံးရည်ကြီးလုပ်ငန်းကို ၂၀၁၃ ခုနှစ်က စတင်လုပ်ကိုင်ခဲ့ပြီး ၂၀၁၄ ခုနှစ်မှစ၍ မြင်းနက်အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်ခဲ့သည်။

**ခေတ်မီစက်ကိရိယာများ အသုံးပြုထုတ်လုပ်**

စတင်ထုတ်လုပ်စဉ်က ရှေးရိုးနည်းအတိုင်း ဒန်အိုး၊ ဒယ်အိုး၊ ဖျဉ်းအိုးများဖြင့် ထင်းအသုံးပြု ကျိုချက်ခဲ့သော်လည်း ၂၀၁၆ ခုနှစ်တွင် ပေါင်းအိုး (ဘွိုင်လာ) များဖြင့် ခေတ်မီစက်ကိရိယာများ အသုံးပြုထုတ်လုပ်လာနိုင်သဖြင့် ထင်းအသုံးပြုမှုကို လျှော့ချနိုင်ပြီး သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းလာနိုင်ခြင်း၊ အချိန်ကုန် လူပင်ပန်းမှု သက်သာလာခြင်း စသည့်အကျိုးကျေးဇူးများ ခံစားရကြောင်း ဦးမျိုးဇော်နိုင်က ရှင်းပြသည်။

ပုံးရည်ကြီးကို ပဲအမျိုးမျိုးမှ ထုတ်လုပ်နိုင်သော်လည်း ပဲပိစပ်ကိုသာ အဓိကကုန်ကြမ်းအဖြစ် အသုံးပြုကြသည်။ ပဲပိစပ်ကို ပဲခူးတိုင်းဒေသကြီး သာဝတ္ထိမြို့၊ ရေတာရှည်မြို့နယ်တို့အတွင်း ပဲပေါ်ချိန် မတ်လတွင် ကြိုတင်ဝယ်ယူ သိုလှောင်ရကြောင်းသိရသည်။

ပုံးရည်ကြီးချက်လုပ်ရာတွင် ပထမဦးစွာ ပဲပိစပ်ကို ရေဖြင့်စင်ကြယ်အောင် အထပ်ထပ်ဆေးကြောရသည်။ ထို့နောက် ပဲကိုရေနှင့် ပြုတ်ရသည်။ ယခင်က ဖျဉ်းအိုး၊ ဒန်အိုး၊ ဒယ်အိုးကြီးများဖြင့် ပြုတ်သော်လည်း စီးပွားဖြစ်လုပ်ကိုင်သူများအနေဖြင့် ပေါင်းအိုး (ဘွိုင်လာ) ဖြင့် ပြုတ်ပါက နှစ်နာရီခွဲခန့်သာ ကြာမြင့်သည်။ ပဲပြုတ်ပြီးပါက ပဲပြုတ်ရည်ကိုခွဲထုတ်ပြီး ပဲပြုတ်ရည်ကို သိုလှောင်ထားရှိရသည်။ လိုချင်သည့်အရသာ (အချဉ်၊ အဆိမ့်) ပေါ်မူတည်၍ ပဲပြုတ်ရည်ကို ရက်အလိုက်ထားရှိပြီး ကျိုချက်ရကြောင်း သိရသည်။ ပေါင်းအိုးအသုံးပြုကျိုချက်ပါက တစ်နာရီခန့်အပူပေးပြီး ပုံးရည်ကြီးချက်အိုးထဲတွင် လေးနာရီခန့် ဖြည်းဖြည်းချင်းအပူပေးချက်လုပ်ရသဖြင့် အပူပေးခြင်း၊ ချက်လုပ်ခြင်းအတွက် နှစ်နာရီခန့် အချိန်ကြာမြင့်သည်။ ဖျဉ်းအိုး၊ ဒယ်အိုး၊ ဒန်အိုးဖြင့်ချက်လုပ်ပါက ခြောက်နာရီခန့် ကြာမြင့်ကြောင်း သိရသည်။

ရရှိလာသည့် ပုံးရည်ကြီးများကို အမှောင်ခန်းထဲတွင် တစ်ရက်အအေးခံ၍ သတ်မှတ်အလေးချိန်ခြင်တွယ်ပြီး အိတ်ထဲထည့်ရသည်။ ထို့နောက် လေထုတ်စက်ဖြင့်လေထုတ်ပြီး အိတ်ချုပ်ရသည်။ ဆက်လက်၍ တံဆိပ်ပါအိတ်များဖြင့် ထပ်မံချုပ်လုပ်ပြီးနောက် ငါးထုပ်ပါအိတ်များ၊ ဆယ်ထုပ်ပါအိတ်များ၊ ဘူးများစသည်ဖြင့် ဈေးကွက်တင်ပို့ရန် ပါကင်ထုပ်ရသည်။ ပါကင်များထုပ်ပြီးပါက ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ပြီဖြစ်သည်။ မြင်းနက်ပုံးရည်ကြီးကို ပုဂံ-ညောင်ဦး၊ နေပြည်တော် ရန်ကုန်၊ တနင်္သာရီ၊ မန္တလေးတိုင်းဒေသကြီးနှင့် မြစ်ကြီးနား၊ မြဝတီ၊ ကျိုင်းတုံ စသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိသည်။

> **စတင်ထုတ်လုပ်စဉ်က ရှေးရိုးနည်းအတိုင်း ဒန်အိုး၊ ဒယ်အိုး၊ ဖျဉ်းအိုးများဖြင့် ထင်းအသုံးပြု ကျိုချက်ခဲ့သော်လည်း ၂၀၁၆ ခုနှစ်တွင် ပေါင်းအိုး (ဘွိုင်လာ) များဖြင့် ခေတ်မီစက်ကိရိယာများ အသုံးပြုထုတ်လုပ်လာနိုင်သဖြင့် ထင်းအသုံးပြုမှုကို လျှော့ချနိုင်ပြီး သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းလာနိုင်ခြင်း၊ အချိန်ကုန် လူပင်ပန်းမှု သက်သာလာခြင်း စသည့်အကျိုးကျေးဇူးများ ခံစားရကြောင်း ဦးမျိုးဇော်နိုင်က ရှင်းပြသည်**

မြင်းနက်ပုံးရည်ကြီး စားသောက်ကုန်လုပ်ငန်းအနေဖြင့် ပေါင်းအိုး(ဘွိုင်လာ) စနစ်ဖြင့် ခေတ်မီစက်ကိရိယာများ အသုံးပြုထုတ်လုပ်သဖြင့် တစ်ရက်လျှင် ပုံးရည်ကြီး ပိဿာ ၅၀၀ အထိ ထုတ်လုပ်နိုင်ပြီး ဈေးကွက်အပေါ် မူတည်၍ ထုတ်လုပ်လျက်ရှိသည်ဟု သိရသည်။

မြင်းနက်ပုံးရည်ကြီး လုပ်ငန်းအနေဖြင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရေးအတွက်လည်း အထောက်အကူပြုလျက်ရှိရာ လက်ရှိတွင် အမျိုးသမီးဝန်ထမ်း ၂၈ ဦး၊ အမျိုးသားဝန်ထမ်းငါးဦးဖြင့် လုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြောင်း၊ ဝန်ထမ်းများကို ရက်မှန်ကြေးပေးခြင်း၊ တစ်နှစ်တစ်ခါ လစာတိုးပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**နိုင်ငံတော်၏ ပံ့ပိုးမှုများ**

FDA အသိအမှတ်ပြုလက်မှတ်ရရှိပြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားရှိသဖြင့် နိုင်ငံတော်မှ MSME ဖွံ့ဖြိုးတိုးတက်ရေး ချေးငွေကျပ်သိန်း ၅၀၀ ကို ၂၀၂၃ ခုနှစ်အတွင်း ရရှိခဲ့ကြောင်း သိရသည်။

နိုင်ငံတော်၏ ပံ့ပိုးမှုများနှင့်ပတ်သက်၍ "အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ငွေ (ချေးငွေ)က လုံလောက်မှု နည်းနေပါသေးတယ်။ ကုန်ကြမ်းက ပဲပေါ်ချိန် မတ်လကနေ နှစ်လအတွင်းသိုလှောင်နိုင်မှအဆင်ပြေပါတယ်။ ဒီနှစ်ဆိုရင် ပဲပိစပ်တစ်အိတ် ၂၄ ပြည်ကို ကျပ် ၁၂၀၀၀၀ ပေးရတယ်။ မသိုလှောင်နိုင်ရင် ကုန်ကြမ်းပြတ်တောက်မှုနဲ့ ကြုံရတာတွေရှိပါတယ်။ ပြီးတော့ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းတွေအတွက် ရေ၊ မီး အဆင်ပြေမယ့်နေရာတစ်ခု ဖန်တီးပေးစေချင်ပါတယ်" ဟု ဦးမျိုးဇော်နိုင်က အကြံပြုပြောကြားသည်။

မြန်မာ့လယ်ယာထွက်ကုန် ပဲပိစပ်ကိုအခြေခံ၍ စားသောက်ကုန်များကို ခေတ်နှင့်အညီ တိုးတက်သောအမြင်ဖြင့် ထုတ်လုပ်လာနိုင်ခြင်းသည် ဈေးကွက်လိုအပ်ချက်ကို အချိန်မီဖြည့်တင်းပေးနိုင်ခြင်း၊ ဒေသတွင်းစီးပွား၊ နိုင်ငံ့စီးပွား ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ကောင်းဖြစ်သကဲ့သို့ MSME လုပ်ငန်းကဏ္ဍတွင် တွေ့ကြုံရသည့်အခက်အခဲများ လျော့ကျရေး၊ နည်းပညာများရရှိရေး၊ ရင်းနှီးမြှုပ်နှံမှုများရရှိရေးတို့ကို ဆောင်ရွက်ပေးနိုင်ပါက အသေးစား၊ အငယ်စား၊ အလတ်စား (MSME) လုပ်ငန်းများသည် နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်သုံးရပ်တွင် တစ်ခုအပါအဝင်ဖြစ်သည့် "တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ (MSME) စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး" ဟူသည့်အချက်ကို အထောက်အကူပြုမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



ပုံးရည်ကြီးထုတ်လုပ်ရန် ပဲကျိုချက်သည့် ပေါင်းအိုး (ဘွိုင်လာ) များ။



ပုံးရည်ကြီးများကို တံဆိပ်ပါ ပါကင်ထုပ်များ ထုပ်နေစဉ်။

# နွေစပါးစိုက်ပျိုး ဝင်ငွေတိုး သုံးမြို့နယ် နွေစပါး အားမာန်သစ်များ

မော်ကျွန်းမြင့်အောင်

**နွေစပါးစိုက်ပျိုးခြင်းက တောင်သူများအတွက် အကျိုးများသည်။ မိုးစပါးအထွက်နှုန်းနှင့် နှိုင်းယှဉ်ကြည့်လျှင် နွေစပါးက အထွက်နှုန်းပိုသည်။ လုပ်ငန်းခွင် သာယာသည်။ နွေစပါးစိုက်ပျိုးထုတ်လုပ်သော တောင်သူများကို ဝင်ငွေတိုးတက်ရရှိစေသည်။ ထို့ကြောင့်လည်း တောင်သူများက နွေစပါးကို အားထား စိုက်ပျိုးကြခြင်းဖြစ်သည်။**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၊ ကျိုက်လတ်မြို့နယ်နှင့် ဘိုကလေးမြို့နယ်တို့အတွင်း နွေစပါးစိုက်ပျိုးပြီးစီးမှုများကို ကွင်းဆင်းလေ့လာ သတင်းစကားရယူလိုသောကြောင့် စာရေးသူတို့အဖွဲ့သည် မော်လမြိုင်ကျွန်းမြို့မှ သူငယ်ချင်း၏ မော်တော်ယာဉ်ဖြင့် ဇန်နဝါရီ ၂၀ ရက်တွင် ကွင်းဆင်းခရီးသွားရောက်ခဲ့သည်။

ဆောင်းအအေးဓာတ်နှင့်အတူ ကမ္ဘာလာစိမ်းများ ခင်းထားသည့်အလား ထင်မှတ်မှားရသည့် နွေစပါးစိုက်ခင်း တစ်မျှော်တစ်ခေါ်မြင်ကွင်းများကို ကားလမ်းဘေး ဝဲယာတစ်လျှောက်တွင် အဆက်မပြတ်တွေ့မြင်နေရသည်။ အောင်မြင်ရှင်သန်စိမ်းစိုလန်းဆန်းနေသည့် နွေစပါးစိုက်ခင်းများပင် ဖြစ်သည်။



ကဖောင်းကျေးရွာ မျိုးသန့်ထုတ်စိုက်ခင်းအတွင်း မျိုးကွဲပေါင်းနုတ်နေသော တောင်သူများ။

> ❂ **နွေစပါးစိုက်ပျိုးလျှင် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးသုံးစွဲပါ။ သီးနှံဖျက်ပိုးမွှားအန္တရာယ် ကြိုတင်ကာကွယ်ပါ။ မျိုးကွဲပေါင်းနုတ်ပယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပါ။ စိုက်ပျိုးစနစ်ကောင်းမွန်မှန်ကန်အောင် ဆောင်ရွက်ပါ။ ဤအချက်များကို လိုက်နာဆောင်ရွက်ပါလျှင် နွေစပါးတစ်ဧကအထွက်နှုန်း တိုးတက်ထွက်ရှိလာမည် ဖြစ်ပေသည်**

**ဖျာပုံမြို့နယ် ကဖောင်းကျေးရွာသို့**

စာရေးသူတို့အဖွဲ့မှာ ဖျာပုံမြို့နယ်ဆီသို့ ဦးတည်၍ သွားရောက်နေသည်။ နှစ်နာရီခန့် မောင်းနှင်ပြီးသောအခါ ဖျာပုံမြို့နယ် ငါးမိုင်ဘဲခြံသို့ ရောက်သည်။ ထိုမှတစ်ဆင့် ကဖောင်းကျေးရွာသို့ ခရီးဆက်ကြသည်။ ကဖောင်းကျေးရွာတွင် ဖျာပုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်ဥမ္မာအေး၊ မြို့နယ်မျိုးစေ့တာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်မြတ်မြတ်မိုးနှင့် ဝန်ထမ်းများ၊ မှော်ဘီ (၃) မျိုးသန့်ထုတ်စိုက် တောင်သူဦးသိန်းနိုင်နှင့် တောင်သူများက အပြုံးကိုယ်စီဖြင့် ဆီးကြိုနှုတ်ဆက်ကြသည်။

ကဖောင်းကျေးရွာ မှော်ဘီ(၃) မျိုးသန့်ထုတ်စိုက်ခင်းအတွင်းသို့ လှမ်းဝင်လိုက်သည်နှင့် စိမ်းစိုလန်းဆန်းနေသော ၁၇ ရက်သား နွေစပါးပင်ပျိုလေးများကို တွေ့ရသည်။ အောင်မြင်ရှင်သန်နေသည့် နွေစပါးမျိုးသန့်ထုတ်စိုက်ခင်းမှာ အားရစရာပင်။

ကဖောင်းကျေးရွာ နွေစပါးမျိုးသန့်ထုတ်စိုက်ခင်းမှ တောင်သူဦးသိန်းလှိုင်က နွေစပါးမျိုးသန့်ထုတ် စိုက်ပျိုးခြင်းကြောင့် ရရှိလာသော အကျိုးကျေးဇူးများနှင့် ဝင်ငွေတိုးတက်ရရှိလာပုံများကို ခရီးရောက်မဆိုက်ပင် အားရပါးရ ရှင်းလင်းပြောပြသည်။ ကဖောင်းကျေးရွာ မှော်ဘီ(၃) နွေစပါးမျိုးသန့်ထုတ်စိုက်ခင်းမှာ တစ်ဆက်တစ်စပ်တည်း ဧကပေါင်း ၉၈ ဧက စိုက်ပျိုးထားသည်။ မျိုးသန့်ထုတ် စိုက်ခင်းမဟုတ်သော နွေစပါးဧကမှာ စုစုပေါင်း ၂၈၂ ဧက ရှိပေသည်။

ကဖောင်းကျေးရွာ မျိုးသန့်ထုတ်စိုက်ခင်းတွင် ဒေသခံတောင်သူများက စိုက်ခင်းအတွင်းသို့ ဝင်ရောက်ပြီး မျိုးကွဲပေါင်းနုတ်နေကြသည်။ စီတန်းလျက် မျိုးကွဲပေါင်းနုတ်နေသည်မှာ ကြည့်၍ပင်ကောင်းလှသည်။ မျိုးသန့်ထုတ်စိုက်ခင်းများအတွင်း ဤသို့ မျိုးကွဲပေါင်းနုတ်ခြင်းက အဓိကလုပ်ငန်းစဉ်တစ်ခုထဲမှာ ပါဝင်သည်။ မျိုးသန့်ထုတ်တစ်ဧက အထွက်နှုန်းတိုးတက်စေရေးအတွက် မျိုးကွဲပေါင်းနုတ်ပေးကြရခြင်း ဖြစ်သည်။

ယခုအခါ စံပြတောင်သူလယ်သမားများမှာ မြို့နယ်အလိုက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက် နည်းပညာရယူကာ မျိုးသန့်ထုတ်စိုက်ခင်းများကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့အကောင်အထည်ဖော် စိုက်ပျိုးနေကြသည်။ အကြောင်းမှာ မျိုးသန့်ထုတ်စိုက်ခင်းမှထွက်ရှိသော မျိုးကောင်းမျိုးသန့်များသည် ဈေးကောင်းရသောကြောင့်ဖြစ်သည်။ စံပြတောင်သူများအနေဖြင့် မျိုးသန့်ထုတ်စိုက်ခင်းများမှ ထွက်ရှိသော မျိုးကောင်း မျိုးသန့်များကို နွေစပါးစိုက်တောင်သူများထံ တစ်ဆင့်ပြန်လည်ရောင်းချရာမှ ဝင်ငွေတိုးတက်ရရှိနိုင်ခြင်း ဖြစ်ပေသည်။

ကဖောင်းကျေးရွာ၌ ကြိုတင်ရောက်ရှိနေသော ဖျာပုံမြို့နယ် မှော်ဘီကျေးရွာမှ နွေစပါးစိုက်တောင်သူဦးထွန်းထွန်း၊ ဦးဇော်မျိုးလှိုင်တို့နှင့် တွေ့ဆုံပြီး နွေစပါးအကြောင်း သတင်းစကားမေးမြန်းခဲ့ရာ နွေစပါးစိုက်ပျိုးသဖြင့် လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှုများကို အသီးသီးရှင်းလင်းပြောပြကြသည်။

ထို့နောက်ဖျာပုံမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးက ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ဖျာပုံတစ်မြို့နယ်လုံး၌ နွေစပါးကို ကျေးရွာအုပ်စု ၄၂ စုတွင် စီမံကိန်းဝင်ဧကပေါင်း ၈၆၇၅၄ ဧကထက် ပိုမိုပြီး ဧကပေါင်း ၈၆၈၀၉ ဧကအထိ ပိုမိုစိုက်ပျိုးနိုင်ခဲ့၍ ၅၅ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ရှင်းပြသည်။

**ကျိုက်လတ်မြို့နယ် ပန်းဘဲစု စိုက်ပျိုးရေးစခန်း**

ဖျာပုံမြို့နယ် ကဖောင်းကျေးရွာမှ ကျိုက်လတ်မြို့နယ်သို့ ခရီးဆက်တော့ မွန်းတည့် ၁၂ နာရီရှိပြီဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေးက ယခင်ကနှင့်မတူ တိုးတက်ပြောင်းလဲနေသည်။ ဖျာပုံနှင့် ကျိုက်လတ်မှာ ၄၅ မိနစ်ခရီးမျှသာဖြစ်သည်။

ကျိုက်လတ်မြို့နယ်အတွင်းသို့ လှမ်းဝင်လိုက်သည်နှင့် နွေစပါးစိုက်ခင်းများကို ကားလမ်းဘေး ဝဲယာတစ်လျှောက်တွင် တွေ့ရသည်။ ကျိုက်လတ်မြို့နယ်သည် နွေစပါးစိုက်ပျိုးမှု အားကောင်းသော မြို့နယ်တစ်ခုဖြစ်သည်။ ၂၀၂၃-၂၀၂၄ နွေစပါးစိုက်ရာသီတွင် မြို့နယ်အတွင်း ကျေးရွာအုပ်စု ၈၇ အုပ်စုနှင့် မြို့မရပ်ကွက် နှစ်ခု၊ စုစုပေါင်း ရပ်ကွက်၊ ကျေးရွာအုပ်စု ၈၉ အုပ်စုတွင် နွေစပါးပင်ပျိုများကို တောင်သူများက အားမာန်အပြည့်ဖြင့် စိုက်ပျိုးထားကြသည်။ တစ်မြို့နယ်လုံး၌ ၁၃၁၀၇၅ ဧက စိုက်ပျိုးနိုင်ခဲ့၍ ယခင်နှစ်ထက် ၁၁၅ ဧက ပိုမို စိုက်ပျိုးနိုင်ခဲ့သည်။

ကျိုက်လတ်မြို့အလွန် ငါးမိနစ်ခန့်မောင်းနှင်ပြီးသောအခါ ကျိုက်လတ်မြို့နယ် မြို့မစိုက်ပျိုးရေးစခန်း ပန်းဘဲစုကျေးရွာသို့ ရောက်ရှိကြသည်။ ပန်းဘဲစုကျေးရွာ မြို့မစိုက်ပျိုးရေးစခန်းတွင် ၁၇ ရက်သားသာရှိသေးသော နွေစပါးစိုက်ခင်းများကို မြင်တွေ့ရသည်။ တစ်ကွင်းတစ်ပြင်လုံး စိမ်းစိုလန်းဆန်းကာ အောင်မြင်ရှင်သန်နေကြသည်။

ပန်းဘဲစု မြို့မစိုက်ပျိုးရေးစခန်းမှာ စခန်းကြီးဖြစ်ပြီး စခန်းနယ်မြေတစ်ခုလုံးတွင် ၁၉ အုပ်စု ပါဝင်သည်။ စခန်းနယ်မြေအတွင်း နွေစပါး ဧကပေါင်း ၂၄၄၄၇ ဧက စိုက်ပျိုးထားသည်။ ပန်းဘဲစု မြို့မစိုက်ပျိုးရေးစခန်းတွင် ကျိုက်လတ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးအောင်ဖုန်းနှင့် လက်ထောက်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်စုစုအောင်တို့က ကြိုတင်ရောက်ရှိ ဆီးကြိုနှုတ်ဆက်ကာ ကျိုက်လတ်မြို့နယ်၏ နွေစပါးစိုက်ပျိုးပြီးစီးမှုနှင့် ဆောင်းသီးနှံစိုက်ပျိုးမှုများကို ပြောပြကြသည်။

စာရေးသူတို့အဖွဲ့သည် ပန်းဘဲစုမြို့မစခန်းနယ်မြေတွင် ပန်းဘဲစု၊ လှည်းဆိပ်နှင့် တပိန်တမော ကျေးရွာများမှ နွေစပါးစံပြစိုက်တောင်သူ ကိုးဦးတို့နှင့် ထပ်မံတွေ့ဆုံပြီး နွေစပါးစိုက်ပျိုးရေးအကြောင်း၊ ဆောင်းသီးနှံစိုက်ပျိုးရေးအကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအကြောင်း စကားဝိုင်းဖွဲ့ သတင်းစကားဖလှယ်ခဲ့ကြသည်။

ထို့နောက် ကျိုက်လတ်မြို့နယ် ပန်းဘဲစုကျေးရွာမှ ဖျာပုံမြို့နယ်သို့ အပြန်လမ်းခရီးတွင် ကြုံကြိုက်သဖြင့် လောကမာန်အောင် ဖျာပုံမြောက်ပိုင်း ဘုရားကြီးနှင့် ဖျာပုံမြို့ပေါ်ရှိ ပြည်လုံးချမ်းသာ သာစည်ဘုရားကြီးတို့အား ဝင်ရောက်ဖူးမြော်ခဲ့ကြသည်။

**ဘိုကလေးမြို့နယ်မှ နွေစပါးခင်းများ**

ဖျာပုံမြို့နယ်မှ ပြန်ထွက်တော့ မွန်းလွဲ ၂ နာရီရှိပြီဖြစ်သည်။ အပြန်လမ်းတွင် စာရေးသူတို့စီးနင်းလာသော မော်တော်ယာဉ်လေးမှာ အရှိန်လျှော့၍ မောင်းနှင်လာသည်။ အလာခရီးတုန်းက ဖျာပုံမြို့နယ်သို့ ဦးတည်မောင်းနှင်နေသဖြင့် ဘိုကလေးမြို့နယ်မှ နွေစပါးခင်းများကို သတိထားပြီး မကြည့်အားခဲ့ချေ။

ယခုတော့ ကားပေါ်မှနေ၍ ဘိုကလေးမြို့နယ်မှ နွေစပါးစိုက်ခင်းများကို တဝကြီး ကြည့်ရှုခွင့်ရခဲ့သည်။ ဘိုကလေးမြို့နယ်သည် မော်လမြိုင်ကျွန်းမြို့နယ်နှင့် ထိစပ်နေသည်။ ဘိုကလေးမြို့နယ်၌ ယခုနှစ်တွင် နွေစပါး ၁၁၁၉၆၉ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။ စိုက်ပျိုးသမျှ ရှင်သန်ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်။ ကားပေါ်မှ လှမ်းကြည့်လိုက်ရသော နွေစပါးစိုက်ပျိုးပြီးစီးမှု မြင်ကွင်းများမှာ တစ်ကွင်းလုံးတစ်ပြင်လုံး နွေစပါးစိုက်ခင်းများဖြင့် ပြည့်နှက်နေသည်။ အားရစရာကောင်းလိုက်ပါဘိ။

မြန်မာနိုင်ငံသည် ဆန်စပါး အဓိကစိုက်ပျိုးသော နိုင်ငံဖြစ်သည်။ ဒေသအလိုက် တောင်သူလယ်သမားများမှာ မိုးစပါးအပြင် နွေစပါးကိုလည်း စိုက်ပျိုးကြသည်။ နွေစပါးဧကမှာ စီမံကိန်းသတ်မှတ် ဧကထက် လျော့နည်းသည်မရှိ။ စီမံကိန်းဧကထက် နှစ်စဉ် တိုးတက်စိုက်ပျိုးလျက်ရှိနေကြသည်။

တောင်သူလယ်သမားများအနေဖြင့် နွေစပါးစိုက်ပျိုးလျှင် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးသုံးစွဲပါ။ သီးနှံဖျက်ပိုးမွှားအန္တရာယ် ကြိုတင်ကာကွယ်ပါ။ မျိုးကွဲပေါင်းနုတ်ပယ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပါ။ စိုက်ပျိုးစနစ်ကောင်းမွန်မှန်ကန်အောင် ဆောင်ရွက်ပါ။ ဤအချက်များကို လိုက်နာဆောင်ရွက်ပါလျှင် နွေစပါးတစ်ဧကအထွက်နှုန်း တိုးတက်ထွက်ရှိလာမည် ဖြစ်ပေသည်။

အထူးပြုတင်ပြရလျှင် ဖျာပုံ၊ ကျိုက်လတ်နှင့် ဘိုကလေးမြို့နယ်တို့သို့ နွေစပါးစိုက်ပျိုးမှုအကြောင်း ကွင်းဆင်းသွားရောက် သတင်းစကားရယူခဲ့သော ခရီးစဉ်များသည်ကား အောင်မြင်စိုပြည်သောခရီး၊ မင်္ဂလာရှိသော ခရီးစဉ်များပင် ဖြစ်ပေသည်။ ဤသို့ အောင်မြင်ရှင်သန် စိုက်ပျိုးပြီးစီးခဲ့သော ရလဒ်ကောင်းများသည်ကား ဖျာပုံ၊ ကျိုက်လတ်နှင့် ဘိုကလေးမြို့နယ်တို့မှ နွေစပါးတောင်သူများ၏ အားမာန်အပြည့်ဖြင့် ကြိုးပမ်းစိုက်ပျိုးအားထုတ်မှု၏ အောင်ပွဲများသာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။





ကျိုက်လတ်မြို့နယ် ပန်းဘဲစု မြို့မစိုက်ပျိုးရေးစခန်း၌ စိုက်ပျိုးထားသော နွေစပါးမျိုးစေ့ထုတ် စံပြစိုက်ခင်းများ။

# (တတိယအကြိမ်)မြန်မာ့နွားသိုးမျိုးအလှ၊ နို့စားနွား၊ အသားတိုးနွားနှင့် ဆိတ်မျိုးအလှပြပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၄**

(၇၇) နှစ်မြောက်ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူး၍ တိုင်းဒေသကြီးမွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကျင်းပသော (တတိယအကြိမ်) မြန်မာ့နွားသိုးမျိုးအလှ၊ နို့စားနွား၊ အသားတိုးနွားနှင့် ဆိတ်မျိုးအလှပြပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ဝက်မွေးမြူရေးခြံရှေ့ ကွင်းပြင်၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားရာ မိမိတို့၏ တိရစ္ဆာန်များဖြင့် ပြိုင်ပွဲကို စိတ်ဝင်တစား လာရောက်ယှဉ်ပြိုင်ကြသော မွေးမြူရေးသမားများနှင့် ပြခန်းများ ခင်းကျင်းပြသပေးခဲ့ကြသော ကုမ္ပဏီများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ နောင်တွင်လည်း ပိုမိုကောင်းမွန်ပြီး ထုတ်လုပ်မှုအားကောင်းသော မျိုးကောင်းမျိုးသန့်များကို မွေးမြူ၍ မွေးမြူရေးကဏ္ဍ တိုးတက်အောင်မြင်အောင် ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲတွင် မြန်မာ့နွားသိုးမျိုးအလှ ၄၃ ကောင်၊ နို့စားနွားအတွဲ ၁၃ တွဲ၊ နွားမတမ်းအကောင် ၂၀၊ အသားတိုးနွားအထီးအကောင် ၂၀ နှင့် အမ ၁၁ ကောင်၊ ဆိတ်အလှမျိုး အထီး ၂၃ ကောင်နှင့် အမ ၁၅ ကောင် စုစုပေါင်း နွား ၁၀၇ ကောင်၊ ဆိတ် ၃၈ ကောင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အဆိုပါပြိုင်ပွဲအမျိုးအစား ခုနစ်မျိုးမှ ပထမဆု၊ ဒုတိယဆု၊ တတိယဆုများနှင့် ပြိုင်ပွဲတစ်မျိုးစီအတွက် နှစ်သိမ့်ဆု သုံးဆုနှုန်းဖြင့် စုစုပေါင်း ၄၂ ဆုအတွက် ဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက တိရစ္ဆာန်မွေးမြူသူ ပိုင်ရှင်များအား ချီးမြှင့်ပေးအပ်ကြသည်။



ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက ဆုရတိရစ္ဆာန်များနှင့် ပြခန်းများအား လှည့်လည်ကြည့်ရှုကြသည်။ (ဓာတ်ပုံ)

အဆိုပါ(တတိယအကြိမ်)မြန်မာ့နွားသိုးမျိုးအလှ၊ နို့စားနွား၊ အသားတိုးနွားနှင့် ဆိတ်မျိုးအလှပြပြိုင်ပွဲကို ဖေဖော်ဝါရီ ၃ ရက်က တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အလွတ်တန်း အမျိုးသား၊ အမျိုးသမီး ဘိလိယက်နှင့် စနူကာပြိုင်ပွဲ အားကစားသမား ၁၀၀ ကျော် ယှဉ်ပြိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၄**

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အလွတ်တန်း အမျိုးသား၊ အမျိုးသမီး ဘိလိယက်နှင့် စနူကာ ပြိုင်ပွဲများကို ယနေ့မွန်းလွဲပိုင်းက သတ်မှတ်ထားသည့် အားကစားခန်းမ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များကို ရန်ကုန်မြို့ လသာမြို့နယ် သံဈေးတတိယထပ်ရှိ Urban Cue ဘိလိယက်အားကစားခန်းမ၌ စနူကာပြိုင်ပွဲများကိုလည်းကောင်း၊ ဘိလိယက်နှင့် 9Ball ပြိုင်ပွဲများကို ဗိုလ်တထောင်မြို့နယ် ၄၈ လမ်းရှိ URBAN ASIA ၊ Urban Cue ဘိလိယက်အားကစားခန်းမ၌ လည်းကောင်း ကျင်းပသည်။

"ဒီပြိုင်ပွဲက ပြည်နယ်နှင့် တိုင်းဒေသကြီးအတွက် ရွေးချယ်ပွဲကျင်းပတာပါ။ ပထမ၊ ဒုတိယ၊ တတိယ ရရှိတဲ့ ကစားသမားတွေကို ထပ်မံရွေးချယ်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွက် ရွေးချယ်သွားမှာ ဖြစ်ပါတယ်။ ပြိုင်ပွဲမှာ လက်ရွေးစင်က ကစားသမားမှလွဲ၍ ဝင်ရောက်ယှဉ်ပြိုင်ကြပါတယ်။ ဒါကြောင့် ဘိလိယက်နဲ့ စနူကာက နိုင်ငံတော်အတွက် ဆုတံဆိပ်များ ဆွတ်ခူးပေးနိုင်ခဲ့ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးကျော်နိုင်ဦးက ပြောသည်။



အမျိုးသားတစ်ဦးချင်း ဘိလိယက်ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



အမျိုးသမီးတစ်ဦးချင်း 9 Ball ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။

ယင်းပြိုင်ပွဲသို့ မြို့နယ်ပေါင်း ၃၇ မြို့နယ်မှ ဘိလိယက်နှင့်စနူကာ၊ 9 Ball Pool ကစားသမား စုစုပေါင်း ၁၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဖေဖော်ဝါရီ ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

# မန်ယူတို့ အိမ်ကွင်း၌ ဝက်စ်ဟမ်းကို ဂိုးပြတ်နိုင်ပြီး ချယ်ဆီးတို့ အိမ်ကွင်း၌ ဝုလ်ဖ်ကို ရှုံးနိမ့်

ပရီမီယာလိဂ် ပွဲစဉ် (၂၃) အဖြစ် ဖေဖော်ဝါရီ ၄ ရက်က ယှဉ်ပြိုင်သည့် မန်ယူနှင့် ဝက်စ်ဟမ်းတို့ပွဲတွင် မန်ယူက သုံးဂိုး - ဂိုးမရှိဖြင့် ဂိုးပြတ် အနိုင်ရရှိခဲ့သည်။

ယခုပွဲတွင် မန်ယူလူငယ်ကစားသမားများ ခြေစွမ်းပြခဲ့ပြီး မန်ယူအတွက်



အဖွင့်ဂိုးကို ၂၃ မိနစ်တွင် ဟွိုက်လန်းက သွင်းယူပေးကာ ယနေ့ပွဲတွင် ခြေစွမ်းပြသည့် ဂါနာချိုက ၄၉ မိနစ်နှင့် ၈၄ မိနစ်တွင် သွင်းယူပေးသည်။ မန်ယူတို့ ယခုပွဲအပြီး ၂၃ ပွဲကစား ၃၈ မှတ် ရရှိထားသည်။

### ဗီလာ ဂိုးပြတ်နိုင်

ယနေ့ ယှဉ်ပြိုင်သည့် အခြားပွဲစဉ်များတွင် ရက်ဖီးကို ဗီလာက ငါးဂိုး- ဂိုးမရှိဖြင့် ဂိုးပြတ်နိုင်ပြီး ဘုန်းမောက်နှင့် နော့တင်ဟမ် တစ်ဂိုးစီ သရေကျသည်။ ဝုလ်ဖ်က ချယ်ဆီးအိမ်ကွင်း၌ လေးဂိုး - နှစ်ဂိုးဖြင့် အနိုင်ရသည်။

### နယူးကာဆယ်နှင့် လူတန် သရေပွဲဖြစ်

ဖေဖော်ဝါရီ ၃ ရက် ပွဲစဉ်များတွင် အဲဗာတန်နှင့် စပါး နှစ်ဂိုးစီသရေ၊ ဘရိုက်တန်က ပဲလေ့စ်ကို လေးဂိုး - တစ်ဂိုးဖြင့် အနိုင်ရသည်။ ဘန်လေနှင့် ဖူလ်ဟမ်တို့ပွဲတွင် နှစ်ဂိုးစီ သရေကျခဲ့ပြီး နယူးကာဆယ်နှင့် လူတန်တို့ပွဲမှာ အပြိုင်အဆိုင် ဂိုးသွင်းကြပြီး လေးဂိုးစီ သရေပွဲ ဖြစ်ခဲ့သည်။

**အောင်ဇော်**




**အမည်ပြောင်းနှင့် မှတ်ပုံတင်အမှန်**

ဦးဝင်းမြတ်၏သား မြိတ်မြို့၊ မြင်းမိုရ် ကိုယ်ပိုင်အထက်တန်းကျောင်း KGတန်းမှမောင်သျှံဘုန်းထိုက်အား ယနေ့မှစ၍ မောင်သျှံဟိန်းထိုက်ဟု ပြောင်းလဲခေါ်ဆိုပါရန်နှင့် မောင်သျှံဟိန်းထိုက်၏ဖခင် ဦးဝင်းမြတ်၏မှတ်ပုံတင်အမှန်မှာ ၆/မမန (နိုင်)၁၁၈၃၆၁ ဖြစ်ပါကြောင်း။

မောင်သျှံဟိန်းထိုက်

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 6N/2810၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(မြိတ်)

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း**

ယာဉ်အမှတ် 1L/2865 ၏မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မှာ ပျက်စီးသွားပါသဖြင့် ကညန(ရန်ကုန်ရုံး)တွင် မိတ္တူထုတ်ပေးရန်အသစ် ပြန်လည်လျှောက်ထားခြင်းအား သတင်းစာအတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာပြီး ရုံးအမိန့် အမှတ်လုပ်ငန်း ၃၈/၉၉အရ ကမ-၃ အမှတ်(၂၀၇၈၁၅၀) ပျက်စီးမိတ္တူအား ပြန်လည်ထုတ်ယူထားပြီးဖြစ်ပါသည်။အဆိုပါ 1L/2865 မော်တော်ယာဉ်မှာ အရောင်း/အဝယ်ပြုလုပ်မည်ဖြစ်ပါသဖြင့် ဖော်ပြပါ မော်တော်ယာဉ်ရောင်း/ဝယ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားများဖြင့် ကြော်ငြာပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ဒုတိယအကြိမ် လာရောက်ထပ်မံကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကိုကျော်ဆန်းမိုး-မသီတာမိုး
အမှတ်(၁၈၇/၁၈၆)၊ဘုရားကိုင်လမ်းမကြီး၊ ကြောင်ငယ်လမ်းထိပ်၊ ဓမ္မာရုံအနီး၊ မြိတ်မြို့၊ဖုန်း-၀၉-၄၁၀၀၅၈၈၃

**ပတ်စ်ပို့ပျောက်**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်နေ ဦးဆန်းညွန့်၏သား မောင်ဟိန်းမြတ်သူ ၅/ရဘန(နိုင်)၂၂၃၃၆၀ ၏ နိုင်ငံကူးလက်မှတ် MF 992261 မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၈၈၉၈၅၅၅

**မိခင်အမည်မှန်**

မအူပင်မြို့၊ ပညာခေတ် ကိုယ်ပိုင် အထက်တန်းကျောင်း KGတန်းမှ မသက်စုနိုင်၏ မိခင်အမည်မှန်မှာ ဒေါ်တင်တင်အေး ၁၄/မအပ(နိုင်) ၁၇၉၅၁၄ ဖြစ်ပါကြောင်း။

ဒေါ်တင်တင်အေး

**အများသိစေရန်ကြေငြာခြင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-(၄၉)၊ မြေကွက်အမှတ်-(၃၇၆)၊ ဒေါ်ချိုချိုသန်းအမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်၊ အကျယ်အဝန်း-(၄၄ပေ-၆၀ပေ)အား အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်ချိုချိုသန်း (၆/ထဝန(နိုင်)၀၇၇၉၆၁)ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက စရံငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းများဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေငြာအပ်ပါသည်။

ရုံး/အိမ်(နံနက်-၉နာရီမှညနေ၅နာရီ)
အမှတ်(ပ-၅၂)၊ ပြည်ထောင်စုလမ်း၊ (၃၈)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-(၀၉)-၇၈-၀၆၇-၃၀၆၇

လွှဲအပ်ညွှန်ကြားချက်အရ
ဦးတင်ထူးလှိုင်
အထက်တန်းရှေ့နေ
စဉ်-၂၄၂၆၂

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၅၀ယ/၄၅၂၇၆, Honda Click-125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးညီသူရိန်သန့် ၆/မမန(နိုင်)၂၆၉၃၈၂က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မြိတ်)

**ဖခင် အမည်မှန်**

ပြင်ဦးလွင်မြို့၊ အနီးစခန်း၊ အောင်ပန်းတိုင်ကိုယ်ပိုင်အထက်တန်းကျောင်း Grade-9 မှ မောင်မင်းသန့်မောင်မောင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမောင်မောင်သန်း ၉/မမန(နိုင်)၀၇၁၉၄၀ ဖြစ်ပါကြောင်း။

ဦးမောင်မောင်သန်း

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/55077, Canda-125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းလင်း ၉/နထက(နိုင်)၀၄၂၁၁၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SGG/16672, Yamaha DT-125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကေသီမိုးဝေ ၅/စကန(နိုင်)၂၂၀၅၉၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(စစ်ကိုင်း)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်45W/13642, Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ Thiri Tay Za Min Co.,Ltd က ကမ-၃ ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1Q/5614, SOJEN LFT-10315CGI,Pick up (4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးရဲမြင့်ထွန်း ၁၄/ညတန(နိုင်) ၀၀၂၆၀၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 50W/25386, Canda-110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်တင့် ၉/မထလ(နိုင်) ၀၈၀၈၆၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မိတ္ထီလာမြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၇ယ/၄၆၈၇၀, Yamaha FZ 150 M/Cယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင် ၉/မရမ(နိုင်) ၀၃၀၈၄၂က ကမ-၃ ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

# ကန့်ကွက်နိုင်ပါကြောင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မရမ်းကုန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၅၁/မရမ်းကုန်း)၊ ဦးပိုင်အမှတ် (၉၁)၊ ဧရိယာ၀.၀၈၉ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၂၁)၊ ရတနာလမ်း၊ မရမ်းကုန်းရပ်ကွက်၊ မော်လမြိုင်မြို့ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များအရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ဖြစ်သူ ဦးကျော်သူထွန်း ၁၀/မလမ(နိုင်)၁၃၈၅၇၂နှင့် ဒေါ်သူဇာလွင် ၁၀/မလမ(နိုင်)၁၃၈၈၅၈ တို့သည် ယနေ့အချိန်အထိ မိမိတို့မှသာလျှင် လက်ဝယ်လက်ရှိပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါကစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာ ပါသည့်ရက်မှစ၍(၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိ ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဒေါ်တင်ဇာလွင်(LL.B)
